# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၁၀ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၁၉၃)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုယ်ခံအားအကြောင်းနှင့် စားနပ်ရိက္ခာ ကူညီဖြန့်ဖြူးမှု အစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းစကားပါးရေးသား



နေပြည်တော် မေ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုယ်ခံအားအကြောင်းနှင့် စားနပ်ရိက္ခာ ကူညီဖြန့်ဖြူးမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ယနေ့တွင် ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာ၌ အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

"ကိုယ်ခံအား" ဆိုတဲ့ စာသားလေး ခုတလော ခဏခဏ ခေါင်းထဲရောက်လာပါတယ်။ COVID-19 ကြောင့် ကျွန်မတို့ ပြည်သူ (၃)ဦး ဆုံးပါးသွားရှာပါပြီ။ ကွယ်လွန်သွားသူ (၃)ဦးလုံး ရောဂါအခံတွေ ရှိကြပါတယ်။ ဒါ့ကြောင့် COVID ကို တွန်းလှန်ဖို့ အားနည်းသွားပါတယ်။ ကိုယ်ခံအားနည်းတယ်ဆိုတဲ့ သဘောပါ။ ရောဂါအခံရှိသူတွေ၊ သက်ကြီး ရွယ်အိုတွေ ကိုယ်ခံအားနည်းတယ်လို့ သိနေကြမယ်လို့ ထင်ပါတယ်။

အနေအထိုင်၊ အစားအသောက် မဆင်ခြင်ရင်လည်း ကိုယ်ခံအားကျနိုင်တယ်ဆိုတာ မမေ့ကြပါနဲ့။ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ။ ပြည်သူတစ်ဦးချင်းဟာ နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ ပြည်သူတွေရဲ့ စုပေါင်းအင်အားက နိုင်ငံရဲ့ ကိုယ်ခံစွမ်းအားပါဘဲ။

*စာမျက်နှာ ၃ ကော်လံ ၁*

**"ရိက္ခာဖြန့်ဖြူးရေးအစီအစဉ် အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြပါ။ စေတနာဟာ ဝေဒနာ မဖြစ်စေအောင်၊ စည်းစနစ်နဲ့ လောဘ ဒေါသတွေကို ဟန့်တားပေးကြပါ။ လိုအပ်နေသူ မည်သူကိုမှ မချန်ထားပါဘူး။ စောင့်ရတာလေးတွေရှိရင် သည်းခံစိတ်ရှည်ပေးကြပါ"**

**ကနေ့ဒါ လေကြောင်းလိုင်းက ကိုဗစ် - ၁၉ ကျရောက်မှုကြောင့် အလုပ်ဖြုတ်ခဲ့ရသည့် ဝန်ထမ်းပေါင်း ၁၆၅၀၀ ကို အလုပ်ပြန်ခန့်မည်**

စာ ၁၃

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၅

## COVID – 19 Fund မှ ပထမအသုတ်အဖြစ် လုပ်ငန်း ၈၈ ခုအား ချေးငွေထုတ်ယူခွင့်ပြု

နေပြည်တော် မေ ၉

Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့်လုပ်ငန်းများအနက် ပထမအသုတ်အဖြစ် လုပ်ငန်း (၈၈) ခုကို COVID -19 Fund မှ ချေးငွေထုတ်ယူခွင့် ပြုလိုက်ကြောင်း စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန် ၉-၅-၂၀၂၀

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |




မြန်မာ့အလင်း

# တစ်ဦးချင်းမှသည် ပြည်သူအားလုံးအတွက်

ရောဂါဘယကင်းဝေးရေး၊ ကောင်းမွန်သော ကျန်းမာရေးနှင့် ပတ်သက်သည့် ဆိုရိုးစကားတစ်ခုမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြစ်၏။ လူ့ဘဝဆိုသည်မှာ ကံက ပေးသလောက်သာ အသက်ရှင် နေထိုင်ခွင့်ရသည်ဟု ဆို၏။ သို့သော်လည်း ထိုကံဟူသည့်ကိစ္စတွင် မိမိတို့ နေ့စဉ်ဘဝမှာ မည်သို့ပြုမူနေထိုင်ကြသည်နည်းဆိုသည့် အလုပ်နှင့်လည်း ဆိုင်၏။ ကံကပေးသလောက် အပြည့်အဝရှင်သန်နိုင်ရေးတွင် မိမိတို့ ယခင့်ယခင်က ပြုမူနေထိုင်စားသောက်ခဲ့သည့် ဘဝနေမှုပုံစံ အကြောင်းရင်းခံတို့နှင့်လည်း ဆိုင်၏။ ယခု လတ်တလော မည်သို့ ပြုမူစားသောက်နေထိုင်သည် ဆိုသည်နှင့်ကမူ ပိုလို့ပင် ဆိုင်ဦးမည်။ အထိုင်များသည်လား၊ လေ့ကျင့်ခန်းမှန်မှန် လုပ်သည်လား၊ ဣရိယာပုတ်မျှတသည်လား၊ အအိပ်အနေမှန်သည်လားက အစ။

ဤမျှမက စိတ်ကို မည်သို့ထားသည်နည်း။ ဖိစီးမှုတွေ များနေသည်လား။ သောကစိတ်တွေ၊ အကုသိုလ်စိတ်တွေ များနေသည်လား။ အပျက်စိတ်တွေ၊ အညစ်စိတ်တွေ၊ သူတစ်ပါးကိုမနာလို ဝန်တိုစိတ်တွေ၊ အမှောင်ပိုင်းကိုသာ ရှုမြင်တတ်သည့် မလိုတမာစိတ်တွေ များနေသည်လား။ စိတ်ကောင်းထားနိုင်သည်လား၊ ကုသိုလ်စိတ် ပွားများနိုင်သည်လား၊ မေတ္တာစိတ်၊ ကရုဏာစိတ်၊ မုဒိတာစိတ်တို့ဖြင့် ရွှင်လန်းချမ်းမြေ့နေသည်လား။ အပြုစိတ်များသည်လား၊ အပျက်စိတ်များသည်လား၊ အပေါင်းလက္ခဏာက လွှမ်းမိုးသည်လား၊ အနုတ်လက္ခဏာ စိုးမိုးသည်လား စသည်တို့ပေါ်လည်း တည်၏။ စိတ်ထားမှန်ကန်ခြင်း၊ စိတ်ထားတတ်ခြင်း၊ သောကစိတ်နည်းပါးအောင် မွေးမြူနိုင်ခြင်းတို့က သက်ရှည်ကျန်းမာခြင်း၏ အခြေခံကျသော အကြောင်းရင်းတစ်ခုဖြစ်သည်ပင်။

ထို့နောက် မျှတသည့် ဥတုဖြစ်သည်လား၊ မည်မျှလောက် မိမိ၏ ဝန်းကျင်ကို မျှတကောင်းမွန်အောင် ဖန်တီးတည်ဆောက်နိုင်သည်လဲ။ အာဟာရပြည့်စုံလောက်ငအောင် မည်သို့ ဖြည့်ဆည်းနေသည်လဲ ဆိုတာနှင့်လည်း ဆိုင်သည်။ ယင်းက ငွေကြေးပြည့်စုံမှု တစ်ခုတည်းနှင့် ပတ်သက်သည်မဟုတ်။ ပညာဉာဏ်က ရှေ့တန်းရောက်ရပါမည်။ ရသတဏှာနောက် လိုက်နေရုံမျှဖြင့်လည်း အာဟာရက ပြည့်မည်မဟုတ်။ အသိဉာဏ်ပညာနှင့်ယှဉ်သော အာဟာရဖြည့်တင်းမှုကလည်း အရေးပါမည်သာ။

အထူးသဖြင့် ယနေ့ကြုံတွေ့နေရသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ရင်ဆိုင်ရသည့်အခါ ကိုယ်ခံအားပြည့်စုံသူတို့အဖို့ များစွာသက်သာရာရမည်ဟုဆို၏။ ကိုယ်ခံအားပြည့်စုံဖို့ဆိုသည်က အထက်တွင် ပြောခဲ့သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ်တွင်တည်မှီနေပေသည်။ နေ့စဉ် မည်သို့နေထိုင်ပြုမူကျင့်ကြံမည်နည်း၊ မည်သို့စိတ်ကို ပြုမူထားရှိမည်နည်း၊ မည်သို့ဥတုသပ္ပာယ မျှတအောင်နေကြမည်နည်း၊ မည်သို့ အာဟာရလုံလောက်အောင် ကြိုးစားဖြည့်တင်းမည်နည်း။

နိုင်ငံတစ်ခု၏ ပြည်သူ့ကျန်းမာရေးစနစ်က နိုင်ငံသားတို့၏ ကျန်းမာရေးအတွက် အထူးအရေးကြီးပါသည်။ ထို့ကြောင့်ပင် နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းထွာလျှင် နိုင်ငံသားတို့မည်မျှ ကျန်းမာသည် ဆိုခြင်းက ညွှန်းကိန်းတစ်ခုဖြစ်၏။ နိုင်ငံသားတို့အတွက် ပညာရေးဘတ်ဂျက်၊ ကျန်းမာရေးဘတ်ဂျက်တို့ကို မည်သို့ ခွဲဝေသုံးစွဲမည်လဲ ဆိုသည်က နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်အချိုးကျပါသည်။

ပြည်သူ့ကျန်းမာရေးစနစ် မြင့်မားအောင် ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိပညာမြင့်မားစေရေးကလည်း တန်းတူအရေးကြီးပါသည်။ ပြည်သူတစ်ဦးချင်း၏ ကျန်းမာရေးဆိုင်ရာ အသိပညာရှိမှုက နိုင်ငံတစ်ခုလုံး၏ ကျန်းမာရေးဆိုင်ရာကောင်းမွန်ရေးပင် ဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ၊ ကြေညာချက်များကို သိရှိနားလည်ပြီး လိုက်နာကျင့်ကြံခြင်း၊ စိတ်ကောင်းနှလုံးကောင်းပွားများကာ ကုသိုလ်စိတ်ဖြစ်စေခြင်း၊ အနေအစားမှန်၊ အာဟာရပြည့်ဝအောင် ကြိုးစားဆောက်တည်ရင်း ကိုယ်ခံအားမြင့်မားစေခြင်းတို့က ယနေ့ရင်ဆိုင်နေရသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားအောင်မြင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

တစ်ဦးချင်းအနေဖြင့် တတ်နိုင်သလောက် ဂရုစိုက်လိုက်နာ နေထိုင်ကြခြင်းဖြင့် မိမိနှင့်တကွ ပြည်သူအားလုံး၏ ကျန်းမာသက်ရှည်ရေးကို စောင့်ရှောက်နိုင်ကြပါစေသတည်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

## မူဆယ်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တရုတ်နိုင်ငံ ဝမ်တိန်မြို့ ယင်းယိကုမ္ပဏီမှ ကာလတန်ဖိုးခန့်မှန်း ၂၂၉ သိန်းကျော်ရှိ အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**ပန်ဆိုင်း မေ ၉**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်၌ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ကုသနိုင်ရန်အတွက် တရုတ်နိုင်ငံ ဝမ်တိန်မြို့ ယင်းယိကုမ္ပဏီက ကာလတန်ဖိုးခန့်မှန်း ၂၂၉ သိန်းကျော်ရှိ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို မေ ၈ ရက်က မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့ မြန်မာ – တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ် ဝမ်တိန်ဂိတ်၌ လာရောက်ပေးအပ် လှူဒါန်းသည်။ **(ယာပုံ)**




အဆိုပါ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ကုသနိုင်ရေးအတွက် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို ယင်းယိကုမ္ပဏီမှ မစ္စ တော်ရှောက်မင့် ဦးဆောင်သည့်အဖွဲ့က ပေးအပ်လှူဒါန်းခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ပန်ဆိုင်း(ကြူကုတ်) မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်နှင့် တာဝန်ရှိသူများက လက်ခံပြီး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တရုတ်နိုင်ငံ ဝမ်တိန်မြို့ ယင်းယိကုမ္ပဏီမှ မူဆယ်မြို့နယ်အတွက် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၇၀၀၀၀၊ ပိုးသတ်ဆေးလေးပုံး၊ ဆေးဖျန်းပုံး နှစ်ပုံး၊ အပူချိန်တိုင်းကိရိယာ ၁၅ ခုနှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး မူဆယ်မြို့နယ်၌ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ကုသ နိုင်ရေးအတွက် အသုံးပြုနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်လက် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်ထံမှ သိရသည်။

ဆလိုင်းဗန်ရှိုးထန်(ပြန်/ဆက်)

## ကိုဗစ် - ၁၉ ကြောင့် သင်္ကြန်အထူးရထားအစီအစဉ်ဖျက်သိမ်းပြီး ရထားခရီးစဉ်များ လျှော့ချပြေးဆွဲ

**ရန်ကုန် မေ ၉**

ကိုဗစ် – ၁၉ ရောဂါအခြေအနေများကြောင့် သင်္ကြန်အထူးရထားအစီအစဉ်များကို ဖျက်သိမ်းပြီး ရထားခရီးစဉ်များကို မေ ၁၀ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မှ တစ်ရက်လျှင် အဆန်ရထား နှစ်စင်းသာ ပြေးဆွဲကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီးက ပြောကြားသည်။

“မေ ၁၀ ရက်ကနေ ၁၉ရက်အထိရှိတဲ့ ရထားအစီအစဉ်တွေဖျက်သိမ်းပြီး အမှတ် (၁၁) အဆန် မန္တလေးနဲ့ အမှတ် (၈၉) အဆန် မော်လမြိုင်ကိုပဲထွက်တယ်။ မနက်ဖြန်ကစပြီး တစ်နေ့ ရထားနှစ်စင်းပဲ ထွက်တော့မယ်။ ရထားခရီးစဉ်အကုန်ဖျက်သိမ်းတယ်။ ပထမတော့ သင်္ကြန်အထူးရထားထွက်ဖို့ပဲ၊ အခုဖျက်သိမ်းလိုက်ပြီ။ ရှိတဲ့ရထားတွေတောင် ကျွန်တော်တို့ လျှော့ထွက်တယ်။ အဓိက ကတော့ ကိုဗစ် – ၁၉ ကြောင့် ရထားလျှော့ဆွဲတော့တာ ဖြစ်ပါတယ်” ဟု ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောသည်။

ရထားလက်မှတ်များကို ပုံမှန်ရောင်းချပေးနေပြီး မေ ၁၀ ရက်မှ ၁၉ ရက်အထိ နံနက် ၅ နာရီတွင် အမှတ် (၁၁) မန္တလေးအဆန်ရထားနှင့် နံနက် ၆ နာရီခွဲတွင် အမှတ် (၈၉) အဆန် မော်လမြိုင်ရထား နှစ်စင်းသာ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်ဝင်း

# ပြည်သူသာလျှင် အဓိက



❑ ရှေ့ဖုံးမှ

မနက်ဖြန် ကျွန်မတို့နိုင်ငံ တဝှမ်း ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားပြည်သူတွေအတွက် စားနပ်ရိက္ခာ ကူညီဖြန့်ဖြူးတဲ့ အစီစဉ် စပါမယ်။ တစ်ခါမျှ မလုပ်ဖူးတဲ့ စီမံကိန်းကြီးမျိုးပါ။ သံမဏိချိန်းကြိုးတစ်ကြိုးရဲ့ အင်အားဟာ ကြိုးရဲ့အပျော့ဆုံးကွင်းရဲ့ အားလောက်သာ ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကိုယ်ခံစွမ်းအားရဲ့ အတိုင်းအတာကို၊ အားအနည်းဆုံး ပြည်သူတွေကို စောင့်ရှောက်နိုင်တဲ့ အတိုင်းအတာက ပြပါတယ်။

ရိက္ခာဖြန့်ဖြူးရေး အစီအစဉ် အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြပါ။ စေတနာဟာ ဝေဒနာ မဖြစ်ရအောင်၊ စည်းစနစ်နဲ့ လောဘ ဒေါသတွေကို ဟန့်တားပေးကြပါ။ လိုအပ်နေသူ မည်သူကိုမျှ မချန်ထားပါဘူး။ စောင့်ရတာလေးတွေရှိရင် သည်းခံစိတ်ရှည်ပေးကြပါ။

ကျွန်မတို့ ရင်ဆိုင်ရမဲ့ စိန်ခေါ်မှုတွေကို အားလုံးအတူ နိုင်ငံရဲ့ ကိုယ်ခံအားမွေးပြီး ကျော်လွှားကြရအောင်။

ဒီ messageကို အကြွားလေးနဲ့ အဆုံးသတ်ပါရစေ။ ကျွန်မ mask ချုပ်လို့ ပြီးပါပြီ။ အောက်မှာကြည့်ပါ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| (၁) ပါမောက္ခဒေါက်တာဋ္ဌေးလှ | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၂) ပါမောက္ခဒေါက်တာလှလှဝင်း | ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် လူဇင်ဘတ် ဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီမှ စီမံကိန်းတာဝန်ခံနှင့် အဖွဲ့နှင့်ဆွေးနွေး

**နေပြည်တော် မေ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ် ဖွံ့ဖြိုးမှုအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း MYA/001 မှ ရန်ကုန်မြို့ရှိ Project Support Office မှ Chief Technical Coordinator , Mr. Geert De Bruycker နှင့် အဖွဲ့အား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ မေ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမမှ Video Conferencing ဖြင့် ချိတ်ဆက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အမှတ် ၄၀/၄၂ ၊ ဗိုလ်ဆွန်ပက်လမ်းရှိ Center for Tourism Development မြေညီထပ်ပြုပြင်မွမ်းမံမှု အခြေအနေများ၊ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၂၀-၂၀၃၀ ရေးဆွဲရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် မေလကုန်အထိ နိုင်ငံတကာအသွားအလာများ ရပ်ဆိုင်းနေပါက ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်ပင် နည်းလမ်းရှာဖွေဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကြုံတင်ကာကွယ်သည့်အနေဖြင့်သင်တန်းများကို On Campus သင်ကြားခြင်းအား ရပ်နားထားစဉ်ကာလအတွင်း Online မှတစ်ဆင့် သင်တန်းများ စီစဉ်ဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းများနှင့် အခြားဘာသာရပ်ဆိုင်ရာသင်တန်းများကို Online စနစ်ဖြင့် စဉ်ဆက်မပြတ် ပို့ချနိုင်ရေးဆိုင်ရာများကို မှာကြားခဲ့ပြီး ဒုတိယဝန်ကြီးက Online ဖြင့် သင်တန်းများပို့ချရန် ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် Center for Tourism Development ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ Mr. Geert De Bruycker မှ လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို အကြံပြု ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် လူဇင်ဘတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီမှ စီမံကိန်းတာဝန်ခံနှင့် အဖွဲ့နှင့် Video Conferencing ဖြင့် ချိတ်ဆက်ဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်

**နေပြည်တော် ဧပြီ ၉**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council) အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပြီး ယင်းအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အသီးသီးက ကိုဗစ် -၁၉ ကူးစက်ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းပြောကြားပြီးနောက် COVID-19 ကူးစက်ရောဂါဆိုင်ရာ သတင်းအချက်အလက်၊ အတွေ့အကြုံနှင့် မူဝါဒအပြောင်းအလဲများ ပုံမှန်ဖလှယ်ရေး၊ ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ COVID-19 ကူးစက်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေတစ်ရပ်ထူထောင်ရေး၊ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ်) တတိယနိုင်ငံတစ်ခုရှိ COVID-19 ရောဂါ ကူးစက်ခြင်းခံနေရသော အာဆီယံနိုင်ငံသားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက အကူအညီပေးရေး၊ COVID-19 ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှု- စီးပွား ထိခိုက်နစ်နာမှုများကို ပူးပေါင်းဖြေရှင်းရေး စသည့်ကိစ္စရပ်များအပြင် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့ကို Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့၏ ထောက်ခံတင်ပြချက်များကို အတည်ပြုခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က COVID-19 ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရကဆောင်ရွက်နေသည့် အစီအမံများ၊ COVID-19 ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခေါင်းဆောင်သည့် အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်သူအင်အားကို စုစည်းရယူ၍ ပြည်သူများအား ယင်းကူးစက်ရောဂါအကြောင်း အသိပညာပေးပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူခြင်းနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အခြေအနေများနှင့် ယင်းသို့သော တုံ့ပြန်ရေးအစီအမံများကို ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်စေဘဲ နေရပ်စွန့်ခွာသူများ၏စခန်းများ၊ ပြည်ပမှ ပြန်ရောက်လာသည့် အလုပ်သမားများအပါအဝင် အသိုက်အဝန်းအားလုံးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက COVID-19 ၏ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရာတွင် အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစွာနေရပ်ပြန်လာရေးကိစ္စအပါအဝင် နယ်စပ်ဖြတ်ကျော်သွားလာမှုကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုရေး၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြန်လာသည့် အလုပ်သမားများအား သက်ဆိုင်ရာနှစ်နိုင်ငံ ညှိနှိုင်း၍ စနစ်တကျနှင့်လုံခြုံစွာလွှဲပြောင်းရေး၊ COVID-19 ဆိုင်ရာ သတင်းအမှားများနှင့် သတင်းတုများ ပူးပေါင်းတိုက်ဖျက်ရေး၊ ပြည်သူလူထုအကြား COVID-19 ဆိုင်ရာ အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များ ဖြန့်ဝေရေး၊ ရောဂါဖြစ်ပွားနေသည့် အကျပ်အတည်းကာလတွင် အရေးကြီးသည့်ကုန်ပစ္စည်းများ၊ အထူးသဖြင့် အရေးပေါ် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အချင်းချင်း ကူညီပံ့ပိုးရေး၊ COVID-19 ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေချိန်တွင် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန် ရပ်တန့်မသွားစေဘဲ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့် ကဏ္ဍများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်ကြောင်း၊ ဆွေးနွေးခဲ့သည်။

အဆိုပါ Video Conferencing အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❒*ကျောဖုံးမှ*

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှင်းလင်းတင်ပြကြရာတွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား စစ်ဆေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လက်ရှိ သီးခြားစောင့်ကြည့်ရမည့်သူများ လက်ခံထားရှိမှုနှင့် နေထိုင်စားသောက်ရေး ဆောင်ရွက်ထားရှိမှု၊ တပ်မတော်ဆေးရုံများနှင့် အခြားအဆောက်အဦများတွင် အရေးပေါ်လူနာနှင့် အတည်ပြုလူနာများ လက်ခံကုသနိုင်ရေးဆောင်ရွက်ထားရှိမှု၊ ဆေးအကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အကူပြုပစ္စည်းများရရှိရေး ဆောင်ရွက်ထားရှိမှု ရှင်းလင်းဆွေးနွေးတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များဖြည့်ဆည်းစီစဉ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယနေ့အထိ တပ်မတော်အတွင်း ကိုဗစ် -၁၉ ရောဂါကူးစက်ခံရသူ၊ ရောဂါပိုးတွေ့ရှိသူမရှိ (မရှိ) သေးဘဲ Hospital Isolation စောင့်ကြည့်သူ တပ်မတော်သား တစ်ဦး၊ မှီခို နှစ်ဦး၊ Hospital Quarantine စောင့်ကြည့်သူ တပ်မတော်သား ၁၄ ဦး၊ မှီခို ၁၄ ဦး၊ Home Quarantine စောင့်ကြည့်သူ တပ်မတော်သား ၁၆၁ ဦး၊ မှီခို ၈၈ ဦး၊ Facility Quarantine စောင့်ကြည့်သူ တပ်မတော်သား ၄၄ ဦး၊ မှီခို ၅၅ ဦး စုစုပေါင်း ၉၉ ဦး၊ Facility Quarantine စောင့်ကြည့်ရန်အတွက် ဧပြီ ၈ ရက်အထိ ရန်ကုန်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ပြည်သူ ၁၃၂ ဦး၊ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ပြည်သူ ၂၄၂ ဦး၊ စုစုပေါင်း ပြည်သူ ၃၇၄ ဦးတို့ဖြစ်ကြောင်းနှင့် ၎င်းတို့အားလုံး၏ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာခြင်း

COVID-19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇၃-၄၁၂၇၁၂ နှင့် ၀၆၇၃-၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄)နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ် နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

# သင်္ကြန်ကာလ အသွားအလာကန့်သတ်ခြင်းအစီအစဉ်အတွင်း မဖြစ်မနေသွားလာရမည့်သူများအတွက် YBS ယာဉ်အစီးရေ ၁၀၀၀ ကျော်ဖြင့် သယ်ယူပို့ဆောင်ပေးမည်

**ရန်ကုန် ဧပြီ ၉**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသည့် သင်္ကြန်ကာလ၊ အသွားအလာ ကန့်သတ်ခြင်း အစီအစဉ်အတွင်း မဖြစ်မနေသွားလာရမည့်သူများအတွက် YBS ယာဉ်အစီးရေ ၁၀၀၀ ကျော်ဖြင့် သယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရ သည်။

“မလိုအပ်တဲ့သူတွေ အိမ်မှာနေသလို၊ လိုအပ်တဲ့အတွက် သွားလာကြတဲ့ပုဂ္ဂိုလ်တွေ သွားလာရေး အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျွန်တော်တို့ YRTA ကို တာဝန်ပေးထားပါတယ်” ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရန် ပြည်သူများ မိမိနေအိမ်တွင် နေထိုင်စဉ်ကာလ၌ မဖြစ်မနေသွားလာရမည့်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် YBS ယာဉ်လိုင်း ၈၃ လိုင်းမှ ယာဉ်အစီးရေပေါင်း ၁၀၈၆ စီးဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များကို ချိတ်ဆက် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် YBS ယာဉ်တစ်စီးကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အသွားအလာ ကန့်သတ်ခြင်း အစီအစဉ်အတွင်း ပြေးဆွဲမည့်ယာဉ်များအနက် စီအင်ဂျီအသုံးပြုယာဉ်များ၏ စီအင်ဂျီကုန်ကျစရိတ်ကို YRTA မှ စိုက်ထုတ်ကျခံပေးမည်ဖြစ်ပြီး YBS ယာဉ်လိုင်းများတွင် မှတ်ပုံတင်ထားသော ယာဉ်မောင်းပေါင်း ၈၀၀၀ကျော်ရှိသည့်အနက် သတ်မှတ်ကာလအတွင်း မောင်းနှင်ပေးမည့် ယာဉ်မောင်းများအား တစ်ဦးလျှင် ဆန်ရှစ်ပြည်နှင့် ဆီ တစ်ပိဿာကို YRTA မှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယာဉ်မောင်းများ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် နှာခေါင်းစည်းများ၊ လက်အိတ်များ၊ လက်သန့်စင်ဆေးရည်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ခရီးသွားလာမှု ကျဆင်းနေသည့်အတွက် ယာဉ်လိုင်းများမှ YRTA သို့ ပေးသွင်းလျက် ရှိသော စီမံခန့်ခွဲမှုစရိတ်တစ်နေ့ ငွေကျပ် ၄၀၀၀ ကို မတ် ၁၆ ရက်နေ့မှ ဧပြီ ၃၀ ရက်အထိ ဆိုင်းငံ့ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကူညီပံ့ပိုးထောက်ပံ့ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများမှအပ ပြည်သူများအနေဖြင့် သင်္ကြန်ကာလ ရုံးပိတ်ရက်များဖြစ်သည့် ဧပြီလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ မဖြစ်မနေဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့် အစားအသောက်ဝယ်ယူခြင်း ကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းများ မပြုလုပ်ဘဲ မိမိနေအိမ်၌သာနေထိုင်ခြင်းဖြင့် အသွားအလာကန့်သတ်ခြင်း အစီအစဉ်နှင့် လုပ်ငန်းများတွင် ပြည်သူများမှ ပူးပေါင်း ပါဝင်စေရေးအတွက် တိုက်တွန်းနှိုးဆော်ထားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – ထိန်လင်း**



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်ကောင်စီနယ်မြေရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၂)မှ တာဝန်ယူတည်ဆောက်နေသော သမ္မတရုံးဝန်ကြီးဌာန ၊ သံကူကွန်ကရစ် သုံးထပ် အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် အဆောက်အဦ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း လျာထားချက်နှင့် ပြီးစီးမှုအခြေအနေ၊ မြို့ပြ ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက်ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် အဆောက်အအုံအား အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂) အနေဖြင့် စံပြဖြစ်အောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆောင်ရွက်နေသောလုပ်သားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံကူကွန်ကရစ် သုံးထပ် အဆောက်အအုံ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်



## ကချင်ပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအားလုံးအတွက် အကျိုးဝင်သော ထောက်ပံ့ပေးမှုဖြစ်စေရေး စီမံဆောင်ရွက်သွားမည်

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ်အတွင်း အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးရာတွင် ပုံမှန်ဝင်ငွေ မရှိသော အိမ်ထောင်စုများအားလုံး အကျိုးဝင်သော ထောက်ပံ့ပေးမှု ဖြစ်စေရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က ကိုဗစ်- ၁၉ ကူးစက်ရောဂါ ပြည်နယ်အတွင်း ကူးစက်ပြန့်ပွားမှုမရှိစေရေး ကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ထိန်းချုပ်ကာကွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုံမှန်ဝင်ငွေ မရှိသော မိသားစုများအတွက် အခြေခံစားသောက်ကုန် ထောက်ပံ့မည့် အစီအစဉ်တွင် ပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားအားလုံးအတွက် အကျိုးဝင်သော ထောက်ပံ့မှုဖြစ်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်များအလိုက် စာရင်းကောက်ယူရာတွင် မိမိတို့ နိုင်ငံသားမှန်သမျှ အမှန်တကယ် လိုအပ်ချက်ရှိသည့် မိသားစုများအားလုံး ထောက်ပံ့နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။




ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် အခြေခံစားသောက်ကုန် ထောက်ပံ့မှု အစီအစဉ်အတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌတို့က ပြည်နယ်အဆင့်ကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းမှု အခြေအနေနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအတွင်း ကော်မတီရုံးဖွင့်လှစ်၍ ကိုဗစ်- ၁၉ နှင့် ပတ်သက်သည့် စီမံအုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ၊ ခရိုင်အလိုက် အခြေခံစားသောက်ကုန်များ ဖြန့်ဝေရာတွင် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက် ဩစတြေးလျနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီမည်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက် ဩစတြေးလျနိုင်ငံမှ ဩစတြေးလျဒေါ်လာ ၅၀၀၀၀၀ သို့မဟုတ် မြန်မာကျပ်ငွေ သန်း ၄၀၀ နှင့် ညီမျှသည့် Personal Protective Equipment(PPE) ဝတ်စုံများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံး၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံသို့ပေးအပ်မည့် အထောက်အကူပစ္စည်းများမှာ Surgical Masks ၃၈၀၀၀၀၊ PPE (500 full, 2000 Partial) အစုံ ၂၅၀၀၊ Examination Gloves ၂၀၀၀၀၊ Patient Monitors ၅ ခု၊ ICU Beds ၅ ခု၊ Suction Machines ၁၀ ခု၊ Syringe Pumps ၁၀ ခု၊ Oxygen Flow Meters ၁၀ ခု၊ Defibrillators ၅ ခု၊ Autoclaves ၉ ခု၊ Tracheostomy Sets ၉ စုံနှင့် Head Pendants (4 Oxygen Outlet, 2 Air Outlet, 2 Vacuum Outlet) ၁၀ စုံတို့ဖြစ်သည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ဝယ်ယူရန်နှင့် အလိုအပ်ဆုံးသောနေရာများသို့ ပေးပို့ရန်အတွက် ဩစတြေးလျနိုင်ငံအနေဖြင့် Myanmar Health and Development Consortium (MHDC)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ဗဟိုဆေးသိုလှောင်ရေးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထက်လျှံ

# ဆက်လက်ယူဆောင်သွားရမည့် အတွေ့အကြုံကောင်းများနှင့် မေတ္တာနှင့်ယှဉ်သော တာဝန်ယူမှု

ဒေါက်တာမြတ်မိုး

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေဆဲ ကိုရိုနာဗိုင်းရပ်စ်က လူသားများကို ပေးလိုက်သည့် သတင်းစကားတစ်ခုကတော့ "အာရောဂျံ ပရမံလာဘံ" ရောဂါဘယ ကင်းဝေးခြင်း (ကျန်းမာခြင်း) ဟူသည့် သတိပြုစရာအချက်တစ်ခုပင် ဖြစ်ပါသည်။ ရောဂါကူးစက်မပြန့်ပွားရေးအတွက် မိမိကိုယ် မိမိ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို လိုက်နာစောင့်ထိန်းခဲ့ကြသူများ၊ ရောဂါကာကွယ်တိုက်ဖျက်ရေးတွင် ရှေ့တန်းကျကျ ရဲရဲရင့်ရင့် ပါဝင်ခဲ့ကြသူများ၊ ပရဟိတစိတ်အပြည့်ဖြင့် လိုအပ်သည့်နေရာတွင် လိုအပ်သောအရာများကို လှူဒါန်းခဲ့ကြသူများကို စေတနာရှင့်သန်သူများအဖြစ် တင်စားထိုက်ပါသည်။ မိမိအိမ်တွင် ငြိမ်ဆိတ်စွာဖြင့် နေထိုင်၍ တင်းတိမ်ရောင့်ရဲမှုကို ပြသနိုင်ခြင်းသည်ပင် ထူးကဲသည့်ကုသိုလ်ကို ရရှိလိုက်ခြင်းပင် ဖြစ်သည်။

### မေတ္တာနှင့်ယှဉ်သော တာဝန်ယူ၊ တာဝန်သိတတ်မှု

ဆိုးရွားလှသောကပ်ဘေးကြီးကို ရင်ဆိုင်ရာမှ ရယူနိုင်ခဲ့သော ရလဒ်ကောင်းများဖြစ်သည့် တာဝန်သိတတ်မှုနှင့် တာဝန်ယူလိုမှု စိတ်ဓာတ်များ၊ အခက်အခဲများဖြစ်ပေါ်လာစဉ် ကိုယ့်အကျိုးကို မေ့လျော့ပြီး အများအကျိုးကိုသာ ဦးစားပေးလိုသည့် စိတ်ထားများကို နှစ်သစ်တွင်လည်း ဆက်လက်သယ်ဆောင်သွားစေချင်ပါသည်။ လူ့အဖွဲ့အစည်းတွင် ကြီးမားသောပြဿနာများ ကြုံတွေ့ရပြီဆိုလျှင် ပေါ်လာသည့်အရာကား တစ်ဦးပေါ်တစ်ဦး လူသားဆန်မှု၊ လူပီသမှုပင် ဖြစ်သည်။ ဘေးဒုက္ခကာလ တစ်ဦးအပေါ်တစ်ဦး မိမိတတ်နိုင်သည့်ပုံစံဖြင့် ရိုင်းပင်းကူညီပေးမှု၊ မရှိတာရှိတာအပထား နိုင်သလောက် မျှဝေတာဝန်ယူမှုစသည်တို့သည် တန်ဖိုးရှိလှသော ဂုဏ်ယူဖွယ်ရာများပင်တည်း။

ထိုစိတ်ဓာတ်များကို ဆက်လက်ပွားများ စေလိုပါသည်။ မိမိတို့ထံပါးကိန်းအောင်းနေသော်လည်း မြုပ်နေသော မထင်ရှားမပေါ်လွင်ခဲ့သော မူလအဇ္ဈတ္တစိတ်နေသဘောထားများ၊ အရည်အချင်းများ၊ ပညာဉာဏ်များကို ယခုလို ဒုက္ခကြုံတွေ့ရသည့်အခါတွင် ပြသခွင့်ရလိုက်သည်မှာ အမြတ်တစ်ခုပင်ဖြစ်၏။ ဒုက္ခကြုံမှ ထင်ထင်ရှားရှားပေါ်ထွက်လာသော ရှိနှင့်ပြီးသော မိမိအင်အားများကို နောင်တွင်လည်း အခက်အခဲကြုံတွေ့သည့် အခြေအနေများတွင် အောင်မြင်စွာရင်ဆိုင်ဖြေရှင်းနိုင်မည့် ခွန်အားများအဖြစ် ဆက်လက်သိမ်းဆည်းထားစေချင်ပါသည်။

### ကုသိုလ်စိတ်များဖြင့် အစားထိုးပါ

ကုသိုလ်တရားနှင့် အကုသိုလ်တရားများသည် ဒွန်တွဲနေ၏။ အခက်အခဲများကင်းဝေးချိန်၊ အဆင်ပြေနေစဉ်ခဏတွင်ကား များသောအားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မနာလို ဝန်တိုမှုတရားများသာ လွှမ်းမိုးနေတတ်၏။ သူသူ ငါငါ သတ္တဝါအားလုံး အခက်အခဲများ ကြုံရပြီး ဒုက္ခများဆုံရပြီဆိုလျှင်တော့ မေတ္တာနှင့်ယှဉ်သော၊ ကရုဏာနှင့်ယှဉ်သော၊ မုဒိတာ၊ ဥပေက္ခာနှင့်ယှဉ်သော ကုသိုလ်တရားများသည် ပေါက်ဖွားလာတတ်၏။ အကုသိုလ်စိတ်များနေရာတွင် ကုသိုလ်စိတ်များအစားထိုးဝင်လာတတ်ပါသည်။ အကုသိုလ်ဟူသည်အခက်အခဲကို ရင်ဆိုင်ရာတွင် ချည့်နဲ့ ဆုတ်ယုတ်စေတတ်သော တရားဆိုးများဖြစ်၏။ ကုသိုလ်ဟူသည်ကား အကျပ်အတည်းကို အောင်မြင်စွာကျော်ဖြတ်နိုင်မည့်အင်အားများဖြစ်၏။ ကုသိုလ်တရားများက မွေးဖွားပေးလိုက်သော ထိုခိုင်မာသောအင်အားများကသာလျှင် အကျပ်အတည်းများ မပေါ်ပေါက်အောင် တားဆီးပေးနိုင်၏။ ကာကွယ်ပေးနိုင်၏။ ထိန်းချုပ်ပေးနိုင်၏။ တီထွင်ဖန်တီးမှုစွမ်းအားများကို ရယူရှေ့ဆောင်ပေးနိုင်၏။ ဤသို့သောကောင်းမှုများက လူတို့၏ မွန်းကျပ်ပိတ်လှောင်နေသော စိတ်များကို လွတ်လပ်မှုဖြစ်စေသည်။ ပိတ်ပင်ကန့်သတ်မှုများကြားမှ ပျော်ရွှင်ကျန်းမာမှုကို ဖြစ်စေပါသည်။

### ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိသည့် အတွေ့အကြုံကောင်းများ

ကိုဗစ် – ၁၉ ကြောင့် လူသားများသည် ကျန်းမာရေးပြဿနာနှင့် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ရပြီး စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ကြရသည်။ စိတ်ဖိစီးမှုများဖြစ်ကြရသည်။ စိန်ခေါ်မှုများ ရင်ဆိုင်ကြရသည်။ လိုအပ်ချက်အရ သီးခြားစောင့်ကြည့်မှုများခံကြရသူများရှိသလို ရှေ့တန်းကျကျ အန္တရာယ်ကိုပိုက်၍ ပြုစုစောင့်ရှောက်ကြရသူများလည်းရှိကြသည်။ နားလည်ပေးစိတ်ဖြင့် လူကိုယ်တိုင်လည်းကောင်း၊ လူမှုကွန်ရက်များမှ လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အပြန်အလှန် ကူညီဖေးမအားပေးမြှင့်တင်မှုများက တည်ငြိမ်မှုနှင့် စိတ်ဓာတ်ခွန်အားကို အထောက်အပံ့ဖြစ်စေသည်။ အင်တာနက်မှ တစ်ဆင့်ဖြန့်ဝေသော ပြဿနာကိုချဉ်းကပ်ပုံနှင့် ဖြေရှင်းမှုနည်းလမ်းများကို ဖတ်ရှုလေ့လာရသည့်အခါ အခက်အခဲကိုရင်ဆိုင်တတ်လာသည်။ စိတ်ဓာတ်ခွန်အားဖြစ်ဖွယ်ရာ အားပေးစကားများကို စိတ်ပူပန်နေသူများက ကြားရဖတ်ရသည့်အခါ ကိုယ်ချင်းဝေးနေသော်လည်း စိတ်ချင်းနီးနေသကဲ့သို့ ခံစားကြရသည်။

လူသားတိုင်း ကြုံတွေ့ရသည့် ပြဿနာအသစ်အဆန်းများကြောင့် ကြားသိဖတ်ရှုရသူများတွင် ဗဟုသုတအသစ်များနှင့် အတွေ့အကြုံအသစ်များကို တိုးပွားစေသည်။ ခံယူချက်များလည်း ပြောင်းလာရသည်။ သို့သော် မိမိတို့ရရှိသည်များက အမှန်ချည်းသာမဟုတ်၊ ရံဖန်ရံခါ အမှားအချက်အလက်များလည်း လက်ခံရရှိတတ်သည်။ ထိုအခါဘယ်အရာက အမှား၊ ဘယ်အရာက အမှန်ဆိုသည်ကို အတွေ့အကြုံမှတစ်ဆင့် ခွဲခြားတတ်လာသည်။ စဉ်းစားနိုင်စွမ်း၊ စိစစ်နိုင်စွမ်းရှိလာသည်။ သတင်းအချက်အလက် အမှန်ရရှိရန် အခြားသော သတင်းအရင်းအမြစ်များနှင့် ချိတ်ဆက်ရှာဖွေတတ်လာသည်။ အခက်အခဲများက ပေးစွမ်းလိုက်သည့် ထိုထိုသောတည်ငြိမ်မှု၊ ဖြေရှင်းနိုင်စွမ်းနှင့် အစွမ်းအစများက အနာဂတ်တွင် ရင်ဆိုင်ကောင်း ရင်ဆိုင်ရနိုင်မည့် ပြဿနာများအတွက် တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။

### အာရောဂျံ ပရမံလာဘံ

ရောဂါဆိုးကြီးမှရရှိလိုက်သော သင်ခန်းစာတစ်ခုသည် လာဘ်လာဘသဖွယ် တင်စားထိုက်သည့် ကျန်းမာရေးနှင့် ဘာကိုမှ မလဲနိုင်ပါ။ ထိုထို မွန်မြတ်လှသော အရာကို လက်ကိုင်ရရှိထားမှသာလျှင် အသက်ရှည်ရာအနာမဲ့ကြောင်းဖြစ်ပါမည်။ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်ဟူသော စကားသည် အလကားမဟုတ်၊ ကျန်းမာရေးနှင့်အညီ ညီညွတ်မျှတစွာ ပြုမူနေထိုင်စားသောက်တတ်ခြင်းပင်

> “ ဆိုးရွားလှသောကပ်ဘေးကြီးကို ရင်ဆိုင်ရာမှ ရယူနိုင်ခဲ့သော ရလဒ်ကောင်းများဖြစ်သည့် တာဝန်သိတတ်မှုနှင့် တာဝန်ယူလိုမှု စိတ်ဓာတ်များ၊ အခက်အခဲများဖြစ်ပေါ်လာစဉ် ကိုယ့်အကျိုးကို မေ့လျော့ပြီး အများအကျိုးကိုသာ ဦးစားပေးလိုသည့် စိတ်ထားများကို နှစ်သစ်တွင်လည်း ဆက်လက်သယ်ဆောင်သွားစေချင်ပါသည်။ လူ့အဖွဲ့အစည်းတွင် ကြီးမားသောပြဿနာများ ကြုံတွေ့ရပြီဆိုလျှင် ပေါ်လာသည့်အရာကား တစ်ဦးပေါ်တစ်ဦး လူသားဆန်မှု၊ လူပီသမှုပင် ဖြစ်သည်။ ဘေးဒုက္ခကာလ တစ်ဦးအပေါ်တစ်ဦး မိမိတတ်နိုင်သည့်ပုံစံဖြင့် ရိုင်းပင်းကူညီပေးမှု၊ မရှိတာရှိတာအပထား နိုင်သလောက် မျှဝေတာဝန်ယူမှု စသည်တို့သည် တန်ဖိုးရှိလှသော ဂုဏ်ယူဖွယ်ရာများပင် ”

ဖြစ်၏။ ရခဲလှသောလူ့ဘဝတွင် ပိုင်ဆိုင်ထားသော မိမိခန္ဓာကို မိမိဘာသာ မိမိ အစဉ်စောင့်ရှောက်နေဖို့လိုအပ်သည်။ မထိန်းသိမ်း မကာကွယ်နိုင်ပါက အချိန်မရွေး ပျက်စီးယိုယွင်းသွားနိုင်သည်။ သတိလက်လွတ်ဖြစ်သွားပါက မိမိကျန်းမာရေးသည် အချိန်မရွေးပျက်စီးယိုယွင်းသွားနိုင်ကာ ယခုလိုမျိုး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကြုံတွေ့ရတတ်သည်။ နောင်တွင်လည်း ထိုကဲ့သို့သောအနာရောဂါများမှ ကင်းဝေးနိုင်ရန် ကြိုတင်ကာကွယ်ဆောင်ထားရှောင်ထားရမည့် ကျင့်စဉ်များကို လိုက်နာဆောင်ရွက်တတ်လာပါမည်။

လေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကာကွယ်ရန် မိမိတို့၏ ပတ်ဝန်းကျင်တွင် သန့်ရှင်းသောလေ၏ အရေးကြီးပုံကို သိရှိလာသည်။ လေကောင်းလေသန့်ကိုသာ ရှူရှိုက်နိုင်ဖို့ အားလုံးတွင် တာဝန်ရှိကြောင်း ခံယူလာကြမည်ဖြစ်သည်။ နောက်ထပ်ရရှိသည့် အတွေ့အကြုံကောင်းများကား ကိုယ်ခံစွမ်းအားမြင့်မားတိုးတက်စေမည့် အစားအစာများ၊ ဓာတ်စာများ စားသောက်ရန်လိုအပ်သည် ဆိုသောအချက်နှင့် အချို့ရောဂါများတွင် ရေများများ သောက်သုံးရန်လိုအပ်သည်ဟူသော အချက်များဖြစ်သည်။ ခန္ဓာယန္တရားကြီး ကောင်းမွန်စွာလည်ပတ်နေရန် မလိုအပ်သောကိစ္စများအတွက် အချိန်ဖြုန်းခွင့်မပေးဘဲ လုံလောက်သော အိပ်စက်အနားယူခွင့်ပေးခြင်း၊ အခါမလပ် လက်ကို စနစ်တကျ ဆေးကြောသန့်စင်သည့် အလေ့အထပြုခြင်း၊ ချောင်းဆိုးနှာချေသည့်အခါ မိမိကြောင့် သူတစ်ပါးထံ ရောဂါပိုးမကူးစက်စေလိုသည့် စေတနာဖြင့် ဖုံးအုပ်ကာကွယ်မှုပြုခြင်း၊ လူအများအစုအဝေး သည် ရောဂါပိုးများကို ဖြန့်ချိနိုင်ကြောင်း သိရှိရသည့်အလျောက် မလိုအပ်လျှင် ထိုလူစုလူဝေးမှ ရှောင်ကြဉ်သွားတတ်ခြင်းစသည့် အလေ့အထများသည် ကျန်းမာရေးအတွက် အပြုအမူကောင်းများပင် ဖြစ်သည်။ ရရှိလိုက်သော ထိုအပြုအမူကောင်းများဖြင့် မိမိကိုယ်တိုင်သာမက အနာဂတ်လူမှုဘဝများ လှပအောင် ပုံဖော်တည်ဆောက်နိုင်ပါသည်။

### ချွေတာမှုအစုစုနှင့် နှလုံးသွင်းမှန်ကန်မှု

အဆိုးထဲက အကောင်းတွေကို ရွေးရမယ်ဆိုလျှင်တော့ နေတတ်ထိုင်တတ်လာတာပဲ ဖြစ်သည်။ ကျဉ်းထဲကျပ်ထဲတွင် ဘယ်လိုနေထိုင်ရမည်ကို သိလာသည်။ ဟိုဟာမရှိလို့ ဒီဟာမရှိလို့ဆိုသည့် မိမိအတွက် မရှိမဖြစ်ဆိုသောအရာတွေသည် အားလုံးက သေရေးရှင်ရေးဖြစ်နေသောအခါတွင် အသေးအဖွဲဖြစ်သွားတတ်သည်။ ရောင့်ရဲတင်းတိမ်တတ်သည့် အလေ့အထများ ကျင့်သုံးတတ်လာသည်။ နောက်တစ်ချက် အကျိုးများခြင်းကား ချွေတာတတ်မှုအစုစုဖြစ်သည်။ အချိန်ကိုလည်း ချွေတာတတ်လာသည်။ သုံးဖို့ ဖြုန်းဖို့ငွေကိုလည်း ချွေတာတတ်လာသည်။ သွားဖို့၊ လာဖို့၊ လည်ပတ်ဖို့နေရာများကန့်သတ်ခံရပြီးနောက် စွမ်းအင်ချွေတာခြင်း၏ ထိရောက်မှုကိုလည်း သိရှိလာသည်။ ထိုမှ လေထုညစ်ညမ်းမှုကို လျှော့ချပြီး သဘာဝပတ်ဝန်းကျင်အတွက်လည်း အထောက်အကူဖြစ်သည် ဟု နားလည်သိရှိလာသည့်အခါ မိမိကိုယ်မိမိလည်း ကျေနပ်အားရမှု ဖြစ်ပေါ်စေသည်။ ကိုယ်ပိုင်ဆိုင်သည့်အချိန်တွေ များလာသည်။

ယခင်က တစ်အိမ်တည်းအတူနေပြီး ဝေးကွာနေသူများအတွက် အချိန်တွေ ပိုရလာပြီး မိသားစုအတွက် အချိန်များပေးလာနိုင်သည်။ ထိုသည်ပင်ဘဝ၏ အနှစ်သာရဟု ခံယူသူများ ရှိလာနိုင်သည်။ မှန်မှန်ကန်ကန်လည်း နှလုံးသွင်း တတ်လာသည်။ ဘယ်အရာပဲကြုံကြုံ စိတ်အလိုသို့ အလွယ်တကူ မလိုက်၊ သတိလေးကပ်တတ်လာမည်။ နှလုံးသွင်းမှန်သူသည် ပြဿနာနှင့် ပတ်သက်၍ ဘယ်သူ့ကိုမျှလည်း ယိုးမယ်မဖွဲ့ အပြစ်မဆိုသာပါ။ ဤကဲ့သို့ သင့်တင့်လျောက်ပတ်သလို နေထိုင်တတ်လာခြင်းသည် တရားသဘောပင်ဖြစ်သည်။ အရှုံးထဲက ယူတတ်လျှင် အမြတ်ထွက်သည်မို့ နှစ်ထူးတွင် နှစ်ကူးအစမှစ၍ နှလုံးသွင်းမှန်နေလျှင် အရာရာကို အကောင်းမြင်စိတ်ကလေးနှင့် အစားထိုးတတ်နေမည်သာ ဖြစ်ပါသည်။

### ဖွံ့ဖြိုးလာမည့် အတွေ့အကြုံကောင်းများ

နောက်ထပ်ရရှိလာသည့်ရလဒ်တစ်ခုက Online Learning ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်အချို့တွင် တက္ကသိုလ်များ ပိတ်လိုက်ရ၍ မြန်မာကျောင်းသားများ မိမိပြည်တွင်း၌ မိမိအိမ်ကပင် Smart ဖုန်း၊ Laptop များဖြင့် အချိန်မရွေးနေရာမရွေး သင်ကြားသင်ယူခွင့်ရရှိလာကြသည်။ နောင်တွင်လည်း ကျောင်းသားများ သင်ကြားရေးစင်တာများနှင့် ရုတ်တရက် ဝေးကွာသွားသည့်အခါတွင် ယခုကဲ့သို့သော သင်ကြားရေးစနစ်သည် အချိန်မရွေးသင်ကြားခွင့်နှင့် ငွေကုန်ကြေးကျသက်သာသော နည်းလမ်းတစ်ခုအဖြစ် အသုံးပြုရန် ကြိုတင်ပြင်ဆင်ထားခွင့် ရရှိလာနိုင်သည်။

ထို့ပြင် ကိုဗစ် – ၁၉ အခြေအနေနှင့်ပတ်သက်၍ နိုင်ငံအကြီးအကဲများက အင်တာနက် ကွန်ရက်အသုံးပြု Video Conferencing ပုံစံ ညှိနှိုင်းအစည်းအဝေးများ၊ ပြည်သူလူထုနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ခွင့်ရရှိခြင်းဖြင့် အားလုံးပါဝင်ဆွေးနွေးနိုင်မှု၊ လုပ်ငန်းချိတ်ဆက်နိုင်မှု၊ အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များကို မျှဝေနိုင်မှု၊ ငွေကုန်ကြေးကျသက်သာမှု၊ ခရီးရှည်များ သွားလာရန်မလိုအပ်တော့မှု စသည့်အကျိုးကျေးဇူးများရရှိခဲ့ကြောင်း ထင်ထင်ရှားရှား တွေ့မြင်ကြရသည်။ ထိုအတွေ့အကြုံများသည် ယခုကာလတွင် သာမက ရေရှည်အတွက်ပါ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အဖြစ် အလေးထားလာကြတော့မည်ကိုလည်း တွေ့မြင်နေရပါသည်။

အချုပ်အားဖြင့် နှစ်သစ်တွင် ဆက်လက်သယ်ဆောင်သွားရမည့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာယူဖွယ်ရာများကား များပြားစွာပင် ရှိချေသည်။ အခက်အခဲကြုံချိန်တွင် အနယ်နယ်အရပ်ရပ်မှ တတ်နိုင်သူများ၏ တတ်နိုင်သည့်ဘက်မှ ကူညီထောက်ပံ့မှုများက ဒါနဆိုသည့် ကုသိုလ်ထူးတစ်ခုကို ရရှိစေသည်။ ဆရာတော်ကြီးများနှင့် ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ ရွတ်ဖတ်ပူဇော်သောတရားဒေသနာများက မိမိ၏ သီလ၊ သမာဓိကို တိုးပွားစေပြီး ပတ်ဝန်းကျင်လုံခြုံမှုကို ပေးစွမ်းနိုင်ပါသည်။ ပိုလာသောအချိန်များတွင် ကြိုးစားအားထုတ်လိုက်သည့် သမထ၊ ဝိပဿနာတရားများပွားများသည့် အလေ့အကျင့်များကို အနာဂတ်တွင်လည်း ဆက်လက် ကိန်းအောင်းသွားစေလိုပါသည်။ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး နောင်သံသရာတွင် ဆက်လက်အကျိုးပေးမည့် အနိမ့်ဆုံးစံချိန်တစ်ခုကို စိုက်ထူခွင့်ရရှိလိုက်ခြင်းလည်း ဖြစ်သည်။ ယခုအချိန်တွင် တွန်းအားများသည် အနာဂတ်အတွက် အင်အားများ ဖြစ်စေပါသည်။ မမြဲသောတရားများအတွက် ကုသိုလ်အာရုံဖြင့်သာ နှလုံးသွင်းသတိကပ် ဆင်ခြင်နေရန် ရေးသားလိုက်ရပါသည်။

ကုသိုလ်အားလုံး၏ ရေသောက်မြစ်သည် "သတိ" ပင်ဖြစ်၍
ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံး "သတိ"နှင့် ထိန်းနိုင်ကြပါစေ။ ။

# ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင်ထားရှိမှုများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဧပြီ ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ လူနာများထားရှိ ကုသနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ ပုဂ္ဂလိကဆေးရုံများအသင်း စသည်တို့နှင့် ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိ အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ကွင်းဆင်း၍ လှည့်လည်ကြည့်ရှုသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ လူနာများ ထားရှိကုသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများအား ကြည့်ရှုစဉ်။ သတင်းစဉ်

### မွမ်းမံပြင်ဆင်လျက်ရှိ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင်ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်နေသူများနှင့် တွေ့ဆုံရာ၌ ယခုကဲ့သို့ ပြည်သူများ အကျိုးအတွက် ခံယူချက်စိတ်ထားပြည့်ဝစွာဖြင့် ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ အချိန်တိုအတွင်း ကိုဗစ်-၁၉ ကုသရေးဌာန ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိ၌ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၂ ဦးသာ တွေ့ရှိရသေးသော်လည်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ဝေဘာဂီအထူးကုဆေးရုံကြီးအပြင် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ လေးထပ်ဆောင်သစ်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တို့တွင် ကိုဗစ်-၁၉ ကုသရေးဌာနများ ပြင်ဆင်ထားရှိခြင်းဖြစ်ပါကြောင်း၊ လူနာများကုသရန် လိုအပ်ပါက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ မွမ်းမံပြင်ဆင်လျက်ရှိသော ကိုဗစ်-၁၉ ကုသရေးဌာနကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ ဤရောဂါဆက်လက် ပြန့်ပွားမှုမရှိစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဤရောဂါသည် အသစ်အဆန်းဖြစ်သော ရောဂါတစ်ခုဖြစ်သည့်အပြင် အခြားကမ္ဘာ့နိုင်ငံများ၌ လျင်မြန်စွာကူးစက်ပြီး သေဆုံးမှုများနေမှုများ ဖြစ်ပွားနေသည် ဆိုသည့်အချက်ကို နောက်ခံထား၍ အဆိုးဆုံးသော အခြေအနေဖြစ်လာပါက လူနာများကို ထိရောက်စွာ ကုသပေးပြီး သေဆုံးမှုလျှော့ချနိုင်ရေးအတွက် ဤကဲ့သို့ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)ကို ပြင်ဆင်လျက်ရှိသည်မှာ များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်သွားမည်

မိမိတို့နိုင်ငံကဲ့သို့ ချမ်းသာကြွယ်ဝမှုမရှိသော နိုင်ငံတစ်ခုတွင် လက်ဝယ်ရှိသော အရင်းအမြစ်များကို ထိရောက်စွာ အသုံးချ၍ အကောင်းဆုံးဆောင်ရွက်နေခြင်းဖြစ်ပြီး ဝိုင်းဝန်းပံ့ပိုးပေးသော အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ကုသရေးကဏ္ဍ ပြင်ဆင်မှုများဆောင်ရွက်နေသကဲ့သို့ ရောဂါဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှုများ မရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အထူးအားစိုက် ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ယခုထက် အကြိမ်ရေများစွာ တိုးမြှင့်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ သာမက အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာ (quarantine site) နေရာများတွင်လည်း ဆောင်ရွက်စေလိုပါကြောင်း၊ ဤ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) စီမံခန့်ခွဲရေးအဖွဲ့နှင့် ကုသရေးဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ဆေးပညာပါမောက္ခများ၊ အရေးပေါ်ဆေးပညာပါမောက္ခများ၊ မေ့ဆေးပညာပါမောက္ခများ၊ အပူပိုင်းဆိုင်ရာရောဂါ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ စီမံခန့်ခွဲအုပ်ချုပ်ရေးမှ တာဝန်ရှိသူများမှ တိုင်ပင်ညှိနှိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်ကို အထူးကျေနပ်မှုရှိပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) အတွက် လိုအပ်သည်များကို ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ယာဉ်များစီစဉ်ထားရှိ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မိမိတို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအကြား ကိုဗစ်-၁၉ ဆက်လက်ပြန့်ပွားမှုမရှိစေရေး အကောင်းဆုံးကို မျှော်လင့်ဆောင်ရွက်နေပြီး အကယ်၍ ကိုဗစ်-၁၉ လူနာများ များပြားပြီး အဆိုးဆုံးအခြေအနေဖြစ်လာပါကလည်း အဆင်သင့်ထားရှိ ကုသမှုပေးနိုင်ရေးအတွက် ဖြစ်မြောက်စေရန် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ကို ဧပြီ ၂၀ ရက်တွင် အသင့်ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပြီး လာရောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ နေထိုင်ရေး၊ စားသောက်ရေးတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူနာခန်းသို့ အခန်းပြင်ပမှ စောင့်ကြပ်ကြည့်ရှုနိုင်ရန် CCTV များနှင့် လူနာခန်းအတွင်းမှ ပြင်ပသို့ ဆက်သွယ်နိုင်ရန်တို့ကိုလည်း နည်းပညာပိုင်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ လုံခြုံရေးအစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ထားပြီး လုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခါ တက္ကသိုလ်အတွင်းသို့ တာဝန်ရှိသူများမှအပ ဝင်ရောက်သွားလာခြင်းအားလုံးကို တားမြစ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လူနာနှင့် လူနာမိသားစုများ အင်တာနက်ကွန်ရက်အသုံးပြုချိတ်ဆက်ကာ Video Call ခေါ်ဆိုနိုင်ရန်အတွက် ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)တွင် အင်တာနက်ကွန်ရက်များ တပ်ဆင်ထားပြီး မိသားစုများ ချိတ်ဆက်နိုင်ရေးအတွက်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် စီစဉ်ထားရှိပါကြောင်း၊ လူနာများ သယ်ယူပို့ဆောင်ရေးအတွက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (YRTA) မှ ယာဉ်များကို လူနာထားရှိရာ နေရာနှင့် ယာဉ်မောင်းတို့အကြား မှန်ချပ်ကာထားရှိသော ယာဉ်များ စီစဉ်ထားရှိပါကြောင်း၊ ထို့အပြင် စေတနာ့ဝန်ထမ်းများမှလည်း လုပ်ငန်းများတွင် ပါဝင်ကူညီသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို ပိတ်ဆို့မှုများပြုလုပ်သွားရန် အစီအစဉ်မရှိပါကြောင်း၊ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်နှင့်အညီ ကိုက်ညီစေရေး ချိန်ဆကာ အသင့်တော်ဆုံးဖြစ်စေရေး ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးတက္ကသိုလ် (၁)၊ ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး၊ အပူပိုင်းဆေးပညာဌာန၊ ပါမောက္ခ/ ဌာနမှူး၊ မေ့ဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး၊ အရေးပေါ်ဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး၊ မင်္ဂလာဒုံအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ပထမအဆင့်အနေဖြင့် အထူးကြပ်မတ်ကုသဆောင် (ICU) ခုတင် ၂၀ ၊ High Dependency Unit အဖြစ်အသုံးပြုနိုင်မည့် ခုတင် ၂၄၀ ၊ လူနာခုတင် ၂၄၀ စုစုပေါင်း ခုတင် ၅၀၀ စီစဉ်ထားရှိမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် အထူးကြပ်မတ်ကုသဆောင် (ICU) ခုတင် ၄၀ ၊ High Dependency Unit အဖြစ်အသုံးပြုနိုင်မည့် ခုတင် ၄၈၀ ၊ လူနာခုတင် ၄၈၀ စုစုပေါင်း ခုတင် ၁၀၀၀ နှင့် တတိယအဆင့်တွင် ခုတင် ၂၀၀၀ အထိ တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ Green ဇုန် ၊ Yellow ဇုန်၊ Red ဇုန်များ ခွဲခြားလုပ်ဆောင်မည့် အစီအစဉ်များ၊ Oxygen Plant နှင့် အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်နေမှု၊ ကုသမှုလုပ်ငန်းများအတွက် လိုအပ်သော အဆောက်အဦများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ယူဆောက်လုပ်မွမ်းမံပြင်ဆင်ပေးနေမှု ၊ လူနာခုတင်များ၊ အသက်ရှူစက်များ၊ လူနာအခြေအနေ စောင့်ကြပ်ကြည့်ရှုစက်များ အပါအဝင် ကုသမှုစက်ပစ္စည်းကိရိယာများကို ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဆေးရုံများအသင်းတို့၏ ပံ့ပိုးငှားရမ်းမှုများဖြင့် ရရှိဆောင်ရွက်ထားမှု၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးရန် မီးရှို့စက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ဆေးနှင့် ဆေးပစ္စည်းသိုလှောင်ရုံအဖြစ် အသုံးပြုမည့်နေရာ၊ လူနာဆောင်များ ပြင်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ထားရှိမှုနှင့် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးရန် မီးရှို့စက်များ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ပျဉ်းမနား ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းခွဲက ဦးစီး၍ ကိုဗစ်-၁၉ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးပိုစတာများ ကပ်ခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက ရွာကောက်ရပ်ကွက်နှင့် ကင်ပွန်းတန်းကျေးရွာတို့တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသာရ ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ဦးညီညီအောင်နှင့် တပ်ဖွဲ့ဝင်များက ကျောလွယ်ဆေးဖျန်းပုံးသုံးပုံးဖြင့် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ကင်ပွန်းတန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ အသိပညာပေးပိုစတာများ ကပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း ဧပြီလအတွင်း ကျန်ရှိသည့် ရက်များတွင် ရက်အလိုက် အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၊ လူထူထပ်သောနေရာများသို့ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ကာလတစ်ခုအထိ Stay at Home နေပေးဖို့ လိုပါတယ်၊ အဲဒီလို နေပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကနေ ကာကွယ်ရာရောက်ပါတယ်

ဒေါ်သန်းမြင့်အောင်



စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင် (ဥက္ကဋ္ဌ၊ We Love Yangon)



ဦးဝေဖြိုးဟန် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်



ဦးဂျင်မီ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း




ဦးဇော်ဇော်အောင် (အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် လုံခြုံရေး ပရဟိတအဖွဲ့၊ ယာယီ)

ကိုဗစ် – ၁၉ သည် ကူးစက်ရောဂါဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အိမ်အပြင်ထွက်ခြင်းမှ ရှောင်ကြဉ်ခြင်း (Stay at Home) သည် လူတစ်ဦးမှ တစ်ဦးသို့ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေသည့် ထိရောက်သော ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရကလည်း ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားသောက်ရေးအတွက် အဆင်ပြေစေရန် ဧပြီ ၁၀ ရက်မှ စ၍ ဆန်၊ ဆီ၊ စား၊ ကြက်သွန်၊ ပဲ အခြေခံစားသောက်ကုန်များအား အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထို့အတူ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများ မိမိတို့နေအိမ်များတွင် ဘေးကင်းလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် ပရဟိတအဖွဲ့အစည်းများကလည်း လိုအပ်သည်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

**စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်**
**(ဥက္ကဋ္ဌ၊ We Love Yangon)**

ကျွန်မတို့ We Love Yangon က ရန်ကုန်မြို့ကို ချစ်တဲ့သူတွေ စုပေါင်းပြီး စုဖွဲ့ထားတာပါ။ We Love Yangon အဖွဲ့မှာ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီဆိုတာရှိတယ်။ အခု ကိုဗစ်–၁၉ ကာလကျတော့ ဒီသဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီက အဓိကဆောင်ရွက်တယ်။ အဲဒီဘက်မှာ အကုန်လုံးက ဝိုင်းပြီး လုပ်အားပေးကြပါတယ်။

ကိုဗစ်–၁၉ ဖြစ်တဲ့အချိန် လူတွေကလည်း စိုးရိမ်ပြီး ဝယ်ကြတယ်။ ဒီလူတွေရဲ့ စိုးရိမ်စိတ်ကို လျှော့ချပေးတဲ့ အနေနဲ့ ကျွန်မတို့က ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေ၊ အခြေခံစားကုန်ပစ္စည်းတွေကို We Love Yangon အဖွဲ့ကနေပြီးတော့ အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးရေးစနစ်နဲ့ စေတနာရှင်လုပ်အားပေးတွေကနေ လုပ်ဆောင်ပေးနေတာဖြစ်တဲ့အတွက် အခြေခံစားကုန် ပြတ်လပ်မှု မရှိတော့ဘူးပေ့ါ။ မြို့နယ်တိုင်းမှာ We Love အဖွဲ့တွေ ရှိပါတယ်။ အဲဒီအဖွဲ့တွေကလည်း ဆောင်ရွက်ပေးနေပါတယ်။

အိမ်တစ်အိမ်မှာ မရှိမဖြစ်က ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် အဲဒါလေးပဲလေ။ အဲဒါတွေကို မူလဈေးနှုန်းထက် သက်သာတဲ့ဈေးနဲ့ ဝယ်ရင်းအတိုင်း ကျွန်မတို့က ဖြန့်ပေးတာဖြစ်တဲ့အတွက်ကြောင့် အနိမ့်ဆုံး ၁၀ ရာခိုင်နှုန်းလောက် သက်သာတယ်။

တစ်နေ့လုပ် တစ်နေ့စားတွေကျတော့ နေ့တိုင်းလည်း မှာမစားနိုင်ဘူး။ တချို့ဆို ဝင်ငွေမရှိတာမျိုးတွေရှိမယ်။ တချို့ဆို ကျန်းမာရေးမကောင်းတာရှိမယ်။ သက်ကြီးရွယ်အိုတွေရှိမယ်။ အဲဒီလို လူမျိုးတွေအတွက်ကိုလည်း ပြည်သူလူထုက လှူဒါန်းပေးတာရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်မတို့အဖွဲ့က အိမ်တိုင်ရာရောက် ပို့ဆောင်ပေးတာရှိပါတယ်။ ကိုဗစ်ထိန်းချုပ်ရေးမှာ မိမိအိမ်ထဲမှာ မိမိနေခြင်းအားဖြင့် တရားထိုင်နိုင်တယ်၊ စာဖတ်နိုင်တယ်၊ မိသားစုအချင်းချင်း ဆွေးထွေးနိုင်တယ်၊ ကျန်တဲ့အချိန်တွေမှာ မိသားစုချင်း ပြန်ဆုံဖို့ဆိုတာ အချိန်ရှားပါးတယ်။ ဒီကာလလေးဟာ အကောင်းဘက်က ပြန်တွေးရင် ကူညီတဲ့သူတွေကလည်း ကူညီတယ်၊ ကိုယ်စားချင်တာလေးကို အိမ်တိုင်ရာရောက် ပို့ပေးတယ်၊ အခုဆို ကျွန်မတို့ဆီကို လာရောက်ပူးပေါင်းကြပြီ။ မွေးမြူရေးအသင်းချုပ်ဆို လာရောက်ပူးပေါင်းတယ်၊ လိုချင်ရင် လှမ်းမှာရင် ဝယ်ပေးလို့ရအောင် ကျွန်မတို့ ပြင်ဆင်ထားပြီ။

ရောဂါကာကွယ်ဖို့၊ ရောဂါထိန်းချုပ်ဖို့ဆိုတာ လူတွေက ကိုယ့်အိမ်ထဲ ကိုယ်နေမှ အပြင်ကို အသွားအလာနည်းမှ ဖြစ်မှာ။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး We Love ရဲ့ အဖွဲ့ခွဲတစ်ခုက နေပြီးတော့ ကပ်ရောဂါကာကွယ်ရေးကို လုပ်နေတယ်၊ ကပ်ရောဂါကာကွယ်ရေးဆိုတာ လူတွေ တစ်ယောက်နဲ့ တစ်ယောက် မနီးစပ်မှရမှာ။ မိမိတို့ မိသားစုသည် မိမိတို့အိမ်မှာပဲ အရေးမကြီးရင်၊ အကြောင်းမရှိရင် အပြင်မထွက်တာ အကောင်းဆုံးပါ။

ပရဟိတအဖွဲ့တွေ ၊ အနုပညာရှင်တွေ၊ တာဝန်ရှိတဲ့သူတွေ၊ တာဝန်သိတဲ့သူတွေ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နောက် လွှတ်တော်ကိုယ်စားလှယ်တွေ၊ စည်ပင်သာယာကော်မတီတွေ၊ မြို့နယ်အသီးသီးမှာရှိတဲ့ ကော်မတီတွေ၊ မြို့နယ်အသီးသီးမှာရှိတဲ့ ပရဟိတအဖွဲ့တွေ အဲဒီအဖွဲ့တွေကလည်း ပြည်သူတွေကို အိမ်ထဲမှာ နေကြဖို့အတွက် စုပေါင်းပြီး ဆောင်ရွက်နေကြပါတယ်။

အများအကျိုးဆောင်တဲ့သူ၊ ပြီးတော့ မိမိမိသားစု ကိစ္စဆိုရင်လည်း သာရေးနာရေးနဲ့ ဘယ်လိုမှ မထွက်လို့ မဖြစ်လောက်တဲ့ လူတွေလောက်ပဲ လမ်းပေါ်မှာနေကြတာ။ ကျန်တဲ့သူတွေသည် အိမ်ထဲမှာ နေပေးခြင်းအားဖြင့်၊ လမ်းပေါ်မှာ သွားနေတဲ့သူတွေသည် မိမိကိုယ်မိမိ ဂရုစိုက်ခြင်းအားဖြင့် ကာလတစ်ခုလောက် ကန့်သတ်လိုက်ပြီး အနေဝေးကြမယ်ဆိုရင် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်တဲ့နေရာမှာ ပိုထိရောက်သွားမယ်လို့ ထင်ပါတယ်။

ဝယ်ခြမ်းစားနိုင်တဲ့သူတွေဆိုရင် အေးအေးဆေးဆေးလေး အပြင်မထွက်ဘဲ မှာတယ်ဆိုရင် စေတနာလုပ်အားရှင်တွေဘက်က အတိုင်းအတာတစ်ခုထိကို ကူညီပေးလိမ့်မယ်။ မနက်ဖြန်စားဖို့ ဒီနေ့ရှာရတဲ့လူတွေအတွက်လည်း ကျွန်မတို့က မရှိမဖြစ် စားသောက်စရာတွေ ပို့ပေးလိုက်မယ်။ ဒါက ကိုဗစ်ရောဂါကာကွယ်ရေးအတွက် လူချင်းခွာပေးလိုက်တာပါ။

အဓိက အရေးကြီးတာက ပြည်သူတစ်ဦးချင်းကနေ ကိုယ်ပိုင်အသိစိတ်နဲ့ လိုက်နာကြဖို့ပဲ လိုပါတယ်။ လိုက်လည်းလိုက်နာကြပါတယ်။ တချို့ သတိလက်လွတ်ဖြစ်မှာစိုးတာပါ။ အစိုးရကထုတ်ပြန်တဲ့ အခုဆို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြည်သူနဲ့ ထိတွေ့နေပြီ။ ကျန်းမာရေးဌာနကလည်း အချိန်နဲ့တစ်ပြေးညီ သတင်းတွေ ထုတ်ပြန်တယ်။ အဲဒါတွေကလည်း အိမ်ထဲမှာ နေဖို့လိုပါတယ်။ အိမ်ထဲမှာ မနေနိုင်တဲ့သူတွေ၊ ထွက်ပြီး ရှာဖွေရမယ့်လူတွေအတွက် နိုင်ငံတော်ကလည်း ဆောင်ရွက်ပေးနေပါတယ်။ မေတ္တာရပ်ခံချင်တာက ကာလတစ်ခုအထိ Stay at Home နေပေးဖို့ လိုပါတယ်။ အဲဒီလို နေပေးခြင်းအားဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်မှုကနေ ကာကွယ်ရာရောက်ပါတယ်။ သတ်မှတ်ထားတဲ့ ရုံးပိတ်ရက်တွေမှာ အပြင်မထွက်လို့ရရင် မထွက်လေကောင်းလေလို့ ပြောချင်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ ဖြစ်လာရင် ကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ ဒီအချိန်မှာ ရပ်ကွက် ပြည်သူလူထု ပူးပေါင်းမှုကလည်း အရေးကြီးပါတယ်။ အိမ်ခန်းကျဉ်းကျဉ်းလေးမှာနေရတဲ့ မိသားစုတွေ၊ အဆောင်မှာနေကြတဲ့ အလုပ်သမားတွေအတွက်လည်း ကျွန်မတို့ မဖြစ်မနေဆောင်ရွက်ပေးရမယ့်ကိစ္စက အလုပ်ပိတ်ရက်ကာလ၊ သတ်မှတ်ရက်ကာလမှာ တစ်ကိုယ်ရေသန့်ရှင်းရေး ၊ အိမ်ရှိ လူကုန်သန့်ရှင်းရေးနဲ့ စားနပ်ရိက္ခာလုံလောက်အောင် ဆောင်ရွက်ပေးပြီး အပြင်လူတွေနဲ့ ထိတွေ့မှု တတ်နိုင်သလောက်မရှိအောင် ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းပြီး သတိပေးစောင့်ရှောက်ကြစေလိုပါတယ်။

ကိုဗစ် – ၁၉ ဟာ အသက်ရှူလမ်းကြောင်းကနေ တစ်ဆင့် ကူးစက်နိုင်တဲ့အတွက် မမေ့မလျော့ပါနဲ့။ သတိအမြဲရှိပါ။ လက်ကိုမကြာခဏဆေးပါ။ ရေနဲ့ ဆပ်ပြာကို အသုံးပြုပါ။ လက်သန့်ဆေးသုံးပါ။ အဓိကက သတိထားပါ။ တာဝန်ရှိတဲ့သူတွေ၊ တာဝန်သိတဲ့သူတွေ ပြောစကားတွေကိုလည်း အလေးထားလိုက်နာပေးပါ။ ဒီရောဂါဟာ အမျိုးသားကျန်းမာရေးကာကွယ်မှု အဆင့်ဖြစ်နေပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့သူအားလုံးနဲ့ဆိုင်ပါတယ်။ နယ်စပ်ဒေသက လူတွေလည်း အထူးဂရုစိုက်ပါ။ အားလုံး ပူးပေါင်းပါဝင်ကြမှဖြစ်မယ်။ တစ်ဦးရဲ့ စေတနာကို တစ်ဦးက လေးစားပေးပါ။ တစ်ဦး အပေါ်တစ်ဦး မေတ္တာထားပါ။ မိမိကိုယ်မိမိ လုံခြုံဖို့၊ တစ်ပါးသူလုံခြုံဖို့ စောင့်ရှောက်တာဖြစ်တဲ့အတွက် အင်မတန် ကုသိုလ်ကြီးပါတယ်။

**ဦးဝေဖြိုးဟန်**
**(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)**

အင်းစိန်မြို့နယ်မှာတော့ စောင့်ကြည့်ရေးစင်တာက ရွှေတောင်ကုန်းဟိုတယ်မှာ ရှိပါတယ်။ အဲဒီမှာတော့ လူဦးရေ ၅၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်ကနေ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးထားတယ်။ ရွှေတောင်ကုန်းဟိုတယ် စောင့်ကြည့်ရေးစင်တာမှာတော့ လေကြောင်းလိုင်းနဲ့ ပြန်လာကျတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် တခြားမြို့တွေကသူတွေလည်းပါတယ်။ အင်းစိန်မြို့နယ်အတွက် အင်းစိန်မြို့နယ်သူ မြို့နယ်သားတွေအတွက် သီးသန့်ထားတာက အင်းစိန်ဂျီတီအိုင် စောင့်ကြည့်ရေးစင်တာ လုပ်ထားတယ်။ အဲ့ဒီမှာ အမျိုးသား ၄၉ ဦးနဲ့ အမျိုးသမီး ၁၄ ဦး ရှိပါတယ်။ အင်းစိန်မြို့နယ် ရပ်ကွက်ထဲမှာရှိနေတဲ့ ပြည်သူတွေအတွက် သာမန် နှာချေ၊ ချောင်းဆိုး၊ ဖျားနာလို့ရှိရင် ကုသနိုင်ဖို့အတွက် အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံက သမားတော်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး အင်းစိန်မြို့နယ်ခန်းမမှာ ကျန်းမာရေးစစ်ဆေးမှုဌာနကိုလည်း ဧပြီလ ၂ ရက်နေ့ကစပြီး ဖွင့်လှစ်ထားပါတယ်။ မည်သူမဆို အခမဲ့လာရောက် စစ်ဆေးပေးပါတယ်။ တနင်္ဂနွေနေ့တစ်ရက် ပိတ်ပါတယ်။

အင်းစိန်မြို့နယ်မှာ ပိုးရှိသူ နှစ်ယောက်တွေ့ခဲ့တဲ့အတွက် နေအိမ်တွေမှာ Home Quarantine ၁၁ ယောက်ရှိတယ်။ အဲဒီ မိသားစုဝင်တွေနေတဲ့အိမ်ကို နေအိမ်တွေမှာ Home Quarantine လုပ်ထားပြီး အဲဒီလမ်းကိုလည်း လူအသွားအလာ ကန့်သတ်ပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှုတဲ့ လုပ်ငန်းစဉ်လုပ်ခဲ့ပါတယ်။ လူနာ ၃ နေခဲ့တဲ့ လမ်းကတော့ မနေ့က ၁၄ ရက်ပြည့်သွားလို့ ပြန်ဖွင့်ပေးခဲ့ပါပြီ။ မိသားစုဝင်တွေလည်း ပုံမှန်အတိုင်း နေထိုင်လို့ရပါပြီ။ လူနာ ၆ ရဲ့ မိသားစုဝင်များကတော့ မနက်ဖြန်ဆို ၁၄ ရက်ပြည့်ပါတော့မယ်။ ၁၄ ရက်ပြည့်သွားရင်တော့ လမ်းကတော့ ပုံမှန်အတိုင်း ပြန်လည်ပတ်မှာပါ။ ဒါပေမယ့် တိုင်းဒေသကြီး အစိုးရထုတ်ပြန်ထားတဲ့ သင်္ကြန်ကာလ ရုံးပိတ်ရက်တွေမှာတော့ အားလုံးအိမ်ထဲနေဖို့ အစီအစဉ်ကိုတော့ စည်းကမ်းလိုက်နာပေးဖို့ လိုပါတယ်။ လူနာနှစ်ယောက်စလုံးက ကျန်းမာရေးအခြေအနေက ကောင်းမွန်တယ်။ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအခြေအနေလည်း ကောင်းမွန်ပါတယ်။ ဂျီတီအိုင် စောင့်ကြည့်စင်တာမှာ ထားတဲ့ သူတွေလည်း ကျန်းမာရေး ကောင်းမွန်ပါတယ်။

သင်္ကြန်ရုံးပိတ်ရက်ကာလတွေမှာ ပြည်သူတွေ အနေနဲ့ မိမိအိမ်မှာပဲနေထိုင်ကြဖို့ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေး အဖွဲ့အစည်းတွေကတော့ လော်စပီကာနဲ့ လိုက်ဆော်ဩတာတွေ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကလည်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ စေတနာရှင် လုပ်အားပေးလူငယ်အဖွဲ့တွေက ရပ်ကွက်အနှံ့ ကားနဲ့လိုက်ပြီး Home Quarantine နေတဲ့သူတွေလည်း ၁၄ ရက်ပြည့်အောင်နေပေးကြဖို့ သင်္ကြန်ရုံးပိတ်ရက်ကာလတွေမှာလည်း မိမိတို့နေအိမ်ထဲမှာ နေထိုင်ပေးဖို့ နှာချေ၊ ချောင်းဆိုးရှိရင်လည်း အင်းစိန်မြို့နယ်ခန်းမမှာ ဖွင့်ထားတဲ့ ကျန်းမာရေးစစ်ဆေးမှုဌာနကိုလာပြဖို့ ဆော်ဩတာတွေလည်း ရှိပါတယ်။

နောက်တစ်ခုက ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဖို့က တစ်ဦးချင်းတစ်ယောက်ချင်းမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အိမ်ပြင်ထွက်ရင် ဖမ်းမယ်ဆိုတဲ့ ပုံစံမျိုး လုပ်လို့မရဘူးပေ့ါ။ ဘယ်သူမှ မထွက်ဘဲနေရမယ်ဆိုတဲ့ ပုံစံမျိုးလည်း မဟုတ်ဘူးပေ့ါ။ တခြား စားသောက်စရာဝယ်ဖို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးကြောင့် ဆေးဝယ်ဖို့ပဲဖြစ်ဖြစ် အရေးတကြီးကိစ္စရှိရင်တော့ သွားတာလာတာ လက်ခံရမှာပေ့ါ။ အထူးသဖြင့် စောင့်ကြပ်ကြီးကြပ်တာ လုပ်ရမှာကတော့ သင်္ကြန်ကာလဖြစ်တဲ့အတွက်ကြောင့် လမ်းတွေပေါ် တချို့ကလေးငယ်တွေ၊ ရေပက်ကစားတာမျိုးကို အတတ်နိုင်ဆုံး မိသားစုဝင်တွေ တာဝန်ရှိသူတွေက ကြပ်မတ်မှုလုပ်ဖို့တော့ လိုအပ်တာပေ့ါ။ လူကြီးတွေက နားလည်ပေမယ့် ကလေးတွေက သင်္ကြန်တွင်း ရေကစားရမှာပဲဆိုတဲ့ အတွေးကို ကျွန်တော်တို့အားလုံး နားဝင်အောင် ထပ်ကာထပ်ကာ ပြောပြဖို့လိုပါတယ်။

သင်္ကြန်ကာလကို ကျော်ဖြတ်ဖို့ အင်းစိန်မြို့နယ် အနေနဲ့ကတော့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတွေလည်း ရှိပါတယ်။ နိုင်ငံတော်က ဆန်၊ ဆီ ဝေမယ့် ကိစ္စတွေကိုလည်း ကျွန်တော်တို့ဘက်က စေတနာရှင် လုပ်အားပေးတွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ဖို့အစီအစဉ်ရှိပါတယ်။ ရပ်ကွက်တွေထဲမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား ပြည်သူတွေအတွက် စာရင်းကောက်ယူမှုတွေလည်း လုပ်နေပါပြီ။ နောက်ပြီး We Love Yangon နဲ့ We Love Insein တို့ချိတ်ဆက်ပြီးတော့ ပစ္စည်းမှာတဲ့သူတွေကို အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးမယ့် အစီအစဉ်တွေကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

# နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၂၀ ရှိ

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်စောင့်ကြည့်နေရာများတွင် ထားရှိ၍ ၁၄ ရက်စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများ၊ တာဝန်ထမ်းဆောင်နေသူများနှင့် ရပ်မိရပ်ဖခေသခံတို့အား ဧပြီ ၈ ရက်က နေပြည်တော် စည်ပင်ဧည့်ရိပ်သာ( Facility Quarantine )တွင် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။**



ဒေါက်တာအေးအေးမာ




ဦးမောင်မောင်ဆွေ



ဦးမျိုးနေဇော်



ဒေါ်ဖြူဖြူမြင့်



ဦးစိန်သောင်း

**ဒေါက်တာအေးအေးမာ**
**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ (ပြည်သူ့ကျန်းမာ)**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းနဲ့ သတ်မှတ်ထားတဲ့နေရာတွင် အသွားအလာကန့်သတ်ခြင်းများကို ပြည်ပက ပြန်လာတဲ့သူတွေကို ၂၅-၃-၂၀၂၀ ရက်မှာစပြီး ဆောင်ရွက်ပါတယ်။ အဲဒီနေ့ ရောက်ရှိလာတဲ့ ပြည်သူတွေကို ဆေးရုံသုံးရုံဖြစ်တဲ့ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနဲ့ ဇေယျာသီရိ ပြည်သူ့ဆေးရုံတို့မှာ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ပါတယ်။ နောက် ဟိုတယ်လုပ်ငန်းရှင်များအသင်းနဲ့ ချိတ်ဆက်ပြီး နေပြည်တော်မှာရှိတဲ့ နယူးရောဟိုတယ်မှာ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းတစ်ခု ထားပါတယ်။ ၂၅-၃-၂၀၂၀ မှ ၂၇-၃-၂၀၂၀ ရက် နေ့အထိ စုစုပေါင်း ဆေးရုံသုံးရုံနဲ့ ဟိုတယ်တစ်ခုမှာ ကန့်သတ်စောင့်ကြည့်ခြင်း ဆောင်ရွက်ထားတဲ့သူပေါင်း ၁၈၃ ဦး ရှိပါတယ်။ ဆေးရုံမှာ လူများလာတော့ နေပြည်တော် ကောင်စီဥက္ကဋ္ဌရဲ့ ပံ့ပိုးကူညီမှု၊ လမ်းညွှန်မှုနဲ့ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၁)မှာ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းကို ၂၇-၃-၂၀၂၀ ရက်နေ့ ညနေကစပြီး ဆောင်ရွက်ပါတယ်။ ၄-၄-၂၀၂၀ ရက်နေ့အထိ စည်ပင်ဧည့်ရိပ်သာ(၁)မှာ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ထားတဲ့သူပေါင်း ၆၂၀ ရှိပါတယ်။ ၅-၄-၂၀၂၀ ရက်နေ့က စပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ ပံ့ပိုးကူညီမှုနဲ့ ရွာတော်မှာရှိတဲ့ တည်းခိုရိပ်သာ(၃)ကို အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း စတင်ဆောင်ရွက်ပါတယ်။ ၅-၄-၂၀၂၀ မှ ၈-၄-၂၀၂၀ ရက်နေ့အထိ ရွာတော်၊ တည်းခိုရိပ်သာမှာ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ထားသူပေါင်း ၂၅၂ ဦး ဆောင်ရွက်ထားပါတယ်။

ကျန်းမာရေး ဦးစီးဌာနအနေနဲ့လည်း ရွာတော်မှာထားတဲ့ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းကို အမျိုးသား၊ အမျိုးသမီး သီးသန့်ခွဲထားပြီး နေ့စဉ်ကျန်းမာရေးဌာနမှ ဝန်ထမ်းတွေက မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးပြီး အခြား Complain ရှိ/မရှိ မေးပါတယ်။ နိုင်ငံရပ်ခြားက ပြန်လာသူတွေ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း နေရာကို ရောက်လာတဲ့အခါ သူတို့ရဲ့အခြေအနေ History ကို မေးမြန်းပြီး ကျန်းမာရေးအခြေအနေ စစ်ဆေးပြီးတဲ့အခါ သူတို့နေထိုင်ရမယ့် အိပ်ဆောင်ကို ပို့ပေးပါတယ်။ အိပ်ဆောင်မှာလည်း အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းမှာ လိုက်နာရမယ့် စည်းကမ်းတွေကို ကပ်ထားပေးပြီး ဆောင်ရန် ရှောင်ရန် အချက်များကို ရှင်းပြပါတယ်။ နောက် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းနဲ့ မောပန်းခြင်းတွေ ဖြစ်ခဲ့ရင်၊ အခြားတစ်စုံတစ်ရာ ဖြစ်တယ်ဆိုရင် ကော်မတီရုံးခန်း၊ သက်ဆိုင်ရာနဲ့ ကျန်းမာရေးဦးစီးဌာနရဲ့ ဖုန်းနံပါတ်တွေ ပေးထားပြီး ချက်ချင်းဆက်ဖို့ မှာထားပါတယ်။

ရောက်ရောက်ချင်း ဖျားတဲ့လက္ခဏာ ရှိ/မရှိ မေးမြန်းခြင်း၊ အချို့သောသူ ဖျားတာတွေ့ရတဲ့အခါ လိုအပ်တဲ့ စစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ပြီး ကိုယ်အပူချိန် တစ်ကြိမ်တိုင်းပါတယ်၊ နှစ်ကြိမ်တိုင်းပါတယ်။ နားပြီး နာရီဝက်ခြားပြီး တိုင်းတဲ့အခါ ဖျားနေတာတွေ့ရရင် စည်ပင်ဧည့်ရိပ်သာမှာ ထားတဲ့သူဆိုရင် ပျဉ်းမနားပြည်သူ့ဆေးရုံ နဲ့ ရွာတော်မှာ ထားတဲ့သူဆိုရင် နေပြည်တော် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကို ပို့ပေးပါတယ်။ ရွာတော် တည်းခိုရိပ်သာကနေ ပို့ဆောင်ပေးတဲ့သူ သုံးဦးကို သူတို့ရဲ့ ချွဲသလိပ်ကိုယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနကို ပို့ပြီး စစ်တဲ့အခါ Negative တွေ့ပါတယ်။ ပိုးမတွေ့ရတဲ့အတွက် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ဆက်လက်ဆောင်ရွက်နေပါတယ်။ ၁၄ ရက်ပြည့်လို့ ပြန်မယ့်သူတွေကိုလည်း အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်းလုပ်ဖို့ အခြေခံ ကျန်းမာရေးဝန်ထမ်းများနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ၈-၄-၂၀၂၀ ရက်နေ့က ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနဲ့ ဇေယျာသီရိပြည်သူ့ဆေးရုံတို့က ၅၉ ဦးကို နေရပ်ပြန်ဖို့ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ကန့်သတ်စောင့်ကြည့်နေရာမှာ ၁၄ ရက် ပြည့်မြောက်ကြောင်း Certificate ပေးပြီး အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းပြည့်သူတွေ အိမ်ကို ပြန်ရောက်တဲ့အခါ ဘယ်လိုနေထိုင်ရမယ်ဆိုတာ တစ်ဦးချင်းစီ မှာပါတယ်။ ရှင်းပြပါတယ်။ ကျန်းမာရေးဦးစီးဌာနအနေနဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ရဲ့ ပံ့ပိုးကူညီမှု၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ NCVT ၊ ကြက်ခြေနီ၊ မီးသတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ ပူးပေါင်းပြီး အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမောင်မောင်ဆွေ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**နေပြည်တော် ကိုဗစ်-၁၉**
**စေတနာ့ဝန်ထမ်းအဖွဲ့(NCVT)**

နေပြည်တော် ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်းအဖွဲ့(NCVT)မှာ နာယကတစ်ဦး ဖြစ်ပါတယ်။ NCVT အသင်းကို ၂၁-၃-၂၀၂၀ ရက်နေ့က စတင်တည်ထောင်ခဲ့ပါတယ်။ အသင်းမှာ နေပြည်တော်ကလုပ်ငန်းရှင်တွေ၊ စက်မှုလက်မှု လုပ်ငန်းရှင်တွေ ပါပါတယ်။ အသင်းဥက္ကဋ္ဌကတော့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ဦးကျော်မြင့်ထွန်း ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌရှစ်ဦးရှိပြီး သူတို့က နေပြည်တော်မှာရှိတဲ့ အသင်းအဖွဲ့အသီးသီးရဲ့ ဥက္ကဋ္ဌတွေ ဖြစ်ပါတယ်။ ဥပမာ- အိမ်ခြံမြေအသင်း ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း စသည်ဖြင့် ပါဝင်ပါတယ်။ အသင်းအသီးသီးရဲ့ အဖွဲ့ဝင်တွေကတော့ အမာခံအနေနဲ့ ပါဝင်ပါတယ်။ အသင်းမှာ CEC ၆၀ ကျော်လောက်ရှိပြီး ဝိုင်းဝန်းလုပ်ဆောင်နေတာက တစ်ထောင်ကျော်လောက်ရှိပါတယ်။ အသင်းအနေနဲ့ မတ် ၂၂၊ ၂၃၊ ၂၄ ရက်နေ့တွေကတည်းက ပညာပေးလုပ်ငန်းတွေ စလုပ်ပါတယ်။ ပြက္ခဒိန် ၊ ဗီနိုင်းတွေရိုက်ပြီး ကျန်းမာရေးက ထုတ်ပြန်တဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို အသံချဲ့စက်နဲ့ လှည့်လည်ကြေညာပါတယ်။

နောက်ပိုင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်ချက်ခံယူပြီး ကန့်သတ်စောင့်ကြည့်နေရာတွေ ဖွင့်ဖို့လိုတဲ့အတွက် လေးနေရာစဖွင့်ပါတယ်။ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိနဲ့ ဇေယျာသီရိပြည်သူ့ဆေးရုံတို့ ဖြစ်ပါတယ်။ စဖွင့်ပြီးတော့ မတ် ၂၅ ရက်ကစပြီး ပြည်ပပြန်တွေကို လက်ခံခဲ့တာ ဒီဆေးရုံလေးရုံမှာ ၁၇၉ ဦး ဖြစ်သွားပါတယ်။ ဒါနဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူပြီး ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အတိုင်း နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှာ ထပ်မံ ဖွင့်လှစ်ခဲ့ပါတယ်။ စည်ပင်ဧည့်ရိပ်သာကတော့ ငါးနေရာမြောက် ထပ်ဖွင့်တာဖြစ်ပြီး ဒီနေ့အထိ ၆၂၀ ရှိပြီ ဖြစ်ပါတယ်။ NCVT အသင်းဟာ ကိုယ်တိုင်ထည့်ဝင်ငွေတွေပါသလို အလှူရှင်များရဲ့ ထည့်ဝင်ငွေတွေနဲ့လည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အသင်းအနေနဲ့ တစ်နေ့ကို ပြည်ပပြန်တွေအပါအဝင် စည်ပင်ဝန်ထမ်းအပါ ၇၉၉ ဦးနဲ့ စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ ၊ မီးသတ်အပါအဝင် လူပေါင်း ၁၀၀၀ ကျော်ရဲ့ စားရေးတို့ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့ စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့ဆို ဒက္ခိဏဆေးရုံက ၂၁ ဦး၊ ဇေယျာသီရိဆေးရုံက ၁၁ ဦး နဲ့ ပုဗ္ဗသီရိဆေးရုံက ၂၇ ဦးတို့ကို ကျန်းကျန်းမာမာနဲ့ ပြန်လည်စေလွှတ်ပေးနေပြီ ဖြစ်ပါတယ်။ ဒီစည်ပင်ဧည့်ရိပ်သာကတော့ ဧပြီ ၁၀ ရက်ဆို စတင်ပြီး ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၈ မှ*

**ဦးဂျင်မီ (၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

ဒီဖြစ်စဉ်က ကမ္ဘာ့သမိုင်းမှာ မကြုံဖူးတဲ့ ဖြစ်စဉ်မျိုးဖြစ်တယ်။ ဒီရောဂါအန္တရာယ်က မမြင်ရတဲ့ အန္တရာယ်ဖြစ်တယ်။ ဒီအန္တရာယ်ကို လက်ဆင့်ကမ်းပြီးတော့ သယ်ဆောင်တဲ့ (ကယ်ရီယာ)က လူဖြစ်နေတဲ့အတွက် ထိတွေ့မှုတွေကို ဖြတ်ထားနိုင်ရင် ဒီရောဂါကို ထိန်းချုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်အရ အိမ်မှာပဲနေပါ။ Stay at Home ဆိုတာကို တိုက်တွန်းနေတာ ဖြစ်ပါတယ်။ ဒါကလည်း လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း ပြည်သူတွေရဲ့ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပြီး ရောဂါကို ကာကွယ်ထိန်းချုပ်ဖို့ ကြိုးစားနေချိန်မှာ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ဖို့ အရေးကြီးပါတယ်။

အစိုးရအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်ပြီး လုပ်တဲ့အခါ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေတာဟာ သိပ်ကောင်းပါတယ်။ ဒါက လူသားအားလုံး အရေးဖြစ်ပါတယ်။ ဒီအချိန်မှာ မြန်မာမှာရော၊ ကမ္ဘာမှာပါ လူသားတွေအတွက် အရေးကြီးဆုံးအခွင့်အရေး သုံးခုပဲရှိပါတယ်။ ပထမတစ်ခုအနေနဲ့ ကျန်းမာရေး၊ ဒုတိယက အသက်အန္တရာယ်လုံခြုံရေး၊ တတိယက စားဝတ်နေရေးဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ကို မျက်ခြည်ဖြတ်ဖို့အတွက် ဧပြီလကုန်အထိ ချမှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း ဆက်နေနိုင်မယ်ဆိုရင် ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်မယ်လို့ နိုင်ငံတော်ကလည်း ယုံကြည်တယ်။ ပညာရှင်တွေကလည်း ယုံကြည်တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ယုံကြည်တယ်။ Please Stay at Home အိမ်မှာနေရင်း၊ လက်ဆေးခြင်းဖြင့် အသက်တွေကို ကယ်တင်ပါလို့ ပြောချင်ပါတယ်။

**ဦးဇော်ဇော်အောင် (အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် လုံခြုံရေး ပရဟိတအဖွဲ့ (ယာယီ))**

ကျွန်တော်တို့ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်မှာ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးနဲ့ လုံခြုံရေး ပရဟိတအဖွဲ့ (ယာယီ) လုပ်ကြပါတယ်။ တစ်ရပ်ကွက်လုံးမှာတော့ သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အိမ်မှာသာနေပါဆိုတဲ့ ဗီနိုင်းလေးတွေ ကပ်ပေးထားတယ်။ ဗီနိုင်းတွေမှာလည်း နေအိမ်မှာနေစဉ်အတွင်း တစ်ကိုယ်ရေသန့်ရှင်းရေးကို ဘယ်လိုဆောင်ရွက်ရမယ်၊ ကျန်းမာရေးဌာနက ထုတ်ပြန်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကိုလည်း ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေကို ရပ်ကွက်အတွင်း သိသာမြင်သာရှိတဲ့နေရာတွေမှာ ကပ်ထားပေးပါတယ်။

ကားနဲ့လည်း ဆော်ဩပေးပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ အဓိက ဒီရက်ပိုင်းတွေမှာ အိမ်မှာနေပေးဖို့ တတ်နိုင်သလောက် ဆော်ဩပေးနေပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်နိုင်ဖို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြဖို့ လိုက်ဆော်ဩတာတွေရှိပါတယ်။

ကျွန်တော်တို့နိုင်ငံက ဆင်းရဲတဲ့နိုင်ငံထဲမှာပါတယ်။ စားဝတ်နေရေး ဖြေရှင်းဖို့အတွက်ကို အလုပ်တွေလုပ်နေတာ တွေ့ရတယ်။ ဒီမှာလည်း ကပ်ရောဂါနဲ့ပတ်သက်ပြီး ကူးစက်ခံရတာတွေ ခပ်ပါးပါးလေးဖြစ်နေတော့ နိုင်ငံတကာသတင်းတွေမှာလည်း အချိန်နဲ့တစ်ပြေးညီ ကြေညာနေတော့ တချို့ကလည်း သတိထားမိတယ်။ တချို့ကလည်း သတိမထားမိတဲ့သူတွေရှိတယ်။ နေထိုင်သွားလာတာတွေက ပုံမှန်လေးတွေ ရှိနေတယ်။ ဆင်ခြင်တဲ့သူတွေကလည်း ဆင်ခြင်ကြပါတယ်။ ဒီထက်ပိုပြီး ဆင်ခြင်နိုင်ကာမှ တော်ကာကြမယ်။

ကျန်းမာရေးဌာနတွေက အသိပညာပေးတာတွေကိုလည်း တတ်နိုင်သလောက် ဆောင်ရွက်ရမယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်အိတ်ထဲကစိုက်ပြီး တတ်နိုင်သလောက် ကျန်းမာရေးအတွက် လိုအပ်တဲ့ ပစ္စည်းလေးတွေ ဝယ်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး လမ်းတိုင်းကို ပိုးသတ်ဆေးတွေ နှစ်ကြိမ်ဖျန်းတယ်။ ဒီလောက်လုပ်ကာမှ တော်ကာတန်ကာ ကျမယ်ထင်တယ်။ ကျွန်တော်တို့ နိုင်ငံက ဆင်းရဲပေမယ့် ဒီရောဂါကာကွယ်ထိန်းချုပ်ရေးမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရစရာကောင်းပါတယ်။ တော်တော်များများလည်း လေးစားလိုက်နာကြပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ဒီလိုအချိန်မှ ကိုယ်ကျိုးစွန့် မလုပ်ရင် ဘယ်အချိန် ကိုယ်ကျိုးစွန့်လုပ်မလဲ။ ဒါက ကမ္ဘာ့ကပ်ရောဂါလေ။ ဒီလိုတတ်နိုင်သမျှ ကာကွယ်ထိန်းချုပ်တာကို ကျန်းမာရေးဌာနက ညွှန်ကြားချက်တွေနဲ့အညီ လုပ်တာဟာ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်ရပ်ကွက်ထဲမှာ အိမ်ခြေဘယ်လောက်ရှိတယ်။ ဘယ်အိမ် ချို့တဲ့တယ်ဆိုတာသိတယ်။ အဲဒါလေး စာရင်းပြုစုထားပြီး ကျွန်တော်တို့တွေစုပြီး ဆန်၊ ဆီ စတဲ့ စားနပ်ရိက္ခာတွေ ဝယ်ပြီးစုထားတယ်။ လိုအပ်လာရင် ချို့တဲ့သူတွေကို ထောက်ပံ့ပေးသွားမယ်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ရဲစခန်းနှင့် ရဲကင်းများ၌ အိမ်စီးကားများ ရပ်နားနိုင်

**နေပြည်တော် မေ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကိုအသုံးပြု၍ ယခုရက်များအတွင်း သွားလာကြမည့် အိမ်စီးကားများအနေဖြင့် နီးစပ်ရာ ရဲစခန်းများနှင့် ရဲကင်းများတွင် ခေတ္တရပ်နားနိုင်ကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်ထားသည်။

အမြန်လမ်းတစ်လျှောက် အသုံးပြုသွားလာလျက်ရှိသည့် ခရီးသည်တင် ယာဉ်များသည် ခရီးသည်ပို့ဆောင်ခြင်းများကို မေ ၇ ရက်မှ စတင်၍ ရပ်နားထားမည်ဖြစ်ကြောင်း သိရှိရသည်။ ခရီးသည်တင်ယာဉ်များ ရပ်နားမှုကြောင့် အမြန်လမ်းမကြီးတွင် အသုံးပြုသွားလာမည့်ယာဉ်များ အရေအတွက် နည်းပါးသွားမည်ဖြစ်ပြီး အမြန်လမ်းတွင် ခရီးသွားလာကြမည့် ကိုယ်ပိုင် အိမ်စီးယာဉ်ငယ်များအနေဖြင့် မည်သည့်အကြောင်းဖြစ်စေ ခေတ္တရပ်နားလိုပါက အမြန်လမ်းမကြီးတစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ရဲစခန်းနှင့် ရဲကင်းများတွင်သာ ရပ်နားကြရန် ခရီးသွားပြည်သူများအား အသိပေးထားကြောင်း သိရသည်။

အမြန်လမ်းမကြီးတွင် ရဲတပ်ဖွဲ့ ရဲစခန်းများသည် ပျမ်းမျှ မိုင် ၂၀ ခန့် အကွာတွင်လည်းကောင်း၊ ရဲကင်းများမှာ ပျမ်းမျှ ငါးမိုင်ခန့်အကွာတွင် လည်းကောင်း တည်ရှိကြောင်းသိရှိရပြီး အရေးပေါ်ဆက်သွယ်လိုပါက ဖုန်း-၀၉-၄၂၀၈၈၈၈၀၁ မှ ၀၉-၄၂၀၈၈၈၈၇၀ အထိ ဖုန်းနံပါတ် ၇၀ မှ အဆင်ပြေရာ နံပါတ်သို့ ချိတ်ဆက်အကူအညီများ တောင်းခံနိုင်ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့ရုံးမှ သိရသည်။

"အမြန်လမ်းမှာ အကူအညီတောင်းခံမှုတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ကူညီပေးနေပါတယ်။ အကောင်းဆုံးကတော့ လမ်းမှာ မရပ်နားဘဲ ရဲကင်းတွေ၊ စခန်းတွေမှာပဲ ရပ်နားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

**ခင်ရတနာ**

# နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုအတွက် အကူအညီ အလွယ်တကူတောင်းခံနိုင်

**နေပြည်တော် မေ ၉**

၂၀၂၀ ပြည့်နှစ်၊ နွေရာသီကာလအတွင်း ကျေးရွာများ၌ နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့်စပ်လျဉ်း၍ မေ ၉ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ်ပေါင်း ၂၇၊ ကျေးရွာပေါင်း ၈၀ ရွာသို့ ရေဂါလန် ၅၀၁၀၃၆ ဖြန့်ဝေထောက်ပံ့ပေးနိုင်ခဲ့ပြီး ကျေးရွာများသို့ ရေဖြန့်ဝေပေးမှု အခြေအနေမှာ ပူးတွဲပါ ဇယားအတိုင်းဖြစ်သည်။

ရေရှားပါး ပြတ်လပ်သောကျေးရွာများမှ သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရေး အကူအညီတောင်းခံနိုင်ရန်နှင့် ရေလှူဒါန်းလိုသော စေတနာရှင်၊ အလှူရှင်များမှ ရေလှူဒါန်းမှုများ ပြုလုပ်ပေးနိုင်ရန်တို့အတွက် Water Donation Myanmar App ကို အလွယ်တကူအသုံးပြု ဆောင်ရွက်နိုင်ပြီး ရေရှားပါးပြတ်လပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှု နောက်ဆုံးအခြေအနေများအား water-donation.com တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**၂၀၂၀ နှစ် တိုင်းဒေသကြီး /ပြည်နယ်များအတွင်း ရေရှားပါးကျေးရွာများတွင် ရေဖြန့်ဝေပြီးစီးမှုအခြေအနေ**

(၉.၄.၂၀၂၀) ရက်နေ့အထိ

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | မြို့နယ်ပေါင်း | ကျေးရွာပေါင်း | အိမ်ခြေ | လူဦးရေ | ဖြန့်ဝေသည့် ရေဂါလန် | စက်သုံးဆီ တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|
| ၁ | ကယားပြည်နယ် | ၄ | ၂၈ | ၂၄၃၃ | ၁၂၇၀၇ | ၈၂၈၅၅ | ၁.၈၇၀၅ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ၁ | ၅၄၀ | ၂၇၃၀ | ၂၄၀၀၀ | ၀.၃၀၀၀ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၁ | ၁၂၉ | ၉၄၀ | ၄၈၉ | ၀.၀၆၈၀ |
| ၄ | မကွေးတိုင်းဒေသကြီး | ၅ | ၁၀ | ၃၅၀၄ | ၁၇၄၈၂ | ၁၄၇၅၈၀ | ၀.၆၇၈၀ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၁ | ၂ | ၁၁၁၆ | ၅၉၁၁ | ၈၀၀၀ | ၀.၀၄၈၀ |
| ၆ | မွန်ပြည်နယ် | ၁ | ၄ | ၈၉၇၇ | ၅၃၂၄၉ | ၆၄၃၀၀ | ၀.၀၀၀၀ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၂ | ၂၉၄ | ၁၅၁၇ | ၆၄၀၀ | ၀.၀၄၆၀ |
| ၈ | ရှမ်းပြည်နယ် | ၈ | ၂၃ | ၄၀၅၆ | ၁၉၂၁၃ | ၁၁၈၁၆၀ | ၁.၅၅၀၇ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ၁ | ၃၀၈ | ၁၁၆၀ | ၈၃၂ | ၀.၀၄၅၀ |
| ၁၀ | နေပြည်တော် | ၃ | ၈ | ၃၆၆၉ | ၂၀၅၉၉ | ၅၀၄၀၀ | ၀.၀၄၅၄ |
| | ပေါင်း | ၂၃ | ၈၀ | ၂၅၂၂၆ | ၁၃၅၅၀၈ | ၅၀၁၀၁၆ | ၅.၀၆၂၀ |

# လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ကိုဗစ် - ၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် မေ ၉**

လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့ နံနက်ပိုင်းက ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု မရှိစေရေးအတွက် ဘာသာမရွေး လူမှုကူညီရေးအသင်းမှ ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့သည်။

ထို့ပြင် ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်မှူး ဒေါက်တာတင်မောင်ညွန့်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနှင့် ကိုယ်အပူချိန်တိုင်းကိရိယာတို့ကို ထောက်ပံ့ပေးအပ်ရာ မြန်မာ့စီးပွားရေးဘဏ် ဒုတိယပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းနှင့် ခရိုင်မန်နေဂျာ ဒေါ်စန္ဒာတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**၀၀၇**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# ကျွန်းလှမြို့တွင် ဒေသန္တရအမိန့် ကျူးလွန်ဖောက်ဖျက်သူအား ထောင်ဒဏ်ချမှတ်

**ကျွန်းလှ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်နေ ဦးရွှေကျော် (မြတ်လေးရွှေပြည် လက်ဖက်ရည်ဆိုင်) သမီး မခိုင်ဝင့်မွန်(ခ) မချောခင်နှင့် မောင်ကျော်မင်းသန်းတို့သည် မတ် ၂၇ ရက်က ကိုဗစ် - ၁၉ ရောဂါနှင့် စပ်လျဉ်း၍ ဒေသန္တရအမိန့်များ ထုတ်ပြန်ထားရှိမှုကို လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ပြီး မင်္ဂလာပွဲကျင်းပခဲ့သဖြင့် ဦးရွှေကျော်၊ သမီးမခိုင်ဝင့်မွန်(ခ) မချောခင်နှင့် မောင်ကျော်မင်းသန်းတို့ကို ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်က တရားလိုပြုလုပ်၍ ကျွန်းလှမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါအမှုကို ဥပဒေနှင့်အညီ ကျွန်းလှမြို့နယ်တရားရုံးက တရားခံ ဦးရွှေကျော်နှင့် ကျော်မင်းသန့်တို့ကို အလုပ်နှင့်ထောင်ဒဏ် ခြောက်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင် ဖတ်ရှုနိုင်ပါရန်

၉-၄-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာ - ၃၂ ပါ "ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလိုအလျောက်ဆေးဖျန်းစက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့လှူဒါန်း" **(အစား)** "ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလိုအလျောက် ဆေးဖျန်းစက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့လှူဒါန်း" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(စာတည်းအဖွဲ့)**

*စာမျက်နှာ ၉ မှ*

မေ ၁၇ ရက်ဆို အားလုံး ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။ ၁၇၊ ၁၈ ရက်နောက်ပိုင်း ပြည်ပပြန် ညီအစ်ကိုတွေကို စောင့်ရှောက်မှု အပိုင်းပြီးတဲ့အခါ NCVT အသင်းအနေနဲ့ ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းနေတာရှိပါတယ်။ နိုင်ငံတော်က ထောက်ပံ့ပေးနေတာက တစ်ပိုင်းပါ။ ကျွန်တော်တို့ဆန်ကို အများကြီး သက်သာတဲ့နှုန်းနဲ့ ရာခိုင်နှုန်းတစ်ခုအထိ အရှုံးခံပြီး ကြက်ဥတို့၊ ဆီတို့နဲ့ သုံးခုတွဲပြီး ပြည်သူတွေကို ရောင်းချပေးဖို့၊ ကျေးရွာအရောက် ရောင်းချပေးဖို့ စီစဉ်နေပါတယ်။ ကြက်သားဆိုလည်း မွေးမြူရေးလုပ်ငန်းရှင်အသင်းနဲ့ ချိတ်ဆက်ပြီး အပြင်မှာ တစ်ပိဿာ ငွေကျပ် ၄၀၀၀/- ဆို ကျွန်တော်တို့က ငွေကျပ် ၃၂၀၀/- ဈေးနဲ့ ပြည်သူတွေဝယ်လို့ အဆင်ပြေအောင် ၂၅ ကျပ်သား ဒီလိုမျိုး စီစဉ်ပေးပါမယ်။ မေ ၂၃ ရက် နောက်ပိုင်းမှာဆို မြဝတီမှာရှိတဲ့ ကန့်သတ်စောင့်ကြည့်နေရာတွေက ပြန်ဝင်လာမယ့်သူတွေလည်းရှိတဲ့အတွက် လက်ခံဖို့လည်း နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကပ်ရောဂါဆိုတာ ပူးပေါင်းရင်ဆိုင်တွန်းလှန်မှ အောင်မြင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးမျိုးနေဇော်**
**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လယ်ဝေးမြို့နယ်**

ဒီ စည်ပင်ဧည့်ရိပ်သာ ကန့်သတ်စောင့်ကြည့်စခန်းမှာ ၈-၄-၂၀၂၀ မှ ၁၀-၄-၂၀၂၀ ရက်အထိ ကွပ်ကဲရေးရုံးမှာ ရုံးအဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ကျန်းမာရေး၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့၊ NCVT (Naypyitaw Covid-19 Volunteer Team) တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နေပြည်တော် စည်ပင်ဧည့်ရိပ်သာမှာ ၂၇-၃-၂၀၂၀ ရက်နေ့မှ ၄-၄-၂၀၂၀ ရက်နေ့ထိ ကန့်သတ်စောင့်ကြည့်ခံထားသူ အမျိုးသား ၄၂၄ ဦး၊ အမျိုးသမီး ၁၉၆ ဦး စုစုပေါင်း ၆၂၀ ရှိပါတယ်။ ဒီ ၆၂၀ ထဲမှာ နေပြည်တော် ရှစ်မြို့နယ်အပြင် ပင်လောင်းမြို့ကတစ်ဦး၊ ဆင်ပေါင်ဝဲမြို့က တစ်ဦး နဲ့ ပြည်မြို့က တစ်ဦး ပါပါတယ်။ စည်ပင်ဧည့်ရိပ်သာမှာ ကန့်သတ်စောင့်ကြည့်ခံထားသူတွေကို သက်ဆိုင်ရာ အဆောင်မှာ တစ်ခန်းကို နှစ်ဦး နေရာချထားပေးပါတယ်။ သတ်မှတ် ၁၄ ရက်တာ ကာလအတွင်း သတ်မှတ်တဲ့နေရာမှာ နေဖို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မီးသတ်တပ်ဖွဲ့က ဝန်ထမ်းတွေနဲ့ပေါင်းပြီး လမ်းဆုံလမ်းခွတွေကနေ စောင့်ကြပ်ကြည့်ရှုပြီး အပြင်မထွက်ဖို့ ထိန်းချုပ်ပေးရပါတယ်။ ဒါ့အပြင် နေရေးစားရေး၊ ကျန်းမာရေး ကိစ္စအဝဝ ရေမလာတာ၊ မီးမရတာတို့ကိုလည်း သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်ပေးပါတယ်။ သတင်းတင်ပြမှုအနေနဲ့ နေ့စဉ် ထူးခြားမှု ရှိ/မရှိ နဲ့ စာရင်းဇယား အချက်အလက်တွေကို တစ်နေ့ နှစ်ကြိမ် မနက် ၆ နာရီ တစ်ကြိမ်၊ ညနေ ၆ နာရီ တစ်ကြိမ် နေပြည်တော်ကောင်စီသို့ ပေးပို့တင်ပြဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါ်ဖြူဖြူမြင့်**
**နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ဒုဥက္ကဋ္ဌ**

နေပြည်တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ၂၇-၃-၂၀၂၀ ရက်နေ့ကစပြီး တာဝန်ယူဆောင်ရွက်ပါတယ်။ တစ်ရက်ကို ၁၀ ဦး၊ အရာရှိတစ်ယောက်ဦးစီးပြီး ပြည်ပက ပြန်လာတဲ့သူတွေကို ကျန်းမာရေး စစ်ဆေးတဲ့အခါ ပူးပေါင်းဆောင်ရွက်ပါတယ်။ ပြည်ပပြန်တွေလာတဲ့အခါ သက်ဆိုင်ရာ တာဝန်ကျအဆောင်၊ အခန်းကို လိုက်ပို့ဆောင်ရွက်ပေးရပါတယ်။ ကြက်ခြေနီအဖွဲ့ဝင်တွေက အခန်းတွေမှာ နေရာချတဲ့အခါ မှတ်ပုံတင်နဲ့ လူကိုက်မကိုက် တိုက်ဆိုင်စစ်ဆေးပါတယ်။ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ကျန်းမာရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ဖို့နဲ့ ကိုယ်အပူချိန်တိုင်းတာဖို့ သွားရောက်တဲ့အခါ ကြက်ခြေနီအဖွဲ့ဝင်တွေက အသံချဲ့စက်နဲ့ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ဖို့၊ မိမိအခန်း ပြတင်းပေါက်ဘေးမှာ အသင့်နေပေးဖို့ နှိုးဆော်ပေးပါတယ်။

**ဦးစိန်သောင်း**
**ရပ်မိရပ်ဖ(ကံသာကျေးရွာ၊ လယ်ဝေးမြို့နယ်)**

ကျွန်တော်တို့ဆီမှာ ကိုဗစ်-၁၉ ရောဂါ မကူးစက် မပြန့်ပွားစေရေး ဆောင်ရွက်ဖို့ မြို့နယ်က ညွှန်ကြားလာတဲ့အခါ ရပ်မိရပ်ဖအနေနဲ့ ရွာအုပ်ချုပ်ရေးအဖွဲ့နဲ့ ပူးပေါင်းပြီး NGO အဖွဲ့ ကျန်းမာရေးဌာနတို့နဲ့ အစည်းအဝေးပြုလုပ်ပြီး ပြည်ပကပြန်လာသူတွေကို စာရင်းကောက်ရပါတယ်။ စာရင်းကောက်ပြီးတဲ့အချိန်မှာ မြို့နယ်ကို သတင်းပဲပို့ရသေးတဲ့ အနေအထားဆိုတော့ ရွာမှာပဲ စောင့်ကြည့်ကာလအနေနဲ့ ထားပေးရတယ်။ ရွာကို ပြန်လာတဲ့သူ ၆၃ ယောက်ထဲမှာ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၁၈ ဦး ရှိပါတယ်။ မြို့ကိုပို့ရမယ့် အစီအစဉ်မဟုတ်သေးတော့ ကျွန်တော်တို့ရွာမှာပဲ သီးသန့်ထားရတယ်။ သူတို့ရဲ့ စားရေးသောက်ရေးကို အစောကတည်းက ကြိုတင်စီစဉ်ထားတာရှိတယ်။ သူတို့ရဲ့အစားအသောက်၊ ရေကအစ အပြင်ကို မထွက်ရဆိုတဲ့ စနစ်နဲ့ ကျွန်တော်တို့အနေနဲ့ ရပ်ရွာက ပြည်သူလူထုနဲ့ ပူးပေါင်းပြီး ရိက္ခာတွေ သွားပို့တယ်။ သူတို့ရဲ့ဆွေမျိုးတွေကလည်း ပို့ကြတယ်။ သူတို့တွေ အပြင်မထွက်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဌာနဆိုင်ရာက အချိန်နဲ့တစ်ပြေးညီ စောင့်ရှောက်ပေးတယ်။ နောက်ပိုင်းမှာ ပြည်ပက ပြန်လာတဲ့ ၁၄ ဦးကို မြို့နယ်အစီအစဉ်နဲ့ နေပြည်တော် စည်ပင်ဧည့်ရိပ်သာကို ပို့ပေးပါတယ်။ ရွာမှာလည်း ညစဉ် ညတိုင်း ကျန်းမာရေးဌာန၊ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အသံချဲ့စက်နဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မိမိ မိသားစုထဲက ပြည်ပက ပြန်လာတဲ့သူရှိရင် သက်ဆိုင်ရာကို အချိန်မီ အကြောင်းကြားဖို့ အသိပေးနှိုးဆော်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - ရွှေရွှေမြင့်၊ သီတာအေး**
**ခတ်ပုံ၊ ဇော်ဖြိုးအောင်၊**
**ဇော်မင်းလွင် (ပြန်/ဆက်)**

# ကျောက်တော်မြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် ဆန်အိတ် ၁၅၀ လာရောက် သယ်ဆောင်သည့် AA အကြမ်းဖက်အဖွဲ့ဝင်များအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံ တပ်ဌာနချုပ်က ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်ဆေးရေးဂိတ် ဖွင့်လှစ်ထားရှိပြီး AA အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုများ၊ ယာဉ်ဝင်ထွက်မှုများ၊ ရန်ကုန်-စစ်တွေကားလမ်းမကြီးအား အသုံးပြု၍ ရိက္ခာနှင့် လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်မှုမရှိစေရေးနှင့် မြို့လုံခြုံရေးအား နေ့ညမပြတ် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များသည် ဧပြီ ၄ ရက် ညနေပိုင်းတွင် ဆန်အိတ်များတင်ဆောင်၍ ကျောက်တော်မှ သရက်တပင်ကျေးရွာဘက်သို့ ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနေ အောင်ဖြိုးသက် (အသက် ၂၀) မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် ယာဉ်ပေါ်၌ ညောင်ချောင်းကျေးရွာ တိုက်ပွဲရှောင်စခန်းသို့ ပို့ဆောင်ရန် ဆန်အိတ် ၁၅၀ နှင့် အတူ ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင် အသက် ၅၅ နှစ် နှင့် မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦးတို့ကိုတွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ကြောင်း။

စစ်ဆေးမေးမြန်းချက်များအရ ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင်သည် ကျေးရွာအုပ်စုစာရေးတာဝန်ထမ်းဆောင်လျက်ရှိစဉ် ကျေးရွာရှိ တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းမှ ရွာသူရွာသားများစားသုံးရန် လိုအပ်သော ဆန်များကို ကျောက်တော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ လစဉ်တင်ပြ တောင်းခံပေးလျက်ရှိကြောင်း၊ ယင်းသို့တောင်းခံရန် အုပ်ချုပ်ရေးမှူးဟောင်း ဖြစ်သူ ဦးသန်းအေးက စေခိုင်းလျက်ရှိပြီး တောင်းခံရရှိသောဆန်များအား သုံးပုံပုံ၍ နှစ်ပုံကို တိုက်ပွဲရှောင် ရွာသူရွာသားများထံသို့ ထောက်ပံ့ပေးပြီး ကျန်တစ်ပုံကို AA အကြမ်းဖက်အဖွဲ့ထံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ AA အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၅ ဦးခန့်သည် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် တိုက်ပွဲရှောင်စခန်းသို့ အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးသန်းအေးနှင့် အတူလာရောက်၍ ယခု ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများသည် ဒုက္ခသည်များ မဟုတ်ကြောင်း၊ တော်လှန်ရေးတွင် တိုက်ပွဲဝင်နေကြသူများသာ ဖြစ်သည်ဟု စည်းရုံးဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှု များကို ဦးအုန်းနိုင် ကိုယ်တိုင် ဝန်ထမ်းတစ်ဦးအနေဖြင့် သိရှိသော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ သတင်းပို့တင်ပြခြင်းမရှိသည့်အပြင် ကိုယ်တိုင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုက်ပွဲရှောင်ရွာသူရွာသားများ အတွက် အကြောင်းပြ၍ ဆန်အိတ်များကို အကြိမ်ကြိမ်တောင်းခံခဲ့ပြီး ဖမ်းဆီးခံရ ချိန်အထိ ဆန်အိတ်ပေါင်း ၇၆ အိတ်ခန့်အား AA အကြမ်းဖက်အဖွဲ့ထံ ခွဲဝေပေး လျက်ရှိကြောင်း သိရှိရသည်။

မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦး အနက်မှ ကျော်ကျော်နိုင်၏ ထွက်ဆိုချက် များအရ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်နေစဉ် AA အကြမ်းဖက်အဖွဲ့မှ ဆက်ကြေးတာဝန်ခံ ကျော်ကြီးဆိုသူ၏ စည်းရုံးပြောဆိုမှုများ ကြောင့် AA အကြမ်းဖက်အဖွဲ့အတွက် ထိုင်းနိုင်ငံတွင် ရောက်ရှိလျက်ရှိသော အလုပ်သမားများထံမှ လူမျိုးရေးအကြောင်းပြကာ ငွေကြေးများကောက်ခံခဲ့ပြီး ကျော်ကြီးထံသို့ လစဉ်ပေးသွင်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ ကွမ်းတုံမြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့စဉ်တွင်လည်း တရုတ်နိုင်ငံရောက် ရခိုင်လူမျိုးများထံမှ AA အကြမ်းဖက်အဖွဲ့အတွက် လိုအပ်သောငွေကြေးများကို WeChat မှတစ်ဆင့် ထပ်မံကောက်ခံပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ တွင် ကိုဗစ် - ၁၉ ကြောင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ညောင်ချောင်းတိုက်ပွဲရှောင်စခန်းတွင်နေထိုင်စဉ် ညောင်ချောင်းကျေးရွာ အုပ်စု စာရေး ဦးအုန်းနိုင်နှင့်အတူ ကျောက်တော်မြို့မှ ဆန်အိတ်များ သယ်ဆောင်၍ ပြန်လာစဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရှိရသည်။

စစ်ဆေးမေးမြန်းချက်များအရ မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦးအနက်မှ မောင်မဲတင်၊ မောင်လှဝင်း၊ ဖြူသီး၊ မျိုးကျော်၊ ဦးကျော်လှိုင်၊ စောမင်းဌေး၊ မင်းစိုးမြင့် တို့သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် AA အကြမ်းဖက်အဖွဲ့၏ အခြေခံတပ်သားသစ်သင်တန်းအား တောတွင်းစခန်းတစ်ခုတွင် တက်ရောက်ခဲ့ ကြောင်း၊ ယင်းတောတွင်းစခန်း၌ နေထိုင်လျက်ရှိစဉ် လိုအပ်သောရိက္ခာ သယ်ဆောင်ရန်အတွက် ညောင်ချောင်းကျေးရွာသို့ထွက်ခွာခဲ့ပြီး ညောင်ချောင်း ကျေးရွာအုပ်စုစာရေး ဦးအုန်းနိုင်နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးမှ ဆန်အိတ် ၁၅၀ အား သယ်ဆောင်၍ပြန်လာစဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရှိရသည်။

အောင်ဖြိုးသက်(ယာဉ်မောင်း)၊ လင်းလင်းချေ၊ ထွန်းထွန်းနိုင်၊ သန်းဝင်းလှိုင်၊ အောင်ကျော်ဆန်း၊ ကျော်မိုးလှိုင်တို့၏ ထွက်ဆိုချက်များအရ ၎င်းတို့အား ညောင်ချောင်းကျေးရွာအုပ်စုစာရေးဖြစ်သူ ဦးအုန်းနိုင်က ကျောက်တော်မြို့သို့ ဆန်အိတ်များ သွားရောက်သယ်ဆောင်ရန် ခြိမ်းခြောက်ပြောဆို၍ ခေါ်ဆောင် လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ၎င်းကဲ့သို့ ခေါ်ဆောင်မှုများရှိခဲ့ပြီး လိုက်ပါခြင်းမရှိသူများကို ကြိုးဖြင့်တုပ်၍ ချုပ်နှောင်ထားသည်ကို မြင်တွေ့ဖူး သဖြင့် လိုက်ပါလာရခြင်းဖြစ်ကြောင်း၊ ကျောက်တော်မြို့မှ ဆန်အိတ်များ သွားရောက်သယ်ဆောင်စဉ် ဆန်အိတ်များသည် AA အကြမ်းဖက်အဖွဲ့အတွက် တစ်ဝက်၊ တိုက်ပွဲရှောင်များအတွက် တစ်ဝက်ဖြစ်သည်ဟု ပြောဆိုသည်များကို ကြားရကြောင်း သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိ ရိက္ခာဆန်များအား ကျောက်တော် မြို့မရဲစခန်းသို့အပ်နှံ၍ တရားဥပဒေနှင့်အညီအရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၀- ၄ -၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆ :၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၈:၃၅ – ခါသကြံ့နံ်အဆို၊ အကများ
- ၉:၁၀ – “ဒေါက်တာ ဘဒ္ဒန္တ ကုမာရာ ဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း”
- ၁၀:၀၀ – “Covid– 19 အသိပညာပေးဆွေးနွေးပွဲ” (STOP THE VIRUS) (အပိုင်း–၁)
- ၁၀:၁၅ – ခါသကြံ့နံ်အဆို၊ အကများ
- ၁၁:၄၅ – “ကျုပ်တို့ရွာက မြန်မာ့သင်္ကြန်”
- ၁၂:၃၅ – ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင် အဘိဇာတလင်္ကာရာဘိဝံသ (စစ်ကိုင်းဆရာတော်) ဟောကြားတော်မူသော “ဆင့်ကဲဆင့်၍မြင့်ပါစေ” တရားတော်
- ၁၄:၀၀ – ဆေးရောင်စုံရုပ်ရှင် “ကြိုးတန်း”

**ညပိုင်း**

- ၁၆:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ “နတ်ဆိုးမလေးရဲ့ ကိုယ်ရံတော်” (အပိုင်း– ၁)
- ၁၇:၃၀ – ခါသကြံ့နံ်အဆို၊ အကများ
- ၁၈:၅၀ – “သင်္ကြန်ရင်ခုန်သံစကားဝိုင်း” “သင်္ကြန်မိုး”
- ၁၉:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားခေါ်ဆောင်ရာ” (အပိုင်း– ၃၀)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – ခါသကြံ့နံ်အဆို၊ အကများ
- – မြန်မာ့ရုပ်ရှင် ရာပြည့်ဂုဏ်ပြုအစီအစဉ်
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# တနင်္သာရီမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဧပြီ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် တနင်္သာရီ မြို့နယ် ပဝကျေးရွာအုပ်စု ပဝကျွန်းရှည်ကျေးရွာ၏ အရှေ့ ဘက် သုံးဖာလုံခန့်အကွာရှိ လက်ကျားကြီးချောင်းကမ်းပါး ဘေးတွင်ရပ်ထားသော စက်လှေကိုရှာဖွေရာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ ရေထဲခုန်ချ၍ထွက်ပြေး သွားပြီး စက်လှေပေါ်တွင် မျိုးဦး(ခ) နောင်ပုတ်နှင့်အတူ ဘိန်းစာမှုန့် ၃၀၃ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၈ ရက် ည ၉ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ပြည်လမ်း A–1 မှတ်တိုင်အနီးတွင် စိုးမိုးအောင် မောင်းနှင် ပြီး မောင်ပါအဲနှင့် မနာလောဘို တို့လိုက်ပါလာသည့် ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး မနာလောဘို နှင့် မောင်ပါအဲ တို့ ငှားရမ်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ဦးမောင်မောင်စိုးလမ်း အိမ်အမှတ်–၁၀၀(A)ရှိ နေအိမ်ကိုဆက်လက်ရှာဖွေရာ စုစုပေါင်း ငွေကျပ်သိန်း ၁၄၄၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၀၀၀ ထပ်မံ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ညောင်လေးပင်မြို့၌ ဆီဘောက်ဆာယာဉ်နှင့် သုံးဘီးဆိုင်ကယ်တိုက်မိကာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ညောင်လေးပင် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက် စက်မှုလယ်ယာရုံး ရှေ့ ရန်ကုန်–မန္တလေးကားလမ်း ဟောင်းတွင် ဆီဘောက်ဆာယာဉ်နှင့် သုံးဘီးဆိုင်ကယ်တို့ တိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံးပြီး အမျိုး သမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မန္တလေးမှ ရန်ကုန်ဘက်သို့ ညောင်လေးပင်မြို့ (၄) ရပ်ကွက် ရွှေကန်သာ ၄ လမ်းနေသူများဖြစ် သည့် စိုးမိုးထက်(၂၈ နှစ်) မောင်းနှင်ပြီး မစုစုငြိမ်း (၃၀ နှစ်) လိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် အရှိန်မထိန်း နိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ စစ်ကိုင်းမြို့ ရွာထောင်မီးရထား ရပ်ကွက်နေသူ မျိုးမင်းဇော် မောင်းနှင် လာသည့် YGN 9E/ ---- နစ်ဆန်း ဆီဘောက်ဆာယာဉ်နှင့် ဝင်ရောက် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် စိုးမိုးထက် တွင် ဒဏ်ရာများရရှိသဖြင့် အခင်းဖြစ် နေရာတွင်သေဆုံးခဲ့ပြီး မစုစုငြိမ်းမှာ ဒဏ်ရာ (စိုးရိမ်ရ)များ ရရှိခဲ့သဖြင့် ညောင်လေးပင်ဆေးရုံသို့ပို့ဆောင်ပေး ခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သုံးဘီးဆိုင်ကယ် ယာဉ်မောင်း စိုးမိုးထက်ကို ညောင်လေးပင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အောင်လံမြို့နယ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ကြက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်

**အောင်လံ ဧပြီ ၉**

အောင်လံမြို့နယ် ပိတောက်ကုန်းကျေးရွာအနီး၌ ယနေ့ နံနက် ၃ နာရီက ကြက်မွေးမြူရေးခြံကို မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ရာနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးစီးသော သန္နေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင် ခဲ့သည်။

ယင်းမီးလောင်မှုကြောင့် ဦးကျော်ဌေး ပိုင်ဆိုင်သည့် ကြက်အကောင်ရေ ၃၀၆၀ သားဖောက်ထားသော ကြက်မွေးမြူရေးခြံတစ်လုံး၊ ကြက်စာသိုလှောင် ထားသည့် တဲတစ်လုံးနှင့် ကြက်အကောင်ရေ ၃၀၆၀ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးကျော်ဌေးကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**သိန်းလွင်(အောင်လံ)**



ကြက်ခြံ မီးလောင်မှုဖြစ်ပွားစဉ်။

# အင်းတော်မြို့နယ် စီးမော်ကျေးရွာတွင် ဝက်များသေဆုံးသဖြင့် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေး



**အင်းတော် ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စီးမော် ကျေးရွာတွင် ယနေ့ နံနက် ၇ နာရီက ဝက်များသေဆုံးခဲ့ သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် စစ်ဆေးကာ ပိုးသတ်ဆေး ပက်ဖျန်းခဲ့သည်။ (ဓာတ်ပုံ)

ယနေ့ နံနက် ၈ နာရီခွဲက စီးမော်ကျေးရွာနှင့် မော်လူးဒေသတွင် ဝက်များသေဆုံးခဲ့ကြောင်း လူမှု ကွန်ရက်တွင် ဖော်ပြသော သတင်းအရ တိရစ္ဆာန်ဆေးကု ဆရာဝန် ဒေါက်တာအောင်သိန်း–မော်လူးနယ်မြေ တာဝန်ခံ ဒုဦးစီးမှူးနှင့် စီးမော်ကျေးရွာတာခံ ဦးထွန်းဝေ တို့က သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါသေဆုံးသွား သောဝက်များမှာ စီးမော်ကျေးရွာနေ ဦးချိုဦး၏ ဝက်များဖြစ်ပြီး ယင်းဝက်များမှာ ဧပြီ ၂ ရက်တွင် ဝက် တစ်ကောင်၊ ဧပြီ ၇ ရက်တွင် နှစ်ကောင်၊ ဧပြီ ၉ ရက် နံနက် ၇ နာရီက တစ်ကောင် စုစုပေါင်း ဝက်လေးကောင် သေဆုံးသွားခဲ့ရာ အဆိုပါ သေဆုံးသွားသောဝက်များမှာ မြေမြှုပ်ခဲ့ပြီးဖြစ်၍ မည်သည့်ရောဂါဖြင့် သေဆုံးခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ပြီး ၎င်းနေအိမ်အတွင်းရှိ ကျန်ရှိနေသော ဝက်နှစ်ကောင်ကို ကျန်းမာရေးစစ်ဆေးကာ ဝက်ခြံ များအား ပိုးသတ်ဆေး ပက်ဖျန်းခဲ့ကြောင်း သိရ သည်။

**နီတိုး**

# ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်ပြီး လိုဏ်ဂူအဆုံးတွင် အလင်းရောင်တွေ့နိုင်ဟု ဒေါ်နယ်ထရမ့်ပြောကြား

ဝါရှင်တန် မေ ၉

**ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် နောက်တစ်ကြိမ် စံချိန်တင်သေဆုံးမှုပမာဏ အထိ မြင့်တက်လာသော်လည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အကောင်းမြင်သည့်စိတ်ဖြင့် လိုဏ်ဂူအဆုံးတွင် အလင်းရောင်တွေ့နိုင်ကြောင်း ပြောကြားလိုက်သည်။**

ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ယခုအခါတွင် ကမ္ဘာတစ်ဝန်း သေဆုံးသူပမာဏသည် ၈၆၀၀၀ ကျော်လွန်လာပြီဖြစ်သလို ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာပေါင်းလည်း ၁ ဒသမ ၅ သန်းအထိ ရောက်ရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနီးပါး စီးပွားရေးကောင်းမွန်သည့်နိုင်ငံဟူ၍ မတွေ့ရသလောက်ပင် အခြေအနေဆိုးများနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ နိုင်ငံတော်အလံများကို တိုင်ဝက်အထိ လွှင့်ထူထားစဉ် အမေရိကန်ပြည်ထောင်စုတွင် ဒုတိယဆက်တိုက်နေ့အဖြစ် မေ ၉ ရက်တွင် လူပေါင်း ၂၀၀၀ နီးပါး သေဆုံးခဲ့သည်။

ဗြိတိန်တွင်လည်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် လူပေါင်း ၉၃၈ ဦးသေဆုံးခဲ့ပြီး တစ်ရက်တည်းပမာဏအများဆုံး သေဆုံးမှုအဖြစ် စံချိန်တင်ခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်မှာမူ လန်ဒန်မြို့ စိန့်သောမတ်စ်ဆေးရုံ အထူးကြပ်မတ်ကုသဆောင်တွင် တတိယညကို ကောင်းမွန်စွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီဖြစ်သည်။ ၎င်း၏ ကျန်းမာရေးအခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

တင်းကျပ်သည့် အဝင် အထွက်ပိတ်ဆို့ဆောင်ရွက်ချက်များကို တိုးမြှင့်သတ်မှတ်ရန် ပြင်ဆင်နေသည့် ပြင်သစ်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ပမာဏသည် ၁၀၀၀၀ ကျော်လာခဲ့ပြီဖြစ်သည်။ စပိန်နှင့် အီတလီနိုင်ငံတွင်လည်း တစ်နေ့လျှင် သေဆုံးသူပေါင်း ၁၀၀ ထက်မနည်းရှိခဲ့သည်။

ယခုအခါတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုသည် ယခင်က ကူးစက်ပျံ့နှံ့မှု အနည်းငယ်သာ ဖြစ်ပွားခဲ့သော အာဖရိကနှင့် အီသီယိုပီးယားကဲ့သို့ နိုင်ငံမျိုးတို့တွင် အခြေအနေ ပိုမိုဆိုးရွားလာကာ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာသည်အထိ ဖြစ်လာခဲ့သည်။ လိုင်ဘေးရီးယားနိုင်ငံ၏ မြို့တော် မွန်ရိုးဗီးယားကိုလည်း အဝင်အထွက် ပိတ်ဆို့လိုက်ပြီ ဖြစ်သည်။

လတ်တလောတွင် ကိုဗစ်- ၁၉ သည် အရှိန်အဟုန်ကောင်းကောင်းဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိရာ အမေဇုန်မိုးသစ်တောဒေသအထိ ကူးစက်ပျံ့နှံ့ခဲ့ပြီဖြစ်သည်။




အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ကုန်ပစ္စည်းရောင်းချသည့်ဆိုင်ထဲသို့ ဝင်ရောက်ရန် တန်းစီနေသူများကို တွေ့ရစဉ်။

အမေဇုန်မိုးသစ်တောတွင် နေထိုင်သော ကမ္ဘာကြီးနှင့် အဆက်အသွယ်မလုပ်သည့် ယာနိုမာနီမျိုးနွယ်စုတွင် ပထမဆုံး ကိုဗစ်- ၁၉ ပိုး တွေ့ရှိခဲ့သည့်သတင်းကို အံ့သြဖွယ် ကြားသိခဲ့ရသည်။

**အေအက်ဖ်ပီ**

# စင်ကာပူရွှေ့ပြောင်းအလုပ်သမားများ ကိုဗစ်-၁၉ ကြောက်ရွံ့စိတ်ဖြင့် နေထိုင်နေရ

**စင်ကာပူ မေ ၉**

စင်ကာပူနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများနေထိုင်ရာ အဆောင်များတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ဖြစ်ပွားမှု မြင့်တက်လာသည့်အတွက် အဆောင်နေ အလုပ်သမားများ စိုးရွံ့ထိတ်လန့်လာကြောင်း၊ ၎င်းတို့နေထိုင်နေရသည့်အခြေအနေများမှာလည်း ပြည့်ညပ်လျက်ရှိသောကြောင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် ညွှန်ကြားချက်များကို လိုက်နာနိုင်ရန် ဘယ်လိုမှမဖြစ်နိုင်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြလိုက်သည်။

စင်ကာပူတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေသည်လည်း ဆိုးရွားလာကြောင်း သိရသည်။ ယခုတစ်ပတ်တောင်အာရှ အလုပ်သမား ထောင်ပေါင်းများစွာနေထိုင်ရာ အဆောင်လေးခုကို ကန့်သတ်စောင့်ကြပ်မှု လုပ်ထားကြောင်းနှင့် အဆိုပါနေရာတွင် ကိုဗစ်- ၁၉ အတည်ပြုလူနာ ပေါင်း ၂၀၀ ထက် မနည်းရှိကြောင်း သိရသည်။

အခြား နေရာများတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုသည် စံချိန်တင် မြင့်တက်သည့်ပမာဏဖြင့် ဖြစ်ပွားလျက်ရှိသည်။ အဆောင်နေ ဘင်္ဂလားဒေ့ရှ်မှ အလုပ်သမားတစ်ဦးက တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းသည် ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်သော်လည်း ယခုနေရာတွင်မူ ဘယ်လိုမှ မဖြစ်နိုင်ကြောင်း အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

အခန်းကျဉ်းကျဉ်းလေး တစ်ခုထဲတွင် နေရာစုံမှ လူပေါင်း ၁၂ ဦးခန့် အတူတကွနေ ထိုင်ကြရကြောင်း၊ ယင်းသို့သော အခြေအနေတွင် မိမိတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့ ခပ်ခွာခွာနေထိုင်ရမည်နည်းဟု အမည်မဖော်ပြလိုသူ အလုပ်သမားတစ်ဦးက ပြောကြားသည်။

တစ်ကိုယ်ရေကျန်းမာရေး အခြေအနေများမှာလည်း ဆိုးရွားကြောင်း၊ အလုပ်သမားများကို အများသုံးစားဖိုဆောင်တွင် ချက်ပြုတ်စားသောက်ခွင့်ပြုပေးထားသလို အများသုံး အိမ်သာနှင့် ရေချိုးခန်းများကိုသာ အသုံးပြုရကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ၏ သဘောသဘာဝကို နားလည်ကြောင်း၊ မည်သို့ မည်ပုံကူးစက် ပျံ့နှံ့သလဲဆိုသည်ကို သဘောပေါက်ကြောင်း၊ ယခုလိုမျိုးနေထိုင်ပုံမျိုးနှင့်ဆိုလျှင် မိမိမှာ အလွန်စိုးရိမ်မှုဖြစ်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆောင်နေ အလုပ်သမားများ အားလုံး စိုးရိမ်ပူပန်နေရကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**




စင်ကာပူရှိ အဆောက်အအုံတစ်လုံးတွင် ရွှေ့ပြောင်းအလုပ်သမားများကို တွေ့ရစဉ်။

# ဩစတြေးလျပါလီမန်လွှတ်တော်က သမိုင်းတွင်မည့် အကြီးဆုံးထောက်ပံ့ကြေးအစီအစဉ်ကို အတည်ပြု

**ကင်ဘာရာ မေ ၉**

ဩစတြေးလျနိုင်ငံသမိုင်းတစ်လျှောက် သမိုင်းတွင်လောက်အောင်များပြားသည့် ထောက်ပံ့ကြေးအစီအစဉ်တစ်ရပ်ကို မေ ၈ ရက်တွင် ပါလီမန်လွှတ်တော်က အစည်းအဝေးဆုံးဖြတ်ပြီးနောက် အတည်ပြုလိုက်ကြောင်း သိရသည်။

ဩစတြေးလျဒေါ်လာ ဘီလီယံ ၁၃၀ (အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၁ ဘီလီယံ)တန်ဖိုးရှိသည့် အလုပ်အကိုင်ထိန်းသိမ်းရေး ရန်ပုံငွေအစီအစဉ်ကို အတည်ပြုရန် ဩစတြေးလျပါလီမန်လွှတ်တော်အမတ်များနှင့် ဆီးနိတ်လွှတ်တော်အမတ်များက မေ ၈ ရက်တွင် အစည်းအဝေးပြုလုပ်ခဲ့ကြသည်။

**အချုပ်အခြာအာဏာအန္တရာယ်ကျရောက်နေ**

အဆိုပါစီမံချက်အရ ကိုဗစ်-၁၉ ကျရောက်မှုကြောင့် အလုပ်အကိုင်ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် ခန့်မှန်းခြေ ပြည်သူခြောက်သန်းသည် ခြောက်လစာ ဥရောပဒေါ်လာ ၁၅၀၀ ( အမေရိကန်ဒေါ်လာ ၉၃၅ ဒသမ ၇ ဒေါ်လာ) စီ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

မေ ၈ ရက်ညပိုင်းတွင် အဆိုပါထောက်ပံ့ကြေးအစီအစဉ်ကို ပါလီမန်လွှတ်တော်က အတည်မပြုမီ ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာသည် အန္တရာယ်ကျရောက်နေသည့်အတွက် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါလီမန်လွှတ်တော်သို့ပြောသည့် မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခဲ့သည်။

**အကြီးမားဆုံး စီးပွားရေးကယ်တင်မှု အစီအစဉ်တစ်ရပ်**

ထို့အပြင် ယခုအတည်ပြုလိုက်သည့် ထောက်ပံ့ကြေးအစီအစဉ်သည် ဩစတြေးလျ သမိုင်းတစ်လျှောက် အကြီးမားဆုံး စီးပွားရေးကယ်တင်မှုအစီအစဉ်တစ်ရပ်လည်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်လွှတ်တော်အမတ် ဘာနီးစ်ဆန်ဒါးစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ ရပ်ဆိုင်း

**ဝါရှင်တန် မေ ၉**

လက်ဝဲစွန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ အမေရိကန်လွှတ်တော်အမတ် ဘာနီးစ်ဆန်ဒါးစ်သည် ၎င်း၏သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို ရပ်ဆိုင်းလိုက်ကြောင်း မေ ၉ ရက်က ကြေညာလိုက်မှုနှင့်အတူ ဂျိုးဘိုင်ဒင်အတွက် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်နိုင်ရေး ဒီမိုကရက်တစ်အမတ်လောင်းအဖြစ် ရွေးကောက်ခံနိုင်ရန်အတွက် လမ်းရှင်းပေးလိုက်သလိုဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြလိုက်သည်။

အသက် ၇၈ နှစ်ရှိ ဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆန်ဒါးစ်သည် အမေရိကန်ပြည်သူအားလုံးအတွက် စီးပွားရေးမျှတမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစနစ်များကို အသားပေးပြောဆိုပြီး ၂၀၂၀ ရွေးကောက်ပွဲကို ကိုင်လှုပ်ခဲ့သူဖြစ်သည်။

သို့သော်လည်း ၎င်း၏မဲဆွယ်စည်းရုံးမှုများသည် အရာမထင်ခဲ့ဘဲ ပြီးဆုံးခဲ့ပြီဖြစ်သလို ပါတီထောက်ခံသူများက ဘိုင်ဒင်သည်သာ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်နိုင်မည့်သူဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ကြသည်။

မိမိအနေဖြင့် ဒီမိုကရက်တစ်ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်ပြီးဆုံးမှုအထိ မရောက်ခဲ့ကြောင်း ဆန်ဒါးစ်က ၎င်းကိုထောက်ခံသူများအား အွန်လိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြောကြားလိုက်သည်။

ဒုတိယသမ္မတ ဘိုင်ဒင်သည်သာ ရွေးချယ်ခံတစ်ဦးဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သလို သူ့ကိုချီးကျူးကြောင်း၊ သင့်လျော်ရည်မွန်သည့် လူတစ်ဦး ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



လက်ဝဲစွန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဘာနီးစ်ဆန်ဒါးစ်

# ကနေဒါလေကြောင်းလိုင်းက ကိုဗစ် - ၁၉ ကျရောက်မှုကြောင့် အလုပ်ဖြုတ်ခဲ့ရသည့် ဝန်ထမ်းပေါင်း ၁၆၅၀၀ ကို အလုပ်ပြန်ခန့်မည်

**ဗန်ကူဗာ မေ ၉**

ကိုဗစ်-၁၉ ကျရောက်မှုကြောင့် နောက်ဆက်တွဲထိခိုက် နစ်နာမှုများပေါ်ပေါက်လာသည့်အတွက် ကနေဒါလေကြောင်းလိုင်းမှ အလုပ်ဖြုတ်ခဲ့သည့် ဝန်ထမ်းပေါင်း ၁၆၅၀၀ ကို အလုပ်ပြန်ခန့်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများအတွက် အစိုးရက သက်သာချောင်ချိရေးအစီအစဉ်တစ်ရပ်ကို ကြေညာခဲ့ပြီးနောက်တွင် ဝန်ထမ်းများအား ပြန်လည်ခေါ်ယူရန် ဖြစ်လာခဲ့ကြောင်း ကနေဒါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစိုးရ၏ သက်သာချောင်ချိရေးအစီအစဉ်အရ ပြီးခဲ့သည့်မတ်လအတွင်း ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းကျော် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည့် ကုမ္ပဏီများကို ယခုအခါ ပြန်လည် ဖွင့်လှစ်နိုင်စေလိမ့်မည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးက နေ့စဉ်သတင်းစာ ရှင်းလင်းမှုအတွင်း ကြေညာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကျရောက်မှုကြောင့် ခရီးသွားလာမှု ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ရပြီး လေယာဉ်ခရီးစဉ် ပျံသန်းမှုများ ရပ်ဆိုင်းခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းအထိ လုပ်ငန်းထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ဖြစ်ပေါ်ခဲ့ပြီးနောက် မတ် ၃၀ ရက်တွင် အဲကနေဒါလေကြောင်းလိုင်းက ကနေဒါ၌ အခြေ စိုက်ထားသည့် လုပ်သားအင်အားပေါင်း ၃၆၀၀၀ ၏ ထက်ဝက်ခန့်ကို အလုပ်ဖြုတ်ခဲ့ရသည်။

ကိုဗစ် – ၁၉ ကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသူများကို လုပ်ငန်းခွင် သို့ ပြန်လည်ဝင်ရောက်နိုင်စေရေးအတွက် အထောက်အကူဖြစ်စေရန် ရေးဆွဲထားသည့် အရေးပေါ်ထောက်ပံ့ကြေးအစီအစဉ်ကို မေ ၁ ရက်တွင် ကနေဒါအစိုးရက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါထောက်ပံ့ကြေးအစီအစဉ်အရ အစိုးရက ကိုဗစ် – ၁၉ ကြောင့် အထိနာခဲ့သည့် ကုမ္ပဏီများရှိ လစာစာရင်း၏ ၇၅ ရာခိုင်နှုန်း ကို ဇွန် ၆ ရက်မှ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




ကနေဒါလေကြောင်းလိုင်းမှ လေယာဉ်အချို့ကို တွေ့ရစဉ်။

အစိုးရ၏ သက်သာချောင်ချိရေးအစီအစဉ်ကြောင့် မဖြစ်မနေ အလုပ်ဖြုတ်ခဲ့ရသည့် လေကြောင်းလိုင်းမှ ဝန်ထမ်းများကို ပြန်လည်ခေါ်ယူရန် ဖြစ်လာကြောင်း ကနေဒါလေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးသိန်းကျော်သွားပြီဖြစ်



နယူးယောက်မြို့ရှိ ဆေးရုံအရေးပေါ်ခန်းတွင် အသုံးပြုရန် အောက်စီဂျင်ဘူး သယ်ဆောင်လာသည့် ဆေးဝန်ထမ်းနှစ်ဦး

**ဝါရှင်တန် မေ ၉**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ မေ ၈ ရက် ဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီ မိနစ် ၂၀ တွင် ၄၀၁၁၆၆ ဦးအထိ တိုးလာကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်မှ ဖော်ပြချက်အရ သိရသည်။ နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၂၉၃၆ ဦးအထိ ရှိလာကြောင်း ဖော်ပြထားသည်။ နယူးယောက်၌ ရောဂါကူးစက်ဖြစ်ပွားသူ ၁၄၀၃၈၆ ဦးရှိပြီး သေဆုံးသူ ၅၄၈၉ ဦးရှိသည်။

နယူးယောက်စီးတီးတစ်မြို့တည်း၌ပင် ရောဂါဖြစ်ပွားသူ ၇၆၈၇၉ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၄၀၀၉ ဦးဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြခဲ့သည်။ နယူးဂျာစီ၊ မီချီဂန်၊ ကယ်လီဖိုးနီးယား၊ လူဝီစီယားနား၊ မက်ဆာချူးဆက်၊ ပင်ဆီဗေးလ်နီးယား၊ ဖလော်ရီဒါနှင့် အီလီနွိုက်ပြည်နယ်များတွင် ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်၌ ကပ်ရောဂါအရေးပေါ်အခြေအနေ ကြေညာထားသော်လည်း စည်းကမ်းတင်းကျပ်စွာဆောင်ရွက်မှုမရှိသည့်အတွက် အနောက်နိုင်ငံများမေးခွန်းထုတ်

**တိုကျို မေ ၉**

ဂျပန်နိုင်ငံတွင် မေ ၇ ရက်က ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာချက်ကို ဝန်ကြီးချုပ် ရှင်ဇို အာဘေးက ထုတ်ပြန်လိုက်ပြီးနောက် အဆိုပါကြေညာချက်၏ ထိရောက်မှုအပေါ် အမေရိကန်သတင်းမီဒီယာများက မေးခွန်းထုတ်ခဲ့ကြကြောင်း သိရသည်။

ဂျပန်အစိုးရ၏ အရေးပေါ်အခြေအနေ ကြေညာချက်သည် အခြေအနေ အချိန်အခါနှင့် ကိုက်ညီမှုရှိ မရှိ နှင့် ထုတ်ပြန်ထားသည့် စည်းကမ်းများကို မလိုက်နာသူများအား ပြစ်ဒဏ်ပေးခြင်းမရှိမှုများကို မီဒီယာများက ထောက်ပြဝေဖန်ခဲ့ကြသည်။

ကိုဗစ်– ၁၉ ကူးစက်မှုအချိန် ကြာမြင့်လာပြီဖြစ်သော်လည်း ဂျပန်နိုင်ငံက အခြားနိုင်ငံများကဲ့သို့ ပြင်းထန်သည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် နှေးကွေးလျက်ရှိကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

ဂျပန်အစိုးရ၏ ဆောင်ရွက်ချက်အများစုသည် သတိပေးထားသည့် အချက်များကို ရှောင်ကြဉ်ကြရန်နှင့် ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းထားရုံမျှသာ မြင်တွေ့ရပြီး ထိရောက်စွာ အရေးယူမှုများ မရှိကြောင်း စီဘီအက်စ်သတင်းဌာနက မှတ်ချက်ချခဲ့သည်။

ဂျပန်နိုင်ငံ၌ အများပြည်သူ၏ လွတ်လပ်ခွင့်ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အာဏာပိုင်များက စည်းကမ်းမလိုက်နာသူများကို ထောင်ချခြင်းသို့မဟုတ် ဒဏ်ငွေချမှတ်ခြင်းများ လုပ်ပိုင်ခွင့်မရှိကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်ချမှတ်မည့်အစား လူတစ်ဦးချင်းစီအပေါ် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ဖိအားပေးမှုနှင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်၏ အရှိန်အဝါများကို အသုံးပြုလျက်ရှိကြောင်း စီဘီအက်စ်သတင်းက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဂျပန်ဝန်ကြီးချုပ်က မေ ၇ ရက်တွင် ထုတ်ပြန်လိုက်သည့် အရေးပေါ်အခြေ အနေကြေညာချက်သည် ကိုဗစ်-၁၉ ကျရောက်မှုကို ထိန်းချုပ်နိုင်ရန် အချိန်နောက်ကျသွားပြီလားဆိုသည့် အချက်ကို ဆေးဘက်ကျွမ်းကျင်သူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်အစိုးရက ပြန်လည်အသုံးပြုနိုင်သည့် အဝတ်နှာခေါင်းစည်းများကို တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများသို့ ဖြန့်ဝေပေးမည်

**တိုကျို မေ ၉**

ဂျပန်နိုင်ငံအတွင်း၌ မကြာခဏဖြစ်ပေါ်နေသည့် နှာခေါင်းစည်းမလုံလောက်မှုကို ဖြေရှင်းရန် ကြိုးပမ်းသည့်အနေဖြင့် ဂျပန်အစိုးရက ပြန်လည်အသုံးပြုနိုင်သည့် အဝတ်နှာခေါင်းစည်းများကို လာမည့်ရက်သတ္တပတ်မှ စတင်ကာ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှု အရေအတွက်အမြင့်ဆုံးဖြစ်သည့် တိုကျိုမြို့ရှိ မိသားစုများနှင့် အခြားမြို့ပြဒေသများမှ ဒေသခံပြည်သူများသည် အစိုးရက ဖြန့်ဝေသည့် အဝတ်နှာခေါင်းစည်းများကို ပထမဆုံးလက်ခံရရှိမည်ဖြစ်သည်။

အိမ်ထောင်စုပေါင်း ၅၈ ဒသမ ၅ သန်းတို့မှ မိသားစုဝင်တစ်ဦးစီသည် နှာခေါင်းစည်းနှစ်ခုစီ ရရှိမည်ဖြစ်ပြီး ယခုအခါထုပ်ပိုးမှုများ ဆောင်ရွက်နေပြီဖြစ်ကာ နှာခေါင်းစည်းကို မည်သို့လျှော်ဖွပ်ရမည်ကို ဖော်ပြထားသည့် လက်ကမ်းစာစောင်ကိုပါ တစ်ပါတည်းထည့်သွင်းပေးထားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများအတွက် ကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃၀ သန်းခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုန်ကျစရိတ်၏ ထက်ဝက်ကို အရေးပေါ်ကိစ္စရပ်များအတွက် သီးသန့် ဖယ်ထားသည့် ရန်ပုံငွေဖြင့် သုံးစွဲမည်ဖြစ်ပြီး ကျန်တစ်ဝက်ကို လက်ရှိ ဘဏ္ဍာရေး နှစ်အတွက် ဖြည့်စွက်ဘတ်ဂျက်ငွေကို ထည့်သွင်းသုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် စောင့်ရှောက်ရေးဌာနများရှိ သက်ကြီးပုဂ္ဂိုလ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း အဝတ်နှာခေါင်းစည်း အခုရေ ၁၃၀ သန်းကို ပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အစိုးရအဖွဲ့ဝင်များ ဆွေးနွေးနေစဉ်။

# နိုင်ငံတကာ သတင်းတိုထွာ

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ငွေကြေးထည့်ဝင်မှု ရပ်ဆိုင်းမည်ဟု ထရမ့် ခြိမ်းခြောက်ပြီးနောက် ကုလအကြီးအကဲတုံ့ပြန်

**ဂျီနီဗာ မေ ၉**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် တရုတ်နိုင်ငံကို မျက်နှာသာပေးနေသည်ဟု သမ္မတထရမ့်က စွပ်စွဲလိုက်ပြီးနောက် အဖွဲ့သို့ ပုံမှန်ထည့်ဝင်နေသည့် အမေရိကန်၏ ငွေကြေးထည့်ဝင်မှုကို ရပ်ဆိုင်းပစ်မည်ဟု ယမန်နေ့က ခြိမ်းခြောက်ခဲ့မှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တုံ့ပြန်ပြောဆိုခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကို ရင်ဆိုင်တိုက်ဖျက်နေသည့် အချိန်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မရှိမဖြစ်အရေးပါမှုကို ဂူတာရက်စ်က ဖော်ပြခဲ့သည်။

ဝန်ထမ်းထောင်ပေါင်းများစွာဖြင့် လည်ပတ်လျက်ရှိသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ယခုအချိန်တွင် ရှေ့တန်းစစ်မျက်နှာ တစ်ခုမှနေ၍ တိုက်ပွဲဝင်နေရသည့်အပြင် အခြားသော အဖွဲ့ဝင်နိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများကိုလည်း လမ်းညွှန်ပြသမှု၊ လေ့ကျင့်သင်ကြားမှု၊ ပစ္စည်းကိရိယာများနှင့် အသက်ကယ်ဝန်ဆောင်မှုများဖြင့် အကူအညီပေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

သို့ဖြစ်ရာ ကိုဗစ် -၁၉ နှင့် ရင်ဆိုင်တိုက်ခိုက်သည့် စစ်ပွဲအတွင်း ကမ္ဘာကြီး၏ ကြိုးပမ်းမှုတွင် အဓိကကျသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို မဖြစ်မနေအားပေးထောက်ခံရမည်ဟု ကျွန်ုပ်က ယုံကြည်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## မလေးရှားနှင့် အင်ဒိုနီးရှားတွင် ကိုဗစ်-၁၉ ကူးစက်မှု ဆက်လက်မြင့်တက်

**ကွာလာလမ်ပူ၊ ဂျကာတာ မေ ၉**

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆက်လက်မြင့်တက်နေပြီး ၆၂၂၈ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေ အတွက်မှာ ၆၇ ဦးရှိပြီဖြစ်သည်။ လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေရသူ ၇၂ ဦးရှိကြောင်း သိရသည်။

အလားတူပင် အင်ဒိုနီးရှားနိုင်ငံ၌လည်း ဗိုင်းရပ်စ်ကူးစက်ခံရမှု အရှိန်မြင့်နေဆဲဖြစ်ကာ ကူးစက်ခံရသူ အရေအတွက်မှာ ၁၃၁၁၂ ဦး ရှိလာပြီး သေဆုံးသူအရေအတွက်မှာ ၉၄၃ အထိဖြစ်လာကြောင်းသိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ အကျပ်အတည်းနှင့်အတူ နှစ်ဆမြင့်တက်လာသော အိမ်တွင်းအကြမ်းဖက်ခံရမှုများ

**—— ခြူးစန္ဒီဇွေး ——**

ကိုဗစ်-၁၉ ကူးစက်ခံရမှုကို ထိန်းချုပ်နိုင်ဖို့အရေး တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကြိုးပမ်းနေကြချိန်မှာ ကမ္ဘာ့နိုင်ငံအတော်များများမှာ လူတွေနေအိမ်အတွင်းမှာသာ နေထိုင်ကြဖို့ ကန့်သတ်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

**ခြိမ်းခြောက်မှုတစ်ရပ်**

အဲဒီလိုလုပ်လိုက်တဲ့အချိန်မှာပဲ အိမ်တွင်းအကြမ်းဖက်မှုကျူးလွန်ခံရတဲ့ အမျိုးသမီးအရေအတွက် တစ်ရှိန်ထိုးမြင့်တက်လာတာကိုတွေ့ရပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အန်တိုနီယိုဂူတာရက်စ်ကတော့ ကြောက်မက်ဖွယ် ကိုဗစ်-၁၉ ကို တွန်းလှန်နိုင်ဖို့အရေး ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းနေကြချိန်မှာ အစိုးရအသီးသီးအနေနဲ့ အမျိုးသမီးတွေကို အကာအကွယ်ပေးဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။ အကြမ်းဖက်မှုဆိုတာ နယ်ပယ်သတ်မှတ်ထားတာမျိုး မရှိဘူးလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောပါတယ်။ မိန်းကလေးငယ်တွေနဲ့ အမျိုးသမီးများစွာအတွက် ဘယ်နေရာမှာနေမှ လုံခြုံစိတ်ချရဆုံး ဖြစ်မလဲဆိုတာကတော့ ခြိမ်းခြောက်မှုတစ်ရပ်ပါပဲလို့ မစ္စတာဂူတာရက်စ်က ပြောပါတယ်။

**အကာအကွယ်ပေးဖို့တောင်းဆို**

အိမ်တွင်းအကြမ်းဖက်မှုတွေ မြင့်တက်လာတာဟာဆိုရင် တကယ့်ကိုကြောက်မက်ဖွယ်ရာပါပဲ။ ကမ္ဘာတစ်ဝန်းက အစိုးရအသီးသီးအနေနဲ့ အမျိုးသမီးတွေ အိမ်တွင်းအကြမ်းဖက်မခံရအောင် ကြိုတင်ကာကွယ်မှုတွေ၊ နစ်နာမှုရှိခဲ့တဲ့ အမျိုးသမီးတွေအတွက် အကောင်းဆုံးဖြစ်အောင် ပြန်လည်လုပ်ဆောင်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကို ရင်ဆိုင်ကျော်လွှားနေချိန်မှာ အမျိုးသမီးတွေကို အကာအကွယ်ပေးဖို့ အစိုးရအသီးသီးအနေနဲ့ အရေးတယူဆောင်ရွက်ကြဖို့အရေး ကုလအကြီးအကဲက တိုက်တွန်းထားတာပဲ ဖြစ်ပါတယ်။

**အကြမ်းဖက်ခံရမှုနှစ်ဆမြင့်တက်**

အိန္ဒိယမှာတော့ နေအိမ်အတွင်း၌သာနေဖို့ ကန့်သတ်မှုတွေ လုပ်ဆောင်တဲ့ပထမသီတင်းပတ်မှာပဲ အိမ်တွင်းအကြမ်းဖက်မှုတွေဟာ နှစ်ဆမြင့်တက်သွားတာကို တွေ့ရပါတယ်။ ပြင်သစ်နိုင်ငံမှာလည်း အသွားအလာကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပြီးတဲ့နောက် အိမ်တွင်းအကြမ်းဖက်ခံရမှု သုံးပုံတစ်ပုံ မြင့်တက်လာပါတယ်။ ဩစတြေးလျနိုင်ငံမှာတော့ အိမ်တွင်းအကြမ်းဖက်ခံရသူတွေအတွက် အကူအညီပေးရေးနည်းလမ်းတွေကို အင်တာနက်ကနေ ရှာဖွေသူ ၇၅ ရာခိုင်နှုန်းအထိ ရှိလာပါတယ်။ ဆေးဆိုင်တွေနဲ့ ကုန်စုံဆိုင်တွေမှာ အရေးပေါ်သတိပေးစနစ်တွေ ထူထောင်ထားဖို့ မစ္စတာဂူတာရက်စ်က တောင်းဆိုခဲ့ပါတယ်။ အမျိုးသမီးတွေ အကူအညီရဖို့အရေး လုံခြုံစိတ်ချရဆုံး နည်းလမ်းကတော့ သူတို့အပေါ်ကျူးလွန်သူတွေကို အသိမပေးဘဲ အရေးပေါ်သတိပေးစနစ်တွေကို အသုံးပြုပြီးတိုင်ကြားနိုင်ဖို့ပါပဲ။

**အိမ်တွင်းအကြမ်းဖက်ခံရမှုများ**

စစ်ပွဲဖြစ်ပွားရာနေရာကနေ ပြည်သူတွေရဲ့နေအိမ်အထိ အကြမ်းဖက်မှုတွေ ပပျောက်အောင် ကာကွယ်မှုတွေ အတူတကွဆောင်ရွက်ရမယ်၊ အိမ်တိုင်းအိမ်တိုင်း ငြိမ်းချမ်းမှုရရှိစေရမယ်လို့လည်း သူကဆက်ပြောပါတယ်။ ကမ္ဘာအနှံ့က တက်ကြွလှုပ်ရှားသူတွေကတော့ ကိုဗစ်-၁၉ ကြောင့် အသွားအလာတွေ ကန့်သတ်ပြီး နေအိမ်အတွင်းမှာသာနေဖို့ အမိန့်ထုတ်ပြန်ပြီးတဲ့နောက် အိမ်တွင်းအကြမ်းဖက်မှုတွေ နှစ်ဆမြင့်တက်လာတာကို တင်ပြခဲ့ကြပါတယ်။ အိမ်တွင်းအကြမ်းဖက်မှုအတွက် တိုင်ကြားနိုင်ဖို့ တည်ထောင်ထားတဲ့ ဆက်သွယ်ရေးလိုင်းကို ဆက်သွယ်လာတဲ့ အမျိုးသမီးတစ်ဦးကတော့ သူ့ရဲ့အမျိုးသားအကြောင်းကို တိုင်ကြားခဲ့ပါတယ်။ တကယ်လို့ သူချောင်းဆိုးခဲ့မယ်ဆိုရင် အမျိုးသားက အိမ်အပြင်ဆွဲထုတ်မယ်လို့ ခြိမ်းခြောက်ခံရကြောင်း တိုင်တန်းခဲ့ပါတယ်။ နောက်ထပ်တစ်မှုကတော့ အတူနေချစ်သူက လည်ပင်းညှစ်တဲ့အမှုပါပဲ။ ဒါပေမယ့် ကိုဗစ်-၁၉ ကို ကြောက်တာကြောင့် ဆေးရုံမသွားနိုင်ခဲ့ဘူးလို့ တိုင်ကြားခဲ့ပါတယ်။

**လုံခြုံစိတ်ချရမှုပြဿနာ ပေါ်ပေါက်**

အမေရိကန်မှာဆိုရင် ကိုဗစ်-၁၉ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး လူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ကို နေအိမ်အတွင်းမှာသာနေဖို့ ကန့်သတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အမျိုးသမီးတွေအတွက် လုံခြုံစိတ်ချရမှုဆိုတဲ့ ပြဿနာပေါ်ပေါက်လာပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မှာဆိုရင် ဖေဖော်ဝါရီလအတွင်းမှာ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းတွေနဲ့ ပိတ်ဆို့မှုတွေနဲ့ ကြုံခဲ့ရပါတယ် ။ အဲဒီအချိန်မှာပဲ အိမ်တွင်းအကြမ်းဖက်ခံရမှုအတွက် တိုင်ကြားမှုဟာ အရင်နှစ်ကနဲ့ယှဉ်ရင် မြင့်တက်လာတာကို ရဲစခန်းတစ်ခုက တင်ပြခဲ့ပါတယ်။ အမေရိကန်မှာတော့ အမျိုးသမီးလေးဦးလျှင် တစ်ဦး၊ အမျိုးသားခုနစ်ဦးလျှင် တစ်ဦးမှာ သူတို့ရဲ့ လက်တွဲဖော်ရဲ့ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

**အရေးပေါ်ခေါ်ဆိုမှု များပြားလာ**

အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အရေးပေါ်လိုင်းကို တစ်နေ့အတွင်း ခေါ်ဆိုမှု အကြိမ်အရေအတွက်ဟာ ၂၀၀၀ အထိရှိတယ်လို့ သိရပါတယ်။ နယူးယောက်မြို့ကနေ အရေးပေါ်လိုင်းကို ခေါ်ဆိုခဲ့တဲ့ အမျိုးသမီးတစ်ဦးကတော့ သူဟာဖျားနေခဲ့ပြီး အမျိုးသားဖြစ်သူက သူ့အိမ်ရှေ့တံခါးဝဆီ တွန်းချခဲ့တယ်လို့ တိုင်တန်းခဲ့ပါတယ်။ နောက်ထပ်တိုင်ကြားသူအမျိုးသမီးကလည်း သူ့ရဲ့လက်တွဲဖော်ဟာ တရားမဝင်လက်နက်ကိုင်ဆောင်ထားပြီး သူ့ရဲ့ဆန္ဒမပါဘဲ အိမ်အတွင်းမှာ ချုပ်နှောင်ထားတယ်လို့ တိုင်ကြားခဲ့ပါတယ်။ အခုအချိန်မှာ လူတွေဟာ အချင်းချင်းနီးနီးကပ်ကပ်မနေဘဲ ခပ်ခွာခွာနေရမယ့်အချိန်ဖြစ်ပြီး လူတိုင်းကို ဒီလိုပုံစံမျိုးနေစေလိုပေမယ့် လူအချို့ကျပြန်တော့လည်း အခက်အခဲတွေနဲ့ ကြုံတွေ့ရပြန်ပါတယ်။

**တိုင်ကြားဖို့မဖြစ်နိုင်**

အိမ်တွင်းအကြမ်းဖက်ခံရသူတွေဟာ ဖုန်းကောက်ဆက်ပြီး သူတို့အကြမ်းဖက်ခံနေရပါတယ်လို့ တိုင်ကြားဖို့ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုရင် သူတို့ကို အကြမ်းဖက်တဲ့လူဟာ သူတို့နဲ့အတူ အိမ်အတွင်းမှာရှိနေလို့ပါပဲ။ ဘဏ္ဍာရေးအနေအထားကို ကြည့်မယ်ဆိုရင်လည်း ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် အလုပ်လက်မဲ့ ပမာဏဟာ တစ်ရှိန်ထိုးမြင့်တက်နေပါတယ်။ အလုပ်လက်မဲ့ ပမာဏမြင့်တက်လာလေလေ၊ အိမ်တွင်းအကြမ်းဖက်ခံရမှု မြင့်တက်လာလေလေပဲလို့ လေ့လာမှုတွေအရ ဖော်ပြနေပါတယ်။ လက်ရှိစီးပွားရေးအကျပ်အတည်းကြားမှာ အမျိုးသမီးတွေအနေနဲ့ အိမ်အပြင်ထွက်အလုပ်လုပ်ဖို့ကလည်း အတားအဆီးတစ်ခုလို ဖြစ်နေပါတယ်။ ခိုလှုံရာနေရာတွေကို ဆက်လက်ဖွင့်လှစ်ထားဆဲဖြစ်ပေမယ့် နေထိုင်သူအများစုကတော့ ကိုဗစ် -၁၉ ရောဂါလက္ခဏာတွေ ပြသနေတဲ့အတွက် ဆေးစစ်မှုတွေ ခံယူနေရပါတယ်။ အကယ်၍ အမျိုးသမီးတစ်ဦးဟာ ကိုဗစ် -၁၉ ရောဂါလက္ခဏာတွေ ပြနေပြီဆိုရင် ဆေးကုသမှု ခံယူဖို့ ဆေးစာနဲ့အတူ အဖွဲ့အစည်းရဲ့ ခိုလှုံရာနေရာမှာ တစ်ကိုယ်တည်းခိုလှုံခွင့်ရရှိမှာပဲဖြစ်ပါတယ်။

**အမျိုးသမီးများအတွက် စဉ်းစားပေးရမည့်အချိန်**

အခုလက်ရှိအချိန်မှာ ကိုဗစ်-၁၉ ကို တစ်ကမ္ဘာလုံးက စိုးရိမ်ထိတ်လန့်နေကြရပြီး အသွားအလာကန့်သတ်မှုတွေ၊ အပြင်မထွက်ရ အမိန့်ထုတ်ပြန်မှုတွေနဲ့ ကူးစက်ခံရမှု လျှော့ချနိုင်ဖို့အရေး ကြိုးပမ်းနေကြပါတယ်။ တစ်ချိန်တည်းမှာပဲ နေအိမ်အတွင်းမှာ အကြမ်းဖက်ခံနေရတဲ့ အမျိုးသမီးတွေအတွက်လည်း စဉ်းစားပေးရမယ့်ကာလလည်း ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ၊ သည်ဂါဒီယန်း**



ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေသည့်ကာလ၌ နှာခေါင်းစည်းများဝတ်ဆင်ကာ တီဟီရန်မြို့တွင် ဈေးသွားနေကြသည့် အီရန်အမျိုးသမီးများကို တွေ့ရစဉ်။

> **“အိမ်တွင်းအကြမ်းဖက်ခံရသူတွေဟာ ဖုန်းကောက်ဆက်ပြီး သူတို့အကြမ်းဖက်ခံနေရပါတယ်လို့ တိုင်ကြားဖို့ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုရင် သူတို့ကိုအကြမ်းဖက်တဲ့လူဟာ သူတို့နဲ့ အတူ အိမ်အတွင်းမှာ ရှိနေလို့ပါပဲ။ ဘဏ္ဍာရေးအနေအထားကို ကြည့်မယ်ဆိုရင်လည်း ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် အလုပ်လက်မဲ့ ပမာဏဟာ တစ်ရှိန်ထိုးမြင့်တက်နေပါတယ်”**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာ ကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက် နေ့စဉ် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၈-၄-၂၀၂၀)ရက်နေ့၊ ညနေ (၆)နာရီအချိန်အရ COVID-19 ရောဂါ ဓာတ်ခွဲနမူနာ စစ်ဆေးသူ စုစုပေါင်း (၁,၄၀၆)ဦး ရှိပြီး ၎င်းတို့အနက် (၁,၃၈၄) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိရဘဲ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိခဲ့ပါသည်။

၃။ (၈-၄-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၉-၄-၂၀၂၀)ရက်နေ့၊ ညနေ(၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၆၆) ဦး ရှိပါသည်။

၄။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၉-၄-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာ၊ ဆေးရုံနှင့် သက်ဆိုင်ရာနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူများ၏ ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၈)ခုကို ရယူစစ်ဆေးခဲ့ပြီး ညနေ (၆:၃၀) နာရီတွင် ထုတ်ပြန်သော ဓာတ်ခွဲစစ်ဆေးမှုအဖြေ (ပထမအသုတ်)အရ လူဦးရေ (၉၂) ဦး၏ ဓာတ်ခွဲနမူနာများကို စစ်ဆေးပြီးစီးခဲ့ရာ **(ဇယား-၁)** တွင် ဖော်ပြထားရှိသော နေအိမ်တွင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၉၁) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၅။ ကျန်ရှိသည့် (၄၆)ဦး၏ ဓာတ်ခွဲနမူနာအဖြေများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲအဖြေရရှိသည်နှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာ (Case-023) သည် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ကပ်တဲလ်ကျေးရွာတွင် နေထိုင်သည့် အသက် (၅၈)နှစ်အရွယ် မြန်မာနိုင်ငံသား အမေရိကန်နိုင်ငံမှ Green Card ရရှိထားသူဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ (Case-001)၏ မိခင်ဖြစ်ကာ အဆိုပါ လူနာနှင့်အတူ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့မှ (၁၃-၃-၂၀၂၀)ရက်နေ့မှစတင်ထွက်ခွာခဲ့ပြီး ကာတာနိုင်ငံ၊ ဒိုဟာမြို့မှတစ်ဆင့် (၁၅-၃-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ (၁၅-၃-၂၀၂၀) ရက်နေ့တွင် ထွက်ခွာရောက်ရှိခဲ့ပြီး (၁၇-၃-၂၀၂၀)ရက်နေ့တွင် ကလေးမြို့မှ တီးတိန်မြို့သို့ လည်းကောင်း၊ (၁၈-၃-၂၀၂၀)ရက်နေ့တွင် ကပ်တဲလ်ကျေးရွာသို့ လည်းကောင်း ရောက်ရှိခဲ့ပါသည်။ (Case-001)သည် (၁၉-၃-၂၀၂၀)ရက်နေ့တွင် စတင်ဖျားနာခဲ့သဖြင့် အိမ်တွင် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်စဉ် (Case-023)အားလည်း အလားတူအိမ်၌ပင် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ခဲ့ပါသည်။ (Case-001)အား ဓာတ်ခွဲအတည်ပြုပြီးချိန်တွင် အဆိုပါ အမျိုးသမီးအား ရွာအတွင်းရှိ သီးသန့်အိမ်တစ်လုံးတွင် သီးခြားခွဲခြား စောင့်ကြပ်ကြည့်ရှုလျက် ထားရှိခဲ့ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်း ပြီးမြောက်ခါနီးဖြစ်၍ (၇-၄-၂၀၂၀)ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အထိ အဆိုပါ အမျိုးသမီးတွင် သံသယ ရောဂါလက္ခဏာ တစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိပါ။ အဆိုပါ လူနာအား တီးတိန်မြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိသော လူနာ (၃)ဦးဖြစ်သည့် (Case – 018 ၊ Case – 019 နှင့် Case – 020) တို့အား (၈-၄-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ စနစ်တကျ ပြောင်းရွှေ့ပေးခဲ့ပြီး ဖြစ်ပါသည်။

၈။ သို့ဖြစ်ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၅)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁)ဦးနှင့် ယနေ့ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁)ဦး၊ စုစုပေါင်း (၁၈)ဦးတို့ ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။

၉။ မန္တလေးတိုင်းဒေသကြီး၊ ကန်တော်နဒီဆေးရုံကြီးတွင် (၂၅-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အမေရိကန်နိုင်ငံသားခံယူထားသည့် မြန်မာလူမျိုး ဓာတ်ခွဲအတည်ပြုလူနာ (Case- 004)၏ ဓာတ်ခွဲနမူနာအား (၂-၄-၂၀၂၀) ရက်နေ့နှင့် (၄-၄-၂၀၂၀) ရက်နေ့တို့တွင် ထပ်မံစစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် COVID-19 ရောဂါပိုး မတွေ့ရှိရသည့်အပြင် ၎င်း၏ လက်ရှိကျန်းမာရေး အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိသဖြင့် (၈-၄-၂၀၂၀) ရက်နေ့၊ ညနေပိုင်းမှစ၍ သီးခြားထားရှိကုသဆောင်မှ ရွှေ့ပြောင်းကာ အဆိုပါ ဆေးရုံကြီး၌ အသွားအလာကန့်သတ်၍ စောင့်ကြည့် (Hospital Quarantine) လျက်ရှိကြောင်း သိရှိရပါသည်။

၁၀။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၉-၄-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃)ဦး တွေ့ရှိလာခဲ့ရပြီဖြစ်ပြီး ၎င်းလူနာများအနက် (၂)ဦးတွင် ဓာတ်ခွဲစစ်ဆေးချက်အရ COVID-19 ရောဂါပိုး မတွေ့ရှိရတော့ဘဲ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ၎င်းတို့အား သက်ဆိုင်ရာ ဆေးရုံများတွင် သီးခြားထားရှိကုသမှု (Isolation) မှ (၈-၄-၂၀၂၀)ရက်နေ့၊ ညနေပိုင်းမှစ၍ (Case – 004) အား ဆေးရုံတွင်လည်းကောင်း၊ (Case – 007) အား ဟိုတယ်တွင်လည်းကောင်း အသွားအလာကန့်သတ်ခြင်း/ တားမြစ်ခြင်း (Quarantine) ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား – ၁

(COVID – 19) ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉ – ၄ – ၂၀၂၀ ) ရက်နေ့၊ ည (၈) နာရီ

| စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 23 | ၅၈ နှစ် | မ | မရှိပါ။ * | တီးတိန်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၂၃-၃-၂၀၂၀ | တွေ့ရှိ |

- လွန်ခဲ့သော (၁၄) ရက်အတွင်း အခြားနိုင်ငံများသို့ ခရီးသွားခဲ့ခြင်းမရှိသော်လည်း (၁၃-၃-၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ထွက်ခွာလာခဲ့ပြီး (၁၅-၃-၂၀၂၀)ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများလွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါ တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ကျောင်းကုန်းနှင့် နွားထိုးကြီးမြို့တို့တွင် ဒေသန္တရအမိန့်ဖောက်ဖျက်သူများအား အမှုဖွင့်

### ကျောင်းကုန်း

ကျောင်းကုန်းမြို့နယ် ထိပ်အုပ်ကျေးရွာရှိ ဆိုင်တာဝန်ခံ ကောင်းချင်းထိုက်(၂၇နှစ်)၏ ရွှေအိပ်မက် (ကာရာအိုကေ) စားသောက်ဆိုင်သည် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွား နေချိန်ကာလအတွင်း ရောဂါ ပြန့်ပွားမှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ် မတ်လက ထုတ်ပြန်ထားသော ကာရာအိုကေလုပ်ငန်းများ ယာယီပိတ်သိမ်းရန် ထုတ်ပြန်ချက်ကို လိုက်နာမှုမရှိဘဲ ဖွင့်လှစ်နေကြောင်း လှည်းဆိပ်ရဲကင်းစခန်းမှူး ဒုရဲအုပ် လှမိုးနှင့် အဖွဲ့က စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် အဆိုပါ ဆိုင်တာဝန်ခံ ကောင်းချင်းထိုက်အား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

### နွားထိုးကြီး

နွားထိုးကြီးမြို့နယ် ဆားတောင်ကျေးရွာသို့ ဖားကန့်မြို့မှ မေ ၁ ရက်က ပြန်လည်ရောက်လာသူ ဦးဇော်လင်းဦးသည် ဆားတောင် (အ.ထ.က-ခွဲ) ၌ ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူနေစဉ် မေ ၂ ရက် ည ၉ နာရီတွင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း။

ထို့ကြောင့် ဒေသန္တရအမိန့် ဖောက်ဖျက်သူ ဦးဇော်လင်းဦးအား ဥပဒေအရအရေးယူပေးပါရန် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် ကော်မတီ (တွဲဖက်အတွင်းရေးမှူး-၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က တိုင်တန်းသဖြင့် နွားထိုးကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းအောင်ဇော်
(ပြန်/ဆက်)

# အသက်ရှူစက်၊ အောက်ဆီဂျင်စက်၊ PPE များအပါအဝင် ဆေးရုံသုံးပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ကယားပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်း

**လွိုင်ကော် မေ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအထောက်အကူပြု ပစ္စည်းများကို ကမ္ဘောဇဘဏ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ နေ့စဉ်လှူဒါန်းလျက်ရှိရာ ကယားပြည်နယ်အတွက် ငွေကျပ် သိန်း ၉၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ကို မေ ၉ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဇဘဏ်က လှူဒါန်းသော ဆန်အိတ် ၁၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ကုသရေးပစ္စည်းများ ဖြစ်သည့် CE standard ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ လက်သန့်ဆေးရည်များကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးက လည်းကောင်း၊ အသက်ရှူစက်၊ Patient Monitor များ၊ အောက်ဆီဂျင်စက်များကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကလည်းကောင်း လက်ခံယူကြသည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ထံ ကမ္ဘောဇဘဏ်က ဆေးရုံသုံးပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘောဇဘဏ် အနေဖြင့် ကယားပြည်နယ်အတွင်း သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ်က ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ခဲ့သည့် မော်ချီးဒေသခံ တိုင်းရင်းသားများနေထိုင်ရန် ငွေကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံ၍ အနာဂတ်အလင်းတန်းကျေးရွာကို ပြန်လည်တည်ထောင်ပေးခဲ့ပြီး ကျေးရွာအင်္ဂါရပ်နှင့် ကိုက်ညီသည့် စာသင်ကျောင်း၊ စာကြည့်တိုက်၊ ရေတွင်း ရေကန်၊ လျှပ်စစ်မီး၊ လမ်း စသည်တို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ရေရှားပါးမှုမရှိစေရေးအတွက် ငွေကျပ်သိန်း ၂၁၃ သိန်း အကုန်အကျခံကာ လွိုင်ကော်ပြည်သူ့ဆေးရုံတွင် စက်ရေတွင်း နှစ်တွင်း၊ ပညာရေးကောလိပ်တွင် တစ်တွင်း တူးဖော်ပေးခဲ့ပြီး ယခုအခါ ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ စိန်ခေါ်မှုကို ကာကွယ်တိုက်ဖျက်နိုင်ရန် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ၊ စားနပ်ရိက္ခာအတွက် ဆန်အိတ်များ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၉၀၀ ကျော် လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ကမ္ဘောဇဘဏ်သည် မေ ၉ ရက်တွင် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ရွာ တိုက်နယ်ဆေးရုံ၊ လွိုင်ကော်မြို့နယ် လွိုင်လင်လေးတိုက်နယ်ဆေးရုံ၊ ဖယ်ခုံမြို့ပြည်သူ့ဆေးရုံ၊ တီကျစ်မြို့ပြည်သူ့ဆေးရုံနှင့် မိုးဗြဲမြို့ရှိ မိုးဗြဲတိုက်နယ်ဆေးရုံသို့ ကာကွယ်ကုသရေး အထောက်အကူပြု CE standard ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ လက်သန့်ဆေးရည်များ လှူဒါန်းပေးအပ်ခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ ပင်းတယ ပြည်သူ့ဆေးရုံ၊ ရွာငံပြည်သူ့ဆေးရုံ၊ မြိုင်တိုက်နယ်ဆေးရုံနှင့် ပွေးလှတိုက်နယ်ဆေးရုံများတွင် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ယနေ့ လှူဒါန်းပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၁၉၆၂၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားသည်။

**ကိုဇော်**

# ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ပလက်ဝတိုက်ပွဲရှောင်ပြည်သူများအတွက် ရောဝတီဖောင်ဒေးရှင်းနှင့် စေတနာရှင်များက အလှူငွေများနှင့် ဆန်အိတ် ၁၀၀၀ လှူဒါန်း

**ဟားခါး မေ ၉**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်မှုကာလအတွင်း အသုံးပြုနိုင်ရန် နှင့် ပလက်ဝမြို့နယ် အတွင်းမှ တိုက်ပွဲရှောင် ပြည်သူများအတွက် ရောဝတီဖောင်ဒေးရှင်းနှင့် စေတနာရှင်များက ထောက်ပံ့လှူဒါန်းသည့် အလှူငွေနှင့် ဆန်အိတ်များပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် ဝန်ကြီးများ၊ ချင်းပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူးနှင့် ရောဝတီ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။




ရှေးဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်မှုကာလအတွင်း ဒေသအတွင်းရှိ ပြည်သူများအတွက် လည်းကောင်း၊ ပလက်ဝမြို့နယ် အတွင်းက တိုက်ပွဲရှောင်ပြည်သူများ အတွက် လည်းကောင်း လူသားချင်း စာနာထောက်ထားသော အားဖြင့် လှူဒါန်းပေးပါသော ရောဝတီ ဖောင်ဒေးရှင်းနှင့် အလှူရှင်၊ စေတနာ ရှင်အားလုံးကို ကျေးဇူးအထူးတင်ပါ ကြောင်းနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စေတနာရှင်၊ အလှူရှင်များ ၏အားဖြင့် ပူးပေါင်း၍ ဒေသတွင်း မိဘပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန် ဝင်ငွေမရှိသော အခြေခံလူတန်းစား များအတွက် ပစ္စည်း ငါးမျိုး ထောက်ပံ့ ပေးလျက်ရှိသလို စေတနာရှင်၊ အလှူ ရှင်များအနေဖြင့်လည်း ယခုလို လှူဒါန်းပေးသည့်အတွက် ချင်း ပြည်နယ်အတွင်းရှိ မိဘပြည်သူများ ကိုယ်စား ကျေးဇူးအထူးတင်ရှိပါ ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု ကာလအတွင်း အသုံးပြုနိုင်ရန် အတွက် ရောဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၀၀၀ ကိုလည်းကောင်း၊ Zenith Infre Structure Co.,ltd မှ ငွေကျပ် ၆၈ သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို လည်းကောင်း၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီက ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများ အတွက် အလှူငွေ ကျပ်သိန်း ၅၀ ကိုလည်း ကောင်း၊ စေတနာရှင်၊ အလှူရှင် ၁၄ ဦးက စုစုပေါင်း အလှူငွေကျပ် ၁၁၈ သိန်း ၅ သောင်း တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကိုလည်း ကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်ပြီး ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု ကာလအတွင်း အသုံးပြုနိုင်ရန် ပြည်နယ် ဝန်ကြီးချုပ်က ငွေကျပ် ငါးသိန်း၊ ပြည်နယ်လူမှုရေးဝန်ကြီးက ငွေကျပ် ငါးသိန်း၊ ပြည်နယ် စည်ပင်သာယာ ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး က ငွေကျပ် သုံးသိန်း၊ ကျန်ရှိသော ပြည်နယ်ဝန်ကြီးများက ငွေကျပ် တစ်သိန်းစီ၊ ထန်တလန်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဗန်ထောင်းက ငွေကျပ် သုံးသိန်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ စစ်ဗျူဟာအခြေချ (ဟားခါး) မှ ဗိုလ်မှူးကြီး သန့်ဇင်အောင်က ငွေကျပ် တစ်သိန်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ရုံးမှ ဒုတိယရဲမှူးကြီးက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေး ပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## နမ့္မတူမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နမ္မတူ မေ ၉**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပိန်းလုံ ကွန်းကျောင်းကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ဇာထွန်း၊ Save The Children အဖွဲ့၊ မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်နှင့် ဦးကျန်ထွန်းတို့က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများ၊ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ပေးကြရန် မြန်မာဘာသာ၊ ရှမ်းဘာသာ နှစ်ဘာသာဖြင့် အသိပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

## လဲချားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ လှူဒါန်း

**လဲချား မေ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများအား ယနေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံ ၁၅ စုံ၊ လက်အိတ် လေးဘူး၊ နှာခေါင်းစည်း ငါးဘူးနှင့် Chlorine ဆေးရည် နှစ်ပုံးတို့ကို မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက လှူဒါန်းခဲ့သည်။ **(ယာပုံ)**



အဆိုပါ လှူဒါန်းမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့်အလှူရှင်များ က လှူဒါန်းသော အထောက်အကူပြုပစ္စည်းများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သောနေရာများတွင် အသုံးပြုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇမ္ဗူထိပ်ခေါင်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ဈေးကွက်တည်ငြိမ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်



**စစ်ကိုင်း မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဖလံချိုင်ကျေးရွာရှိ ဇမ္ဗူထိပ်ခေါင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြို့နယ်သမဝါယမအသင်းစုနှင့် ပူးပေါင်း၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ဈေးကွက်တည်ငြိမ်ရေး အထောက်အကူပြု အားဖြည့်ပါဝင်မှုအဖြစ် အဓိကစားကုန်ဖြစ်သော ဆန်အပေါ် ဒေသပေါက်ဈေးအောက် ၂ ရာခိုင်နှုန်း လျှော့၍ တန်ဖိုးအပေါ် ဆိုင်းငံ့ကာလ တစ်လအတွင်း အတိုးမဲ့စနစ်ဖြင့်လည်းကောင်း၊ ဆိုင်းငံ့ကာလ ကျော်လွန်ပါက အတိုးနှုန်း ၁ ဒသမ ၅၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ကုန်ကြွေးစာချုပ်ချုပ်ဆို ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရေရှည်အထောက်အကူပြုပေးနိုင်ရန်အတွက် အသင်းတွင် ဆန်တန်ချိန် ၃၆ တန်၊ တင်းပေါင်း ၁၀၈၀ ခန့်အထိ ထွက်ရှိမည့် စပါးများ သိုလှောင်ထားရှိပြီး လိုအပ်သလို ကြိတ်ခွဲ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**သတင်းစဉ်**

## ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်တွင် သောင်တင်နေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူခဲ့

**နေပြည်တော် မေ ၉**

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်တွင် သောင်တင်နေသည့် မြန်မာနိုင်ငံသား ခုနစ်ဦးကို မေ ၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးသည်တင်လေယာဉ်များ ရုတ်တရက် ရပ်ဆိုင်းလိုက်ခြင်းကြောင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ် Transit Area တွင် သောင်တင်နေခဲ့သည့် မြန်မာနိုင်ငံသား ခုနစ်ဦးကို မေ ၈ ရက်က မြန်မာအမျိုးသားလေကြောင်း ကုန်တင်လေယာဉ် (Cargo Flight) ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း။

ယင်းမြန်မာနိုင်ငံသား ခုနစ်ဦးကို ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက လေဆိပ်သို့ သွားရောက်ပြီး ထိုင်းနိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ထိုင်းနိုင်ငံအစိုးရမှ လတ်တလောချမှတ်ထားသည့် စည်းမျဉ်းကန့်သတ်ချက်များအရ ယင်းမြန်မာနိုင်ငံသား ခုနစ်ဦးကို ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသား ခုနစ်ဦးတွင် အမျိုးသမီး နှစ်ဦးနှင့် အမျိုးသားငါးဦးပါဝင်၍ ၎င်းတို့သည် ကျန်းမာရေး ကောင်းမွန်ပြီး သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးသည့် Fit Certificate ပါရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက မေ ၈ ရက်တွင် ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း ကုန်တင်လေယာဉ်(Cargo Flight) ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း။

၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း ၁၄ ရက်ကို ခံယူလျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မေ ၉**

ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ လည်းကောင်း၊ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌လည်းကောင်း ယမန်နေ့က ဆက်လက်လက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ လက်ခံခဲ့ရာ လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး၊ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ တာချီလိတ်၊ မူဆယ်၊ ကျိုင်းတုံ၊ ကလေး၊ မြဝတီ၊ မိုင်းယု၊ မောင်တောတို့မှ ရောက်ရှိလာသူ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၄၂ ဦးကို လက်ခံခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ ၁၃၄ ဦးနှင့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၂၈၄ ဦးတို့အား လက်ခံထားရှိပြီးဖြစ်ကာ စောင့်ကြည့်လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့ရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့်တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစောင့်ကြည့်လူနာများအားလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## သုဝဏ္ဏဝတီမြို့၌ ကျန်းမာရေးစင်တာ နှစ်ခုမှ သတ်မှတ်ရက်ပြည့်မီပြီး ကျန်းမာရေးကောင်းမွန်သူ ၁၉၅ ဦးအား နေအိမ်များသို့ ပြန်လည်စေလွှတ်

**သုဝဏ္ဏဝတီ မေ ၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဖွင့်လှစ်ထားရှိသော ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစင်တာ နှစ်ခုတွင် စောင့်ကြည့်နေရပ်ပြန်ပြည်သူ ၁၉၅ ဦးအား ကျန်းမာရေးကောင်းမွန်သဖြင့် မေ ၆ ရက် ညနေပိုင်းမှစတင်၍ အသုတ်လိုက် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မေ ၉ ရက်အထိ စင်တာအမှတ်-၂(အထက-ကျိုက္ကော်)တွင် စောင့်ကြည့်ခံရသူ ၇၅ ဦးရှိသည့်အနက် ကျား၊ မ ၆၂ ဦးကိုလည်းကောင်း၊ စင်တာအမှတ်-၃ (အထက-သိမ်ဆိပ်)တွင် စောင့်ကြည့်ခံရသူ ၁၅၄ ဦးရှိသည့်အနက် ကျား၊မ စုစုပေါင်း ၁၃၃ ဦး စုစုပေါင်း ၁၉၅ ဦးအား စောင့်ကြည့်ကာလပြည့်မီ၍ လည်းကောင်း၊ ကျန်းမာရေးကောင်းမွန်သောကြောင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးဆေးစစ်မှုများ ပြုလုပ်ပေးပြီး မိမိနေအိမ်တွင် ပြန်လည်၍ ကောင်းမွန်စွာနေထိုင်ကြရန် မှာကြားကာ နေအိမ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြန်လည်စေလွှတ်သူများကို ကန့်သတ်စောင့်ကြည့်ခြင်းကာလပြီးစီးမှု ကျန်းမာရေးထောက်ခံချက်များ ထုတ်ပေးပြီး စနစ်တကျ ပြန်လည်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ စင်တာများတွင် ကျန်ရှိနေသူ ၃၃ ဦးအား သတ်မှတ်ရက်ပြည့်မီ၍ ကျန်းမာရေးကောင်းမွန်သူများကို မေ ၁၀ ရက်တွင် အားလုံး ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



## မင်းဘူးမြို့ အထက(၁) စောင့်ကြည့်ရေးစခန်း၌ ၁၄ ရက်ပြည့်မြောက်၍ ၁၀၇ ဦးအား အိမ်ပြန်ခွင့်ပြု

**မင်းဘူး မေ ၉**

မင်းဘူးမြို့တွင် ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများအား တည်းခိုနေထိုင် စောင့်ကြည့်ရေးစခန်း၌ ၁၄ ရက်ပြည့်မြောက်၍ ၁၀၇ ဦးအား ယနေ့ နံနက်ပိုင်းက မိမိတို့၏ နေအိမ်များသို့ ပြန်ခွင့်ပေးခဲ့သည်။

အဆိုပါ စောင့်ကြည့်ရက်ပြည့်မြောက်၍ မိမိနေရပ်သို့ ပြန်လည်စေလွှတ်ခံရသူများအား ကျန်းမာရေးမှူး ဦးမင်းမင်းဇော်နှင့် ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ ကျန်းမာရေးနှင့် ပတ်သက်သော လိုအပ်သည့်ကိစ္စရပ်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ အသွားအလာ ကန့်သတ်မှုခံယူခြင်း ၁၄ ရက် ပြည့်မြောက်သူများ၏ လိုက်နာရမည့် အချက်များကို မှာကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်များ၊ နှာခေါင်းစည်းများ၊ အသိပညာပေး လက်ကမ်းစာစောင်များကို တည်းခိုနေထိုင် စောင့်ကြည့်ရေးစခန်း ကြီးကြပ်ကွပ်ကဲရေးမှူး၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက တစ်ဦးချင်းစီ ပေးအပ်ခဲ့ပြီး နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မင်းဘူးခရိုင်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် နေရပ်ပြန်လည်ရောက်ရှိလာသူများအား တည်းခိုနေထိုင်စောင့်ကြည့်ရေးစခန်း အထက (၁)နှင့် အထက(၂) တို့တွင် ၁၈၄ ဦး ရှိပြီး ၎င်းတို့အနက်မှ မေ ၈ ရက်တွင် ၃၁ ဦး၊ မေ ၉ ရက်တွင် ၇၆ ဦးတို့အား သက်ဆိုင်ရာ မြို့နယ်၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မော်တော်ယာဉ်များဖြင့် နေအိမ်အသီးသီးသို့ ပို့ဆောင်ပေးခဲ့သည်။

မင်းဘူးမြို့တွင် တည်းခိုနေထိုင် စောင့်ကြည့်ရေးစခန်း၌ ၇၇ ဦး ကျန်ရှိပြီး ကျန်းမာရေးစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် သံသယရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**



## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် ယာယီကော်မတီဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နမ့်ခမ်း မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် ကြက်ခြေနီအသင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပရဟိတလူမှုအဖွဲ့အစည်းများ ပါဝင်သော ယာယီကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာများရှိ လမ်းများ၊ အများပိုင်၊ အသင်းအဖွဲ့ပိုင် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ရုံးဌာနများကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် မေ ၇ ရက်နှင့် ၈ ရက်က ဘာသာရေးအဆောက်အအုံများဖြစ်သော မြို့လယ်ဘုရားကျောင်းဝင်းရှိ အဆောက်အုံများနှင့် ရင်ပြင်များ၊ သာသနဝိပုလစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများ၊ ရှမ်းစာပေယဉ်ကျေးမှုရုံး၊ အစိုးရရုံးများနှင့် ရုံးဝင်းအတွင်းအပြင်နေရာများ၊ နေရပ်စွန့်ခွာစခန်းများ၊ မြို့မဈေးနှင့်အားကစားရုံ၊ တင်းနစ်အားကစားကွင်းတို့ကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုဗစ်-၁၉ အတွက် ထောက်ပံ့နိုင်ရေး ဆွေးနွေး

**မကွေး မေ ၉**

မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ အတွက် ထောက်ပံ့နိုင်ရေးနှင့် ပတ်သက်ပြီး ကုန်သည်/စက်မှုအသင်း၊ ဆန်/ဆီကုန်သည်ကြီးများအသင်းနှင့် မကွေး ကုန်စည်ဒိုင်အသင်းတို့အား တွေ့ဆုံ၍ ဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦးက အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီများ ထောက်ပံ့နိုင်ရေးအတွက် ကုန်သည်၊ လုပ်ငန်းရှင်ကြီးများနှင့် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်ပေးနိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ တင်ပြဆွေးနွေးပေးနိုင်ရေး ပြောကြားရာ ကုန်သည်/စက်မှုအသင်း၊ ဆန်/ဆီကုန်သည်ကြီးများအသင်းနှင့် မကွေးကုန်စည်ဒိုင်အသင်း တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးကာ ခရိုင်အုပ်ချုပ် ရေးမှူးများက ခရိုင်အလိုက် ထောက်ပံ့ပေးနိုင်ရေးအစီအမံများကို တင်ပြ ဆွေးနွေးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း အိမ်ထောင်စုဝင် သုံးသိန်းကို ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သိရပြီး မိသားစုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား



ဖြန့်ဝေရန် စီစဉ်ထားကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ ယနေ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများအရ မနောသုခဆန် တစ်အိတ် ငွေကျပ် ၂၈၀၀၀၊ လုံးတီးဆန် တစ်အိတ် ငွေကျပ် ၃၁၀၀၀၊ ကြက်သွန် တစ်ပိဿာ ငွေကျပ် ၅၀၀၊ ဆားတစ်ပိဿာ ငွေကျပ် ၂၃၀၊ စားအုန်းဆီ ၅၀ ကျပ်သား တစ်ဘူး ငွေကျပ် ၁၁၀၀၊ နေကြာဆီ တစ်ဘူး ငွေကျပ် ၁၇၅၀၊ ကုလားပဲလုံး တစ်ပိဿာ ငွေကျပ် ၁၃၅၀၊ ဆွန်တာနီပဲ တစ်ပိဿာ ငွေကျပ် ၈၀၀ စသည်ဖြင့် ဈေးနှုန်းများသတ်မှတ်ခဲ့ကြောင်းနှင့် ထောက်ပံ့ရေးအစီအမံ များကို မေ ၁၀ ရက်မှ စတင်၍ တိုင်းဒေသကြီးအတွင်း၌ ထောက်ပံ့ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကိုဗစ်-၁၉ တိုက်ဖျက်ရေးနှင့် အသိပညာပေးဆောင်ရွက်မှုများအတွက် ငွေကျပ်သိန်း ၅၀၀၀ ပါဝင်လှူဒါန်း

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ၏ ဦးဆောင် အာမခံလုပ်ငန်းများဖြစ်ကြသည့် KBZ MS General Insurance ကုမ္ပဏီနှင့် KBZ Life ကုမ္ပဏီတို့မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ အသက်ရှူစက်များ၊ ရောဂါကာကွယ် ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် မျက်မှန်များကို မြောက်ဥက္ကလာ ဝေဘာဂီဆေးရုံ၊ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်ဆေးရုံသစ်ကြီး၊ တောင်ဥက္ကလာ မိခင်နှင့်ကလေး ဆေးရုံ၊ သဃ်န်းကျွန်းစံပြဆေးရုံနှင့် အင်းစိန်ဆေးရုံကြီး တို့သို့ သွားရောက်လှူဒါန်းခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟို ကော်မတီသို့ ကမ္ဘောဇဘဏ်နှင့် ပူးပေါင်း၍ ငွေကျပ် သိန်း ၁၀၀၀ ကိုလည်း ရန်ပုံငွေအဖြစ် ပါဝင်လှူဒါန်း ခဲ့သည်။

KBZ MS နှင့် KBZ Life တို့သည် ကိုဗစ်-၁၉ အသိပညာ ပေးဆောင်ရွက်မှုများကို ပြည်သူအများ ပိုမိုထင်ရှား လွယ်ကူစွာ သိရှိနိုင်ရန်နှင့် ပြည်သူတစ်ဦးချင်းမှ လိုက်နာ ဆောင်ရွက်မှု ပိုမိုထိရောက်စေရန်အတွက် ကျန်းမာရေး အသိပညာပေး လှုပ်ရှားမှုများကို နိုင်ငံအနှံ့အပြားရှိ မြို့ကြီးများတွင် ကြော်ငြာ ဆိုင်းဘုတ်များကို အသုံးပြု၍ ကမ္ဘာ့ကပ်ရောဂါမှ အန္တရာယ်ကင်းစေရန် နေထိုင် ကာကွယ်နည်းများ ပါဝင်သည့် အသိပညာပေး သတင်း အချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထားသော ကာတွန်း ဇာတ်ကောင်များကို အသုံးပြုကာ ပုံဖော်ရေးဆွဲထားသည့် လက်ဆေးခြင်း၊ လူချဲနေခြင်းနှင့် အခြားသော ကာကွယ်ရေး နည်းလမ်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်မှတစ်ဆင့် အများပြည်သူများထံသို့ ပညာပေး ဖြန့်ဝေပေးလျက် ရှိသည်။

"အာမခံကုမ္ပဏီတွေအနေနဲ့ အခုလို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကို ရင်ဆိုင်နေရတဲ့ အခြေအနေမှာ ပိုမိုတိုးမြှင့် ပြီး အကူအညီပေးဖို့ လိုအပ်လာပါတယ်။ ဒါ့ကြောင့် ငွေကြေးနဲ့ ပစ္စည်းအထောက်အပံ့တွေ လှူဒါန်းခြင်းအပြင် ရောဂါပြန့်ပွားမှုထိန်းချုပ်၊ ကာကွယ်တဲ့ နေရာတွေမှာ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးနိုင်ဖို့အတွက် ဆိုင်းဘုတ်တွေနဲ့ ကျန်းမာရေးအသိပညာပေးဆောင်ရွက် မှုတွေအပါအဝင် လူမှုဆက်သွယ်ရေး လုပ်ဆောင်ချက်များ ကို ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တာပါ" ဟု KBZ MS နှင့် KBZ Life တို့၏ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က ပြောသည်။

ယခုအချိန်ကာလသည် ဝန်ထမ်းများနှင့် ပြည်သူများ အတွက် ရောဂါအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကောင်းမွန်ရန် အထူးအရေးကြီးသည့်အတွက် KBZ MS နှင့် KBZ Life အာမခံလုပ်ငန်းများမှ အသက်နှင့် ကျန်းမာ ရေးဆိုင်ရာ အကာအကွယ်များ ပါဝင်သည့် အာရောဂျံ ကျန်းမာရေးအာမခံအပါအဝင် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကို အထူးအလေးထား ဆောင်ရွက်ပေး လျက်ရှိသည်။ KBZ MS နှင့် KBZ Life တို့မှ အထက်ပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကျန်းမာရေးအသိပညာပေး ဆောင်ရွက်မှု များအတွက် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ပေးအပ် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။



**ကိုဇော်**

# ခမောက်ကြီးနယ်မြေအတွင်းရှိ ထိုင်း-မြန်မာနယ်စပ် ရှမ်း ခြောက်ရွာသို့ ကိုဗစ်-၁၉ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ခမောက်ကြီး မေ ၉**

ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသည် ခမောက်ကြီးနယ်မြေဒေသ အတွင်းရှိ ပါချန်မြစ်ကြောင်းတစ်လျှောက် ထိုင်း-မြန်မာ နယ်စပ် ရှမ်း ခြောက်ရွာသို့ မေ ၈ ရက်မှ ၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် အရှိန်အဟုန် မပျက် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင် ဦးစီးအဖွဲ့သည် ကိုဗစ်-၁၉ အသိပညာပေးယာဉ်ဖြင့် ကျေးရွာများသို့ လှည့်လည်၍ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာ ဥပဒေပြဋ္ဌာန်းချက်များအား ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် မျက်နှာ ဖုံးအကာအခု ၅၀ စီနှင့် ပညာပေးပိုစတာများကိုလည်း ကောင်း၊ မာရမ်းကျေးရွာတိုက်နယ်ဆေးရုံတွင် ရောဂါ ကာကွယ်ရေးဝတ်စုံ ၁၀ စုံကိုလည်းကောင်း၊ အေးချမ်းသာ ကျေးရွာ၊ လုံးဖောကျေးရွာနှင့် ဖော့သုတ်ကျေးရွာတို့တွင် နှာခေါင်းစည်း ၁၀ ဘူးစီကိုလည်းကောင်း ပေးအပ်ပြီး သတ်မှတ်နေရာတွင်ထားရှိသည့် စောင့်ကြည့်စစ်ဆေးခံ ပြည်သူများကို ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည်များ မှာကြားခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း၊ ၁၄ ရက်ပြည့်သူများအား ၎င်းတို့နေရပ်သို့ ပြန်ရန်အတွက် ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**နန့်လေးလေး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများလှူဒါန်း


**ရန်ကုန် မေ ၉**

Golden City Charity Foundation မှ အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများအား ဆေးရုံကြီး နှစ်ခုနှင့် အခြားနေရာများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတို့တွင် ဆေးရုံ တစ်ခုလျှင် ငွေကျပ်သိန်း ၂၀ နှင့် သုံးသောင်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအထောက် အကူပြုပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့ပြင် ရန်ကင်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးတို့သို့လည်း ငွေကျပ် ၁၀ သိန်းခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်း များ လှူဒါန်းခဲ့ပြီး ရန်ကင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့သည်။ Golden City Charity Foundation သည် Golden City project ကြီးအတွင်း ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ဖြစ်ရေး အတွက်လည်း ကာကွယ်ရေးပစ္စည်းများနှင့် ပိုးသတ်သန့်စင် ရေးပစ္စည်းများကို ငွေကျပ် ၃၅ သိန်းခန့် လှူဒါန်း ခဲ့သည်။

Golden City Charity Foundation သည် မိမိတို့ ချမှတ်ထားသော "ဖြန့်ဖြူးမေတ္တာ နွေးထွေးစွာ၊ ဝန်းကျင် လှပ လူမှုဘဝ"ဟူသောဆောင်ပုဒ်အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အရေးတကြီးဝိုင်းဝန်းရမည့် ယခု အချိန်တွင် မိမိတို့တတ်အားသမျှ အင်အားများဖြင့် အချိန် နှင့်တစ်ပြေးညီ ပါဝင်ကူညီလျက်ရှိရာ ယခု လှူဒါန်းမှုများ အပြင် မတ် ၃၁ ရက်ကလည်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ နှင့် သက်ဆိုင် သော လူနာများထားရှိရန် စီစဉ်ထားသော Isolation Room မှ လူနာများ အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၃၀၀၀ နီးပါးတန်ဖိုးရှိ oxygen supply e Pipeline နှစ်စုံ ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**အေကေလင်း**



# ဝါးခယ်မတွင် ဈေးချောင်းမကြီးအား အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်း



ဝါးခယ်မမြို့ ဈေးချောင်းမကြီးထဲရှိ အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းမှု ဆောင်ရွက်နေကြစဉ်။

**ဝါးခယ်မ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရေကျော် ရပ်ကွက်ရှိ မြို့မဈေးချောင်းမကြီးမှာ အမှိုက်များ၊ နုန်းများများပြားလာသဖြင့် ယနေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချောင်းမကြီးအတွင်းရှိ အမှိုက်များ၊ နုန်းများကို ဆယ်ယူရှင်းလင်းလျက်ရှိသည်။

"ဒီချောင်းက ရေကျော်ရပ်ကွက် တစ်လျှောက် စီးနေတာဖြစ်တယ်။ အခုဆိုရင် အမှိုက်တွေကော နုန်းတွေပါ များလာတဲ့အတွက် ဆယ်ယူရှင်းလင်းပေးတာ ဖြစ်တယ်။ မြို့မဈေးသားငါးတန်းနဲ့လည်း ကပ်လျက်ဖြစ်တဲ့အပြင် ပြည်သူတွေအနေနဲ့ မသန့်ရှင်းတဲ့ရေကို အသုံးမပြုစေချင်ဘူး။ ပြည်သူတွေအနေနဲ့ကော ဈေးရောင်းဈေးဝယ်တွေအနေနဲ့ပါ မိမိတို့ရဲ့ စွန့်ပစ်အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ကျစေလိုတယ်။ မသိအောင် ဒီချောင်းထဲ သွန်ချတာမျိုး မလုပ်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အမှိုက်တွေ မစွန့်ပစ်ကြဖို့လည်း အသိပေးဗီနိုင်းတွေ ကပ်ထားပေးပါတယ်''ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးက ပြောသည်။

ဈေးချောင်းမကြီးအား ဆယ်ယူရှင်းလင်းရာတွင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဦးဆောင်ပြီး ဝန်ထမ်းများ၊ ပြင်ပလုပ်သားများ ငှားရမ်း၍ အမှိုက်များဆယ်ယူခြင်း၊ နုန်းများကို ရေဖြင့်ထိုးချရှင်းလင်းခြင်းကို ဆောင်ရွက်ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက မိုင်းထိလူနာများအား ငွေကျပ် ၁၀ သိန်း ထောက်ပံ့

**ဒေါ့ဖုန်းယန် မေ ၉**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ် ဒိန်ဂါယန်ကျေးရွာအနီးတွင် မိုင်းထိခံရသော သားအဖ နှစ်ဦးအား အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းက တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့သည်။

ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းရုံးခွဲ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မိုးမောက်မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲဥက္ကဋ္ဌ ဦးခင်မောင်ဝေနှင့် တပ်ဖွဲ့ဝင်များက မေ ၈ ရက်တွင် မိုးမောက်မြို့ အလင်းကောင်ရပ်ကွက်၊ စိုက်ပျိုးရေး တိမ်းရှောင်စခန်း၌ ခေတ္တနေထိုင်သော ဒဏ်ရာရရှိသူ ဦးနော်ထွဲ ၄၉ နှစ် (ဒိန်ဂါရန်ကျေးရွာ) နှင့် အလင်းကောင်ရပ်ကွက်တွင် ခေတ္တတည်းခိုနေထိုင်သော ဦးဘရန်ရှောင် ၆၉ နှစ် ဒေါ့ဖုန်းယန် မြို့နယ်ခွဲတို့၏ နေအိမ်များသို့ သွားရောက်ကာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းက ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

"ထောက်ပံ့လှူဒါန်းပေးကြတဲ့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းနဲ့ အလှူငွေတွေ လာရောက်ပေးအပ်ကြတဲ့ ကြက်ခြေနီအသင်းရုံးခွဲ ဥက္ကဋ္ဌတို့နဲ့ အဖွဲ့ဝင်တွေကိုလည်း ကျေးဇူးတင်ပါတယ်'' ဟု ဦးနော်ထွဲက ပြောသည်။

၎င်းတို့ သားအဖနှစ်ဦးသည် မတ် ၂၉ ရက်က ဒေါ့ဖုန်းယန်မြို့နယ်ခွဲ ဒိန်ဂါယန် ကျေးရွာနှင့် နှစ်မိုင်ခန့် ဝေးကွာသည့် တောအတွင်းသို့ တောကောင်ထောင်ထားသည့် ကိုင်းဖော်ရန် သွားရောက်ခဲ့ရာမှ မိုင်းထိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**



တောင်ကုတ်မြို့နယ် လမူးနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲမြင့်ဦးစီးသော တပ်ဖွဲ့ဝင်များသည် တောင်ကုတ်မြို့နယ် ဇနီကျေးရွာဘုန်းတော်ကြီးကျောင်းတွင် မေ ၇ ရက်က မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောစဉ်။

မြို့နယ်(ပြန်/ဆက်)

# ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအသုံးပြုရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ လှူဒါန်း

**ရန်ကုန် မေ ၉**

ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးအသုံးပြုရန်အတွက် Swim Mates Charity Foundation မှ တာဝန်ရှိသူများက မေ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနှင့် အမျိုးသား အဆင့်ဗဟိုကော်မတီသို့ သွားရောက်ကာ ငွေကျပ်သိန်း ၁၂၀ ကျော်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၆၄ စုံ ပေးအပ်လှူဒါန်းခဲ့သည်။



ငွေကျပ်သိန်း ၁၂၀ ကျော်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို အလှူရှင်များက တာဝန်ရှိသူထံ လှူဒါန်းကြစဉ်။

အဆိုပါ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို Swim Mates Charity Foundation မှ အတွင်းရေးမှူး ဦးမျိုးဦးနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများက ပေးအပ်လှူဒါန်းရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဥက္ကာဖြိုးတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

ကြီးမြန်သစ်ပင်၊ စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၉၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို ဧပြီ ၃၀ ရက် အထိ တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –



မြင်းမိုရ်ထက်က သရဖူ
နေတိုး၊ ထွန်းထွန်း၊ မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်



ချစ်ခြင်းဖွဲ့ မေတ္တာ
ဒွေး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်



သကြ်ံနန်မိုး
နေအောင်၊ ဇင်ဝိုင်း၊ ဇော်ဝမ်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်



ပန်းပျိုးသူတို့ အလင်္ကာ
လူမင်း၊ နေတိုး၊ ရဲအောင်၊ နဝရတ်၊ မေဓာဦး



ပန်းဒဏ္ဍာရီ
ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဥ္ဇာနွယ်



ဒဏ္ဍာရီ
ဇင်ဝိုင်း၊ ထွန်းထွန်းနိုင်၊ မေသန်းနု



ပုဂံမှာသာတဲ့လ(၁+၂)
ရန်အောင်၊ မေသန်းနု



ခပ်စိမ်းစိမ်းနေပါ့မယ်
ရဲအောင်၊ ထွန်းထွန်းနိုင်၊ မို့မို့မြင့်အောင်၊ မေဆွိ



အချစ်ဆုံးသူရဲ့ ရင်မှာ
ပြေပြေမြင့်၊ ရဲအောင်၊ မေဆွိ



နှင်းဆီမြို့သားများ
ဟက်ကက်၊ ဖြိုးငွေစိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ကြည်လဲ့လဲ့ဦး



ဗိုက်ပူမ
ကျော်ဟိန်း၊ မေသန်းနု၊ မေကဗျာ



ခေတ်ကာလဖခင်
လူမင်း၊ ကျော်ကျော်၊ ဝတ်မှုံရွှေရည်၊ ချောရတနာ



မျက်လုံးလေးကလယ်ကလယ်
နေတိုး၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ




CHESS
နေတိုး၊ သက်မွန်မြင့်



များတို့ရဲ့ပင်လယ်
မြင့်မြတ်၊ သင်ဇာဝင့်ကျော်

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ထားရှိမည့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ကျန်းမာရေးစင်တာ ထားရှိမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

## ဧပြီ ၂၁ ရက်နေ့မှ စတင်၍ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် လူနာများ ထားရှိနိုင်အောင် ဆောင်ရွက်မည်

**ရန်ကုန် ဧပြီ ၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန (Covid-19 Medical Center) ထားရှိမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ " မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ အရှိန်အဟုန်မြင့်တက်လာခဲ့မယ်ဆိုရင် ထိန်းချုပ်ကာကွယ် ကုသပေးနိုင်အောင် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး Medical Center တစ်ခု ဖွင့်လှစ်ထားဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှာ Covid-19 Medical Center အဖြစ် ဆောင်ရွက်ဖို့ ညှိနှိုင်းခဲ့ကြပါတယ်။ ကိုဗစ်-၁၉ အတွက် အဆင်သင့်ဖြစ်ဖို့ ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ ကုသရေးပိုင်း ဆောင်ရွက်သူတွေအားလုံး ၊ ထုတ်လုပ်ရေးပိုင်း၊ ဝန်ဆောင်မှုအပိုင်း ဆောင်ရွက်ပေးသူတွေအားလုံး ဒီမှာ ဧပြီ ၁၉ ရက်နေ့ သတင်းပို့ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဧပြီ ၁၉ ရက်မှာ ရောက်ရှိလာမယ့်သူတွေကို ၂၀ ရက်မှာ ကြိုတင်ပြင်ဆင်ပြီး ၂၁ ရက်မှာ လူနာထားနိုင်တဲ့အဆင့်ကို ဆောင်ရွက်လျက်ရှိပါတယ်။

### ခုတင် ၁၀၀၀ အထိ ထားဖို့မှန်းထား

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပဲဖြစ်ဖြစ်၊ အခြားသောတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပဲဖြစ်ဖြစ် ကိုဗစ်-၁၉ ရောဂါ ကုသပေးဖို့ လိုအပ်လာခဲ့မယ်ဆိုရင် ဒီ Medical Center ဟာ အားလုံးအတွက် ဆောင်ရွက်နိုင်မယ့် အခြေအနေကို ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီစင်တာကြီးဟာ စတင်ချိန်မှာပဲ ခုတင် ၄၀၀ အထိ ထားနိုင်အောင် ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ အဲဒီကနေ ခုတင် ၁၀၀၀ အထိ ထားဖို့မှန်းထားပါတယ်။ တကယ်လိုအပ်လာခဲ့ရင် ခုတင် ၂၀၀၀ လောက်အထိ ထားဖို့ဆောင်ရွက်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကုသရေးကိစ္စရပ်တွေကို စနစ်တကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဝန်ဆောင်မှုကောင်းတွေ ပေးနိုင်ဖို့အတွက် နည်းပညာပိုင်းတွေကို တပ်ဆင်အသုံးပြုဖို့အတွက်လည်း ပြင်ဆင်ထားပါတယ်။ အင်တာနက်ချိတ်ဆက်ဖို့နဲ့ CCTV ကင်မရာတွေ တပ်ဆင်ဖို့လည်း ဆောင်ရွက်ထားပါတယ်။ လူနာတွေကိုထားမယ့်နေရာ၊ ICU ခန်းတွေကို ထားရမယ့်နေရာဖြစ်တဲ့အတွက် လုံခြုံစိတ်ချတဲ့ နေရာဖြစ်အောင် ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ဒီနေရာမှာ ကျွန်တော်တို့က လျှပ်စစ်မီးလုံလောက်စွာရရှိဖို့နဲ့ မီးစက်ကြီးများပါ လည်ပတ်နိုင်ဖို့ YESC က စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်" ပြောကြားသည်။

ထို့ပြင် ဝန်ကြီးချုပ်က " Covid-19 Positive လူနာဖြစ်ပြီဆိုရင် မိသားစုတွေက တွေ့ဆုံဖို့ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့်မို့ ဒီအဝန်းအဝိုင်းအတွင်းမှာ အုပ်စုသုံးစု ၊ ဇုန်သုံးစုခွဲပြီး ဆောင်ရွက်ဖို့ပြင်ထားပါတယ်။ တစ်ပိုင်းက အစိမ်းရောင်ဇုန်ပါ။ အဲ့ဒီမှာ ကြပ်မတ်ကူညီဆောင်ရွက်ပေးကြမယ့် ကော်မတီဝင်တွေ၊ ဒီဆေးရုံရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးမယ့် (ပို့ဆောင်ဆက်သွယ်ရေး၊ စားသောက်ရေးပိုင်း) ကဏ္ဍတွေ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ နောက်တစ်ဆင့်က သံသယလူနာတွေ၊ သင့်တင့်လျောက်ပတ်တဲ့ ဆောင်ရွက်မှုတွေ ဆောင်ရွက်ပေးမယ့်သူတွေကို အဝါရောင်ဇုန်လိုင်းတစ်ခုပိုင်းဖြတ်ထားပါတယ်။ နောက်တစ်ဆင့်အနေနဲ့ Positive လူနာတွေ နဲ့ ICU ကုသရမယ့် လူနာတွေအတွက် အနီရောင်ဇုန်လိုင်း သတ်မှတ်ပြီး ခွဲခြားဆောင်ရွက်သွားဖို့ ပြင်ဆင်ထားပါတယ်။

Medical Center မှာ တာဝန်ယူဆောင်ရွက်ကြမယ့် ဆရာဝန်တွေ၊ ဆရာမတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့က ကူညီပေါင်းစပ်ပေးနေတာတွေရှိပါတယ်။ ကျန်းမာရေးကုသပေးနိုင်တဲ့ ဆရာဝန်၊ ဆရာမတွေ၊ ဆေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ကျွန်တော်တို့ Medical Center ကြီးကို အရပ်ဘက်၊ စစ်ဘက်၊ နယ်ဘက်တွေ ပေါင်းစပ်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဓိက ရည်ရွယ်ချက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်တဲ့သူတွေ၊ မြန်မာနိုင်ငံအတွင်း နေထိုင်နေကြတဲ့ ပြည်သူလူထုအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ တကယ်လို့ ဒီရောဂါကပ်ဘေးကြီး ဖြစ်ပေါ်ခဲ့ရင်၊ ဆိုးရွားတဲ့အခြေအနေတွေ ဖြစ်ပေါ်ခဲ့ရင် ဘယ်လို ကုသဆောင်ရွက်ပေးမလဲဆိုတာ ကျွန်တော်တို့ ပြင်ဆင်ထားခြင်းပဲ ဖြစ်ပါတယ်" ဟု ပြောကြားသည်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ထားရှိမည့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ကျန်းမာရေးစင်တာ ထားရှိမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက "ဧပြီ ၃ ရက်မှာ ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်က အထူးကြပ်မတ်ကုသဆောင်များအဖြစ် ဆောင်ရွက်မယ့် စာသင်ဆောင် (၁)၊ (၂)၊ (၃)၊ (၄) တို့ကို ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ပိတောက်ဆောင် ၊ သင်တန်းအိပ်ဆောင်က အဆောင်မှူးရုံးခန်းကို ဓာတ်ခွဲခန်းနဲ့ ဓာတ်မှန်ခန်းအသုံးပြုဖို့ ပြုပြင်ခြင်းတို့ကိုလည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်းကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဖောင်ကြီးဓာတ်အားခွဲရုံမှ ဥက္ကလာစာသင်ဆောင်အနီးထိ 11 KVA မီးလိုင်းများ သွယ်တန်းဖို့ ကွန်ကရစ်တိုင်တွေ စိုက်ထူပြီး လျှပ်စစ်မီးကြိုးများ သွယ်တန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒဂုံဆောင်၊ မြတ်လေးဆောင်၊ သဇင်ဆောင်၊ ခတ္တာဆောင်နဲ့ ခွာညိုဆောင်တွေမှာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ KVA Transformer များနဲ့ ဥက္ကလာဆောင်အနီးမှာ ၅၀၀ ကေဗွီအေ ထရန်စဖော်မာတို့ကို တပ်ဆင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

### ပူးပေါင်းညှိနှိုင်းဆောင်ရွက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ကလည်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူတဲ့ လူနာတွေအသုံးပြုပြီးတဲ့ ပစ္စည်းတွေ အသုံးအဆောင်တွေကို မီးရှို့ဖျက်ဆီးဖို့ တက္ကသိုလ်နယ်နိမိတ်အပြင်ဘက် ပန်းတောကုန်းကျေးရွာအနီးမှာ မီးရှို့စက်တည်ဆောက်ခြင်းနဲ့ လမ်းဖောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနက မင်းကုန်းကျေးရွာနဲ့ ဗဟိုသမဝါယမကောလိပ်မှ ဥတ္တရဆောင်ကို သီးခြားအဝင်လမ်း (၆၆၀ မီတာ)ကို စက်ယန္တရားများနဲ့ ဖောက်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်းအတွင်း မိသားစုများရဲ့ လုံခြုံရေး အနီးအနားရွာများမှ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆောင်ရွက်နေတဲ့ တက္ကသိုလ်နယ်မြေအတွင်း မသက်ဆိုင်သူများ ဝင်ရောက်မှုမရှိစေရေးအတွက် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်" ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

### အောင်အောင်မြင်မြင် တွန်းလှန်တိုက်ဖျက်

ထို့နောက် ကိုဗစ်-၁၉ ကုသရေးဌာန၊ ဖောင်ကြီး၊ ကြီးကြပ်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က "တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကို ပထမဦးဆုံး ခံစားခဲ့ရတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဒီရောဂါကို အောင်အောင်မြင်မြင် တွန်းလှန်တိုက်ဖျက်နိုင်တဲ့ နိုင်ငံတစ်ခုအနေနဲ့ တွေ့ရမှာ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါပိုးရှိတဲ့သူကို လက်ရှိရှိနေတဲ့ ဆေးရုံကြီးတွေမှာနေပြီး ကုသရတာထက် သီးခြားဆေးရုံတစ်ခု တည်ဆောက်ပြီးတော့ ကုသမှုသေဆုံးမှုကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်တယ်ဆိုတဲ့ အတွေ့အကြုံကို နမူနာယူပါတယ်။ လက်ရှိအနေအထားမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ပေးတဲ့ နေရာအနေအထားနဲ့ ကျွန်တော်တို့ အားလုံးစုပေါင်းပြီး ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း Covid-19 Medical Center တစ်ခု အောင်မြင်စွာ အကောင်အထည်ဖော်နေတဲ့ အနေအထားဟာ ပြီးစီးလုနီးနီး ဖြစ်တယ်ဆိုတာကို တွေ့နိုင်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ဖို့၊ ကုသဖို့၊ ထိန်းချုပ်ဖို့ နိုင်ငံရဲ့ အမျိုးသားရေးအနေနဲ့ ဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်အားလုံး ပါဝင်ပါတယ်။ ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများ အားလုံးစုပေါင်းပြီးတော့ ပါဝင်တယ်။ ပုဂ္ဂလိကအခန်းကဏ္ဍက လုပ်ငန်းရှင်များရဲ့ ထောက်ပံ့မှုလည်း အင်တိုက်အားတိုက်ပါဝင်နေတာ တွေ့ရပါတယ်။ ပြည်သူလူထု ကလည်း ဒီရောဂါတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ အသွားအလာကန့်သတ်နေရာတွေမှာ စေတနာ့လုပ်အားပေးအနေနဲ့ ပါဝင်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အားလုံးစုပေါင်းပြီး တိုက်ဖျက်မယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးနဲ့ သေပျောက်မှု အနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ Covid-19 Medical Center ဖောင်ကြီးကို ဖွင့်လှစ်ဖို့ ကြိုးစားတဲ့ ရည်ရွယ်ချက်ဟာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးနဲ့ သေပျောက်မှု အနည်းဆုံးဖြစ်အောင် တည်ဆောက်ရတဲ့ ရည်ရွယ်ဖြစ်ပါတယ်" ဟု ပြောသည်။

### ရှင်းလင်း

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ကိုဗစ်-၁၉ ကုသရေးဌာန ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် အတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကုသရေးဌာန တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ခင်အောင်ထွန်းက ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်က ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်-၁၉ ကုသရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရန်အတွက် ဒေါက်တာမောင်မောင်မြင့်၊ ဒေါက်တာပြုံးပြုံးတို့၏ Shining Pearl ကုမ္ပဏီလီမိတက်မှ ကိုယ်တိုင်စီမံပြုလုပ် လှူဒါန်းသည့် Face Shield ၁၁၀၀ ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စား အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူသည်။


ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် ကုသလူနာ ၁၂၀ ထားရှိမည့် သရဖီဆောင်တွင် အိပ်ဆောင် ၁၀ ဆောင်ရှိပြီး အိပ်ဆောင်တစ်ဆောင်လျှင် 3.H.P အဲကွန်းသုံးလုံးစီဖြင့် စုစုပေါင်း အလုံး ၃၀ တပ်ဆင်ထားသွားမည်ဖြစ်ကာ အခန်း ၁၂၀ အတွက် အောက်ဆီဂျင်ပိုက်လိုင်းများလည်း တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးကြပ်မတ်ကုသဆောင် (ICU) အဖြစ်အသုံးပြုမည့် စာသင်ဆောင် (၁)၊ (၂)၊ (၃)၊ (၄)တို့တွင် တစ်ဆောင်နှင့် တစ်ဆောင်အကြား သွားလာနိုင်မည့် အလုံပိတ်စင်္ကြံလမ်းများ ၊ အဆောင်အတွင်း ဆရာဝန်များက လူနာများအား စောင့်ကြပ်ကြည့်ရှုသည့်အခန်း၊ ရောဂါကာကွယ်ရေးဝတ်စုံလဲလှယ်သည့်အခန်း၊ လူနာ ၁၀ ဦး ထားရှိသည့် အခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-ရဲခေါင်ညွန့်

- **Medical Center မှာ တာဝန်ယူဆောင်ရွက်ကြမယ့် ဆရာဝန်တွေ၊ ဆရာမတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီဖြစ်**
- **ကျန်းမာရေးကုသပေးနိုင်တဲ့ ဆရာဝန်၊ ဆရာမတွေ၊ ဆေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ကျွန်တော်တို့ Medical Center ကြီးကို အရပ်ဘက်၊ စစ်ဘက်၊ နယ်ဘက်တွေ ပေါင်းစပ်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထား**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း




### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေလုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ဂယောက်ဂယက်ဖြစ်ပြီးတော့ အသက်တိုကြရ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ဘဝ ဆိုတာဟာ တကယ့်ကို နုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကိုလျှောက်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ အခု ကျွန်တော်နဲ့ဆွေးနွေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကိုပြောရမယ်ဆိုရင်တော့ အခုဆိုရင် အသက် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှဖြစ်ပါတယ်။ အခုကျွန်တော် စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

*ယမန်နေ့မှအဆက်*

**ဒိုင်ဗင်တင်လှ** ။ ။ မော်တော်ဆိုင်ကယ်စီးပြီး ဂျစ်ကားကို တိုက်ပြီး ဒိုင်ဗင်နဲ့ ထွက်သွားတာ ဂျစ်ကားက ရပ်ထားတယ်။ အဘက မော်တော်ဆိုင်ကယ်စီးသွားတယ်၊ တိုက်ပြီးတော့ ဒိုင်ဗင်နဲ့ ထွက်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဗြော် ဒီဂျစ်ကားကို ကျော်ပြီးတော့ ဒိုင်ဗင်ထိုးပြီးတော့ ထွက်သွားတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ မော်တော်ဆိုင်ကယ်ပေါ်ကနေ ဒိုင်ဗင်ထိုးသွားတာ။

**ကြည်စိုးထွန်း** ။ ။ ဟိုဘက်မှာ ဘာခံထားသေးလဲ။

**ဒိုင်ဗင်တင်လှ** ။ ။ ဘာမှမထားဘူး။

**ကြည်စိုးထွန်း** ။ ။ ဘာမှ မထားဘဲနဲ့ တစ်ပတ်ကျွမ်းနဲ့ပဲ ပြန်ကျသွားတာပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ တစ်ပတ်ကျွမ်းနဲ့လိုမ့်သွားတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား၊ ဗြော် အဲဒီလို ဆိုင်ကယ်လည်းအဘ ကောင်းကောင်းစီးတတ်တယ်။ ကားကော၊ ကားမောင်းတာကော၊ ကားစတန့်တွေရော ကားမောင်းတာရော။

**ဒိုင်ဗင်တင်လှ** ။ ။ ကား ဂျစ်ကားလာတယ်လေ၊ တိုက်ပြီးတော့ ထွက်သွားရော။

**ကြည်စိုးထွန်း** ။ ။ ဗြော် အဲဒါတိုက်တယ်။ မြင်းကျတော့ရော။

**ဒိုင်ဗင်တင်လှ** ။ ။ မြင်းကျတော့ခြံစည်းရိုးခုန်သွားတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဗြော် ခြံစည်းရိုးတွေဘာတွေခုန်တာ စီးဖူးတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ မြင်းပါခုန်သွားတာ။

**ကြည်စိုးထွန်း** ။ ။ ဗြော် မြင်းရော၊ လူရော၊ ဗြော်၊ အဲဒီလို ခုန်စီးဖူးတယ်။ ချောက်တွေဘာတွေရောကျော်ဖူးလား၊ ချောက်ကမ်းပါးတွေ ဘာတွေရော ကျော်ဖူးလား မြင်းနဲ့။

**ဒိုင်ဗင်တင်လှ** ။ ။ ချောက်ကမ်းပါးတော့ မလုပ်ပါဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ ဆိုင်ကယ်နဲ့ရော အဲဒီလို ခုန်ဖူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ ဆိုင်ကယ်နဲ့ခုန်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ ချောက်ကို၊ ချောက်ထဲကိုလေ။ ဗြော် အဲဒီလို ခုန်ဖူးတယ်။ အပြေးအလိုက်တွေမှာပေါ့။ ဒိုင်ဗင်လည်း အဲဒီလို ခုနကလို လက်သီးတွေ ထိုးကြတာနော်။ လက်သီးတွေထိုးကြတယ်။ ဓားတွေခုတ်ကြတယ် မထိဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ ထိတာပေါ့။ ထိတယ်၊ ထိတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ သွားတွေက အဲဒါကြောင့် မရှိတော့တာလား။

**ဒိုင်ဗင်တင်လှ** ။ ။ (ရယ်နေ)

**ကြည်စိုးထွန်း** ။ ။ သွားတွေက အဲဒီလိုထိုးလို့ ကြိတ်လို့ မရှိတာလား၊ မဆိုင်ဘူးလား အဘသွားတွေက။

**ဒိုင်ဗင်တင်လှ** ။ ။ အဲဒါတွေလည်း ပါတာပေါ့၊ ဒဏ်တွေထိပြီးတော့ ကုန်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ လက်သီးထိုးတဲ့ ဒဏ်တွေရော၊ ကွမ်းစားတာလည်းပါတယ်။ ကွမ်းစားတာလည်း ပါမှာပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ ကွမ်း ကငုံထားတာပါ။ ကွမ်း မငုံရရင် မနေနိုင်ဘူး။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့အခုအဲဒီတုန်းက ထိုးခဲ့ ကြိတ်ခဲ့ဒဏ်တွေ ဘာညာနာတာတွေ ဘာတွေ ရှိလား၊ ကျောတွေ ဘာတွေ။

**ဒိုင်ဗင်တင်လှ** ။ ။ မရှိဘူး။

**ကြည်စိုးထွန်း** ။ ။ မရှိဘူးဟုတ်လား။

**ဒိုင်ဗင်တင်လှ** ။ ။ ဘာအနာမှ မရှိဘူး။

**ကြည်စိုးထွန်း** ။ ။ ကျန်းမာတယ်နော်အဘ။ တချို့က အဲဒီလိုဒဏ်တွေ ရှိတာပေါ့နော်။ အခုအဘမှာ လုံးဝမရှိဘူး။ သွားလေးတစ်ခုပဲ နည်းနည်းနော်။

**ဒိုင်ဗင်တင်လှ** ။ ။ သွားက တစ်ချောင်းပဲရှိတယ်။ နောက်က သွားလေးတွေ ပြန်ပေါက်နေတယ်။ ပြန်ပေါက်နေတယ်။ အဲဒါ ဝါးလို့ရတယ်။ ကလေးလိုသွား အငယ်လေးတွေ ပြန်ပေါက်နေတယ်။

**ကြည်စိုးထွန်း** ။ ။ အဘ အဲဒါဆိုရင်တော့ နောက်တစ်ဘဝ စပြီ။ လူငယ်ပြန်ဖြစ်ဦးမှာ၊ အဘမင်းသား လုပ်မှာ။

**ဒိုင်ဗင်တင်လှ** ။ ။ အဲဒီလိုပြန်စနေတယ်။

**ကြည်စိုးထွန်း** ။ ။ ဘာလို့ဆိုအခုဟာအဘက ဒိုင်ဗင်ထိုးချင်စိတ်ကလည်း အခုထိအောင် ထိုးချင်နေသေးတယ်။

ဒိုင်ဗင်တင်လှ ။ ။ ထိုးချင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဘုရင့်နောင် တံတားပေါ်ကနေ ထိုးဖို့က အမြဲတမ်း စဉ်းစားနေတယ်နော်။ ဟုတ်တယ်မှတ်လား။ ဘုရင့်နောင်တံတား ပေါ်ကနေ ထိုးချင်နေတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ ထိုးချင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒိုင်ဗင်ကလည်း ထိုးချင်တယ်။ သွားတွေကလည်း ပေါက်နေသေးတယ်ဆိုတော့ ဒိုင်ဗင်တင်လှ နောက်ထပ်အသစ်တစ်ယောက် ပြန်ပေါ်လာစရာအကြောင်း ရှိတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ ပြန်ပေါ် လာတယ် (ရယ်၍ပြော) အဲဒီလို ဖြစ်နေတယ်။

**ကြည်စိုးထွန်း** ။ ။ ပေါ်စေ ချင်ပါတယ်။ ဘာလို့လဲဆိုတော့ အခုခေတ်ကလေးတွေက မတွေ့ဖူးကြဘူး၊ အဘတို့ စတန့်လုပ်တာတွေလေ။

**ဒိုင်ဗင်တင်လှ** ။ ။ အဲဒါက အနန္တောအနန္တ ဂုဏ်ကျေးဇူးတွေပဲ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။ ဟုတ်ပါတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ ဒါပဲ ကျွန်တော်လုပ်နေတာ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။ ဘာလို့လဲဆိုတော့ အဘတို့ငယ်ငယ်တုန်းက ထိုးတာလဲ တကယ်ထိုးကြရတာနော်။ ထိုးတာတကယ်ထိုးကြရတယ်။ တကယ်စီးပြီးတော့ ကျွန်တော်တို့အခုခေတ်မှာရှိတဲ့ ကွန်ပျူတာ effect တို့လို၊ ကင်မရာထရိတ်တို့လိုဟာတွေက နည်းတာပေါ့။ တကယ်လုပ်ကြရတာကိုနော်။ တကယ်ချောက်ကမ်းပါးကြီးကို ကျော်ဆိုလည်း တကယ်ကျော်ရတာ၊ သေကောင်ပေါင်းလဲ ကျော်ရတာ။ အဲဒီတော့ အဲဒီဒဏ်တွေက ရှိတာတောင်မှ အဘဟာ ကျန်းမာရေးက အခုထိအောင် တအားကောင်းနေသေးတာဆိုတော့ ဒါကလည်း ခုနကအဘပြောတဲ့ အနန္တောအနန္တငါးပါးကျေးဇူးပေါ့။ အဲဒီတော့ တခြားလူတွေရော မထိဘူးလား။ အဘနဲ့ထိုးကြ ကြိတ်ကြတယ်။ ဘာညာဆိုရင် တခြားလူတွေရော မထိဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ ထိတာပေါ့။ အဘ ထိုးပစ်လို့ မေ့လို့ နောက်ကောက်ကျသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဘယ်သူလဲ အဲဒါ လူကြမ်း တစ်ယောက်ပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ လက်သီးမောင်မောင်တို့ ငွေးဝင်းတို့ဘာတို့ အဘထိုးတာ။

**ကြည်စိုးထွန်း** ။ ။ မေ့သွားတာ။


**ဒိုင်ဗင်တင်လှ** ။ ။ ဒီလူနဲ့ သွားမလုပ်နဲ့။ ဒီလူက တကယ်တီးတယ်တဲ့ အဘကို။


**ကြည်စိုးထွန်း** ။ ။ ဗြော် ဟုတ်လား၊ တကယ်တီးတယ်တဲ့ မလုပ်နဲ့ ဟုတ်လား၊ နောက်ခေတ်ကျတော့ ကျွန်တော်တို့ ရုပ်ရှင်ရိုက်တဲ့ခေတ်ကျတော့ ကျွန်တော်တို့က ဒီလိုထိအောင်မလုပ်တော့ဘူး။ ထိတယ် ထင်အောင်ပဲ ကျွန်တော်တို့က ရိုက်ကြတာပေါ့ အဘရယ်၊ ဒါပေမယ့်လည်း အသံတွေ ဘာတွေပေးလိုက်တာပေါ့။ အသံလေးဘာလေးထည့်လိုက်တဲ့အခါကျတော့ တကယ်ထိတယ်

*ဆက်လက်ဖော်ပြပါမည်*



ဒိုင်ဗင်တင်လှနှင့် ဒါရိုက်တာ ကြည်စိုးထွန်း





# ချို့တဲ့သူကိုကူညီရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

သိုက်စိုးထွန်း(နတ်ရှာ)

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟို ကော်မတီက ၆-၄-၂၀၂၀ ရက်စွဲနဲ့ သတင်းထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်လိုက်ပါတယ်။ အဲ့ဒါကတော့ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်းမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေအတွက် အိမ်ထောင်စုတစ်စု ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ ၁ ပိဿာ၊ ကြက်သွန် ၁ ပိဿာ စုစုပေါင်း ထောက်ပံ့ကူညီမှု ၅ မျိုးစီကို ဧပြီလ ၁၀ ရက်နေ့ကစပြီး အခမဲ့ဖြန့်ဖြူးထောက်ပံ့သွားမယ့်အကြောင်းနဲ့ အိမ်သုံးလျှပ်စစ်ဓာတ်အား ၁၅၀ ယူနစ်အထိကို အခမဲ့ပေးသွားမယ့်အကြောင်းပါ။ ဒီသတင်းထုတ်ပြန်ချက်ပေါ်ထွက်လာတာနဲ့ ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်မှာ မတွေ့ဖူး၊ မကြုံဖူးခဲ့ကြတဲ့ ဖြစ်ရပ်တစ်ခုဖြစ်တဲ့အတွက် အံ့သြဝမ်းသာဖြစ်နေကြတဲ့အကြောင်း မှတ်ချက်ပြုသံတွေ အများကြီး ကြားသိမြင်တွေ့နေရပါတယ်။

## ပူးပေါင်းဆောင်ရွက်

ကိုဗစ် -၁၉ ကပ်ရောဂါဆိုးရဲ့ အန္တရာယ်ကို ကြုံကြုံခံရင်ဆိုင်နေကြရချိန်မှာ အားနည်းသူကို ဖေးမ အားဖြည့်ကူညီပေးမယ့် ဒီအစီအစဉ်ကောင်းတစ်ရပ်ကို လက်တွေ့ဖော်ဆောင်ရာမှာတော့ သက်ဆိုင်သူ အားလုံးရဲ့ပူးပေါင်းကူညီမှုတွေ လိုအပ်လာမှာဖြစ်ပါတယ်။ ထုတ်ပြန်ချက်မှာလည်း ဒီလိုဆောင်ရွက်ရာမှာ မလိုလားအပ်တဲ့ လေလွင့်မှုတွေ၊ ကြန့်ကြာမှုတွေ၊ အဂတိလိုက်စားမှုတွေ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတွေရဲ့ ကြီးကြပ်မှုနဲ့ စာရင်းကောက်ယူတာတွေ၊ ထုပ်ပိုး၊ ပို့ဆောင်၊ဖြန့်ဖြူးတာတွေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ကုန်သည်/စက်မှုအသင်းချုပ်၊ ရပ်မိ/ ရပ်ဖတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ပရဟိတလူငယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဖော်ပြထားပြီး ဖြစ်ပါတယ်။

ပူးပေါင်းမှုတွေကို တကယ်လည်း အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲပေးကြရမှာပါ။ စာရင်းဇယား ကောက်ယူရမယ့် အချိန်ကာလကလည်း တိုတောင်းတယ်။ ၆ ရက်နေ့က ထုတ်ပြန်ပြီး ၉ ရက်နေ့ လောက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စာရင်းဇယားအားလုံး အပြီးသတ်ကောက်ယူတင်ပြကြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် တွေအလိုက် စုစည်းကြရဦးမှာဆိုတော့ အခြေခံဖြစ်တဲ့ ရပ်ကွက်/ ကျေးရွာအုပ်စုတွေမှာ စာရင်းဇယားကောက်ယူချိန်က နှစ်ရက်လောက်သာ ရကြမှာဖြစ်ပါတယ်။ ဒီလို အချိန်တို အတွင်းမှာ မှန်ကန်တိကျတဲ့စာရင်းဇယားတွေရလာနိုင်ဖို့ဆိုတာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့အတူ ရပ်မိ/ရပ်ဖတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ရပ်ထဲရွာထဲက ပရဟိတ လူငယ်တွေရဲ့ ပူးပေါင်းပါဝင်မှုအားကောင်းကောင်းနဲ့ ဆောင်ရွက်မှသာ အောင်မြင်နိုင်မယ့် အနေအထား ဖြစ်ပါတယ်။

ရပ်ကွက်တိုင်း၊ ကျေးရွာအုပ်စုတိုင်းမှာ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေစာရင်းတွေ၊ လူဦးရေစာရင်းမှာမှ အသက် ၁၈ နှစ်အထက်/အောက်လူဦးရေ၊ ကျား/မ အလိုက်လူဦးရေ၊ လူမျိုးစုအလိုက်လူဦးရေ၊ ကိုးကွယ်ရာဘာသာအလိုက်လူဦးရေ စသည်အားဖြင့် စာရင်းဇယားတွေ ရှိထားပြီးသားမဟုတ်လား၊ ဒီအတိုင်း ကောက်နုတ်တင်ပြလိုက်ရင် ပြီးသားပဲမဟုတ်လားလို့ မေးမယ်ဆိုရင်တော့ မေးစရာရှိပါတယ်။ ဒါပေမဲ့ ဒီနေရာမှာကျတော့ နိုင်ငံတော်ကထောက်ပံ့ကူညီပေးမယ့်ပစ္စည်းပစ္စယတွေ ဖြန့်ဝေပေးရမယ့်စာရင်း ဖြစ်တဲ့အတွက် အတိမ်းအစောင်းခံလို့မဖြစ်တော့ပါဘူး။ ပုံမှန်ဝင်ငွေမရှိတာဆိုတာ ဘယ်လိုအခြေအနေမျိုးကို ခေါ်တာလဲ၊ အခြေခံလူတန်းစား ဆိုတာကို ဘယ်လိုသတ်မှတ်မလဲ စသည်အားဖြင့် ရပ်ရွာအလိုက် တိုင်ပင်ဆွေးနွေးပြီးတော့ အမှန်တကယ်ဝင်ငွေနည်းတဲ့သူတွေ၊ ပံ့ပိုးကူညီမှုတွေကို အမှန်တကယ် လိုအပ်နေတဲ့သူတွေ တစ်အိမ်ထောင်စုမှ မကျန်ရလေအောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ 'ပေးကားပေး၏၊ မရဆိုတဲ့ကိန်းမဆိုက်ရအောင် အားလုံးက ဝိုင်းဝန်းကူညီပေးကြဖို့ လိုအပ်ပါတယ်။

စာရင်းဇယားကောက်ယူရာမှာ အဓိကအခြေခံ အကျဆုံးကတော့ ကာယကံရှင်အိမ်ထောင်စုဝင်များ ကိုယ်တိုင်ပဲဖြစ်ပါတယ်။ ဘယ်လောက်အထိဝင်ငွေရနေသူကို ပုံမှန်ဝင်ငွေရှိသူလို့သတ်မှတ်ရမလဲ၊ ဘယ်လောက် မပြည့်သေးရင် ပုံမှန်ဝင်ငွေမရှိသူလို့ သတ်မှတ်မလဲဆိုတာကိုလည်း အချင်းချင်းညှိနှိုင်းဆွေးနွေးပြီး သတ်မှတ်ကြရမှာဖြစ်ပါတယ်။ တရားဝင် အနိမ့်ဆုံးလုပ်ခလစာက တစ်ရက်ကို ၄၈၀၀ ကျပ် ဖြစ်တဲ့အတွက် ဝင်ငွေတွေကို မိသားစုဝင်ဦးရေနဲ့စားပြီး ၄၈၀၀ နှုန်းမပြည့်တဲ့သူတွေကို ပုံမှန်ဝင်ငွေမရှိသူလို့ သတ်မှတ်မလား၊ ဒါမှမဟုတ် တခြားနည်းလမ်းတစ်ခုခုနဲ့သတ်မှတ်မလားဆိုတာကိုလည်း သေသေချာချာ စဉ်းစားကြရမှာဖြစ်ပါတယ်။ အများအားဖြင့်ကတော့ ရွာထဲရပ်ထဲမှာ ဘယ်သူကတော့ စီးပွားရေး အဆင်ပြေတယ်၊ ဘယ်သူကတော့ဖြင့် သိပ်အဆင်မပြေလှဘူးဆိုပြီး သိနေကြပြီး သားဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့အိမ်ထောင်စုတွေဆီကို အထောက်အပံ့ပစ္စည်းတွေ ရောက်သွားဖို့ကတော့ မူလပဓာန ရည်ရွယ်ချက်ဖြစ်ပါတယ်။

## သင့်မြတ်တဲ့လုပ်ရပ်

တိုင်းပြည်မှာ ဘဏ္ဍာရန်ပုံငွေတောင့်တင်းမှု အားနည်းတဲ့ကြားက ဒီလိုထောက်ပံ့ကူညီမှုမျိုးကို ဆောင်ရွက်ကြမယ်လို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တဲ့ နိုင်ငံတော် အကြီးအကဲများရဲ့စေတနာကို အသိအမှတ်ပြု ထောက်ခံသောအားဖြင့် ကိုယ့်ဝင်ငွေနဲ့ကိုယ်လုံလောက်နေတဲ့ အိမ်ထောင်စုတွေကလည်း အခု ကောက်ယူပြုစုမယ့် စာရင်းထဲမှာ ကိုယ့်အိမ်ထောင်စုစာရင်း ပါမသွားဖို့အတွက် စောင့်ကြည့်ထောက်ပြပေးဖို့ လိုအပ်ပါတယ်။ ကိုယ်ကမရလိုက်လို့ ဘာမှမထိခိုက်နိုင်ဘူးဆိုရင် ရမယ့်စာရင်းထဲကနေ ဖယ်ပေးဖို့ တောင်းဆိုလိုက်တာက လျော်ကန်သင့်မြတ်တဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။

**"တိုင်းပြည်မှာ ဘဏ္ဍာရန်ပုံငွေတောင့်တင်းမှု အားနည်းတဲ့ကြားက ဒီလိုထောက်ပံ့ကူညီမှုမျိုးကို ဆောင်ရွက်ကြမယ်လို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တဲ့ နိုင်ငံတော် အကြီးအကဲများရဲ့စေတနာကို အသိအမှတ်ပြု ထောက်ခံသောအားဖြင့် ကိုယ့်ဝင်ငွေနဲ့ကိုယ်လုံလောက်နေတဲ့ အိမ်ထောင်စုတွေကလည်း အခု ကောက်ယူပြုစုမယ့် စာရင်းထဲမှာ ကိုယ့်အိမ်ထောင်စုစာရင်း ပါမသွားဖို့အတွက် စောင့်ကြည့်ထောက်ပြပေးဖို့ လိုအပ်ပါတယ်။ ကိုယ်ကမရလိုက်လို့ ဘာမှမထိခိုက်နိုင်ဘူးဆိုရင် ရမယ့်စာရင်းထဲကနေ ဖယ်ပေးဖို့ တောင်းဆိုလိုက်တာက လျော်ကန်သင့်မြတ်တဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။"**

အချိန်တိုအတွင်းကောက်ယူတဲ့စာရင်းဖြစ်ပေမယ့် ပြည့်စုံမှန်ကန်ဖို့လည်း တကယ်အရေးကြီးနေတာ ဖြစ်တဲ့အတွက် အားလုံးရဲ့ပူးပေါင်းကူညီမှုတွေလိုအပ်နေမှာ ဖြစ်ပါတယ်။ အမှန်တကယ်ထောက်ပံ့တဲ့ အချိန်ကျကာမှ သူမပါလို့၊ ငါမပါလို့၊ သူမရလို့၊ ငါမရလို့ဆိုတဲ့ပြဿနာမျိုးတွေဖြစ်လာရင် ရှင်းရလင်းရ ခက်ခဲတတ်ပါတယ်။ အိမ်ခြေ နှစ်ဆယ်တောင်မပြည့်တဲ့ကျေးရွာလေးတွေရှိသလို အိမ်ခြေနှစ်ထောင်၊ သုံးထောင်အထိရှိကြတဲ့ ကျေးရွာ ကြီးတွေလည်းရှိကြတဲ့အတွက် စာရင်းကောက်ယူပြုစုရေးမှာ နယ်မြေအလိုက်၊ အပိုင်းအလိုက်တာဝန်ခွဲဝေပြီး ဆောင်ရွက်ကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ မူလကတည်းက အတည်တကျနေထိုင်နေကြတဲ့ အိမ်ထောင်စုတွေအတွက် ပြဿနာကြီးကြီးမားမား မရှိနိုင်ပေမယ့် ရေကြည်ရာမြက်နုရာအမြဲတစေရွှေ့ပြောင်းနေတတ်ကြတဲ့ ရွှေ့ပြောင်းလုပ်သားကြီးတွေရဲ့ အိမ်ထောင်စုတွေ၊ တောင်ယာလယ်တောမှာပျော်မွေ့ကြသူတွေ၊ ငွေအသပြာအတွက် ရေဇလာကိုအဖော်ပြုနေကြရတဲ့ တံငါ မိသားစုဝင်တွေ စသည်စသည်အားဖြင့် ရွှေ့ပြောင်း သွားလာနေတတ်သူတွေရဲ့ အိမ်ထောင်စုတွေအတွက်လည်း မလစ်လပ်ရအောင် ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။

## အားလုံးပါဝင်ပံ့ပိုး

ပံ့ပိုးကူညီမှုတွေ ပြုလုပ်မယ့်ကိစ္စဖြစ်လို့ ရသင့်ပါလျက်နဲ့မရဘူးဆိုရင်လည်း အထက် အဆင့်ဆင့်ကို တင်ပြတိုင်ကြားကြမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်ပြီး ကာလတွေမှာ တိုင်တန်းမှုတွေတစ်သီကြီးပေါ်ပေါက်လာနိုင်သလို စုံစမ်းစစ်ဆေးအရေးယူမှုတွေ၊ အပြစ်ပေးမှုတွေလည်း ရှိလာနိုင်တာဖြစ်တဲ့အတွက် ကောင်းမြတ်တဲ့ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တဲ့ ဒီလုပ်ငန်းစဉ်ကြီးကို အကြောင်းပြုပြီး အရေးယူအပြစ်ပေးခံရသူတွေပေါ်ပေါက်မလာစေဖို့အတွက် စာရင်းဇယားမှန်ကန်တိကျရေး လုပ်ငန်းစဉ်ကြီးထဲမှာ အားလုံးက ပါဝင်ပံ့ပိုးပေးကြဖို့ လိုအပ်နေမှာဖြစ်ပါတယ်။

စာရင်းကောက်ယူရေးမှာတင် အကူအညီလိုအပ်တာ မဟုတ်ပါဘူး။ ကောက်ယူတင်ပြလိုက်တဲ့ စာရင်းဇယားအတိုင်း တစ်အိမ်ထောင်ချင်းစီကရရှိမယ့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်တွေကို အိမ်ထောင်စုတိုင်းရဲ့ လက်ထဲရောက်အောင် ဖြန့်ဝေရမယ့်အလုပ်ကျရင်လည်း အကူအညီပေါင်းများစွာလိုအပ်နေမှာ ဖြစ်ပါတယ်။ ဗဟိုကဖြန့်ခွဲလိုက်တဲ့ ပစ္စည်းပစ္စယတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရုံးစိုက်ရာမြို့တော်တွေဆီ အရောက်သယ်ယူပို့ဆောင်ရဦးမယ်။ ဒီမြို့တွေကမှ တစ်ဆင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်တွေရှိရာဆီ ဆက်လက်ပို့ဆောင်ပေးကြရဦးမယ်။ မြို့ကနေ ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုကနေ ကျေးရွာခွဲအထိ အဆင့်ဆင့် ဖြန့်ခွဲပို့ဆောင်ကြရမှာဖြစ်ပါတယ်။ ကုန်လမ်းကသွားနိုင်မယ့် ကျေးရွာတွေကို ကုန်းလမ်းက၊ ရေလမ်းကသွားမှ ရောက်မယ့်ရွာတွေကို ရေလမ်းကနေ အဆင့်ဆင့်သယ်ဆောင်ဖြန့်ဝေ ပေးကြရမှာဖြစ်ပါတယ်။ ပံ့ပိုးရမယ့်အိမ်ထောင်စုများရင်များသလောက် ပူးပေါင်းကူညီမှုတွေလိုအပ်နေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီကာလမှာ အိမ်ထဲက အိမ့်အပြင် မထွက်ဝံ့ကြသူတွေ တော်တော်များတဲ့အပြင် ကုန်တင်/ကုန်ချအလုပ်သမားကိုက လုံလောက်အောင်မရနိုင်တဲ့အတွက် ပစ္စည်းအတင်/အချနဲ့ ခွဲဝေဖြန့်ဖြူးမှုတွေမှာ စေတနာ့ဝန်ထမ်း လူငယ်တွေရဲ့အားကို အများကြီးယူကြရမှာဖြစ်ပါတယ်။ အားနည်းသူကို အားဖြည့်ကူညီရမယ့် အလုပ်မျိုးဖြစ်တဲ့ အတွက် ရပ်ထဲရွာထဲက လူငယ်လူရွယ်အားလုံးကလည်း ဝမ်းပန်းတသာနဲ့ ပါဝင်ကူညီထမ်းပိုးပေးကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဆန်အိတ်တွေထမ်းကြမယ်၊ ဆီပုံးတွေသယ်ကြမယ်၊ ပဲအိတ်တွေရွက်ကြမယ်၊ ဆားထုပ်လေးတွေ ဆွဲခဲ့ကြမယ်၊ ကြက်သွန်အိတ်လေးတွေ လက်ဆင့်ကမ်းပေးကြမယ် ဆိုပြီး တစ်ယောက်တစ်လက် ဝိုင်းဝန်း ကူညီကြမယ်ဆိုရင် ဒီလုပ်ငန်းစဉ်တစ်လျှောက်ကို လွယ်လွယ်ကူကူဖြတ်သန်းသွားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာလည်း တစ်ယောက်နဲ့တစ်ယောက် ခပ်ကျဲကျဲနေထိုင်ကြဖို့၊ နှာခေါင်းစည်း တပ်ဆင်ထားကြဖို့ဆိုတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်လမ်းညွှန်ချက်တွေကို သေသေချာချာ လိုက်နာဆောင်ရွက်ကြဖို့ လိုဦးမှာဖြစ်ပါတယ်။

မှန်ကန်မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်လိုက်တဲ့ ဒီလုပ်ငန်းစဉ်တစ်လျှောက်မှာ စာရင်းဇယား ကောက်ယူရေးမှာပါဝင်လို့ပဲဖြစ်ဖြစ်၊ စားနပ်ရိက္ခာတွေ ခွဲဝေဖြန့်ဖြူးရေး ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ် ကိုယ်တတ်နိုင်ရာဘက်က ဝိုင်းဝန်းပံ့ပိုးပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးလုပ်လိမ့်မယ်၊ စာရေးလုပ်လိမ့်မယ်၊ ဝန်ထမ်းတွေ လုပ်ကြလိမ့်မယ်ဆိုတဲ့သဘောနဲ့ ပစ်မထားကြဖို့ လိုအပ်ပါတယ်။ လုပ်အား ကူညီပေးနိုင်မယ့်သူက လုပ်အားကူညီပေးဖို့လိုသလို သယ်ယူပို့ဆောင်ရေး ယာဉ်ယန္တရား တတ်နိုင်သူတွေကလည်း တတ်နိုင်တဲ့အားလျော်စွာ အားဖြည့်ပံ့ပိုးပေးကြဖို့လိုအပ်ပါတယ်။ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက်မြို့နယ်အရွယ်အစားအကြီးအသေး အပေါ်မူတည်ပြီးတော့ တစ်ချို့မြို့နယ်တွေမှာ ထောက်ပံ့မှုပေးရမယ့် အိမ်ထောင်စုက နှစ်သောင်းသုံးသောင်းလောက်အထိ ရှိနိုင်ပါတယ်။ အိမ်ထောင်စု သုံးသောင်းအတွက် သယ်ယူရမယ့် ဆန်အိတ်အရေအတွက်ချည်းတွက်ကြည့်လိုက်ရင် တစ်တင်းခွဲ ဆန်အိတ်တွေနဲ့ဆိုရင် တစ်သောင်းလောက်ရှိနေမှာဖြစ်ပါတယ်။ ဒီပမာဏတွေကို အချိန်တိုအတွင်း အိမ်ထောင်စုတွေဆီ အရောက်ဖြန့်ဖြူးပေးနိုင်ဖို့ဆိုတာက ပူးပေါင်းကူညီမှု အများကြီး လိုအပ်ပါတယ်။

## ကူညီရာရောက်

ဆန်တွေဝယ်ယူဖို့၊ ဝယ်ယူပြီးသား ဆန်တွေကို ၈ ပြည်အိတ်တွေအဖြစ် ထုပ်ပိုးဖို့၊ ထုပ်ပိုးပြီးသား ဆန်အိတ်တွေကို သက်ဆိုင်ရာယာဉ်ယန္တရားတွေပေါ် တင်ဖို့၊ ချဖို့၊ ဆီတွေဝယ်ယူဖို့၊ ဆီတွေကို ၅၀ ကျပ်သားဝင်ဘူးတွေထဲ ထည့်ဖို့၊ သယ်ဖို့ စတဲ့လုပ်ငန်းတွေမှာ လူအင်အား၊ ပစ္စည်းအင်အားတွေ အများကြီးလိုအပ်မှာဖြစ်ပါတယ်။ ကားမရောက်နိုင်တဲ့ကျေးရွာတွေ၊ ဆိုင်ကယ်နဲ့ မသွားနိုင်သေးတဲ့ကျေးရွာတွေကိုလည်းဖြန့်ဝေပေးဖို့လိုအပ်တာဖြစ်တဲ့အတွက် ဒီတွက်လည်း ဝိုင်းဝန်းစဉ်းစားပြီး ကူညီပေးကြရမှာဖြစ်ပါတယ်။ အခမဲ့ကူညီမပေးနိုင်ဘူးဆိုရင် တောင်မှ ချိုသာတဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှု ပေးကြမယ်ဆိုရင် တာဝန်ရှိသူတွေအတွက် ကြီးမားတဲ့အထောက်အကူတွေဖြစ်နေမှာဖြစ်ပါတယ်။ သယ်ယူစရိတ်၊ လေ့လွင့်ဆုံးရှုံးမှု၊ ကန့်ကွက်တိုင်ကြားခြင်းခံရမှု၊ အရေးယူခြင်းခံရမှု စသည်အားဖြင့် တာဝန်ရှိသူတွေရဲ့ ကန့်လန့်ကာနောက်ကွယ်က အခြေအနေလေးတွေကိုလည်း ငဲ့ညှာစဉ်းစားပြီး ကိုယ်စွမ်းနိုင်ရာဘက်က ဝိုင်းဝန်းပံ့ပိုးပေးကြမယ်ဆိုရင် တာဝန်ရှိသူတွေကို ကူညီရာရောက်သလို ဆင်းရဲချို့တဲ့ရှာတဲ့ ဝင်ငွေနည်း မိသားစုဝင်တွေအတွက်လည်း အမှန်တကယ်ပံ့ပိုးကူညီရာ ရောက်ပါတယ်။

ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးကို တွန်းလှန်ကာကွယ်နေချိန်ဖြစ်တဲ့အတွက် မလိုအပ်ဘဲ အပြင်မထွက် ကြဖို့ နှိုးဆော်တိုက်တွန်းနေချိန်မှာ ဝင်ငွေနည်းပါးကြတဲ့ အိမ်ထောင်စုဝင်တွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်မယ့် ဒီအစီအစဉ်မှာ အားလုံးရဲ့တက်ညီလက်ညီပူးပေါင်းပါဝင်မှုတွေနဲ့ အားဖြည့်ပံ့ပိုးပေးကြမှသာ ရေတိုကာလအတွင်းအောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ စာရင်းပြုစုရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ခွဲဝေဖြန့်ဖြူးရေး၊ ထုတ်ပေး/လက်ခံမှတ်တမ်းမှတ်ရာများ စနစ်တကျပြုစုသိမ်းဆည်းရေး၊ ဖြစ်ပေါ်လာမယ့် တောင်းဆိုမှုတွေကို ဖြည့်ဆည်း ဖြေရှင်းပေးရေး စသည်အားဖြင့် ကဏ္ဍစုံမှာ ကျရာတာဝန်ပိုင်းကို မညည်းမညူ ထမ်းရွက်သယ်ပိုးကြရမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ပုံမှန်ရေသဘင်ပွဲတော်ကို မနွှဲပျော်ကြရပေမယ့် ကုသိုလ်ရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်ကြရင်းနဲ့ ဒီနှစ်မဟာသင်္ကြန်ကို ဖြတ်သန်းလွန်မြောက်ကြမယ်ဆိုရင်လည်း အားလုံးအတွက် မင်္ဂလာရှိတဲ့နှစ်သစ်ကူးအခါသမယလို့ပဲဆိုရမှာ ဖြစ်ပါတယ်။ ။

# မဟာသင်္ကြန်ကာလအတွင်း ပရိသတ်များအားလုံး အိမ်ထဲမှာအေးချမ်းစွာနားနေပြီး Channel 7 ရုပ်သံလိုင်းမှ FG Virtual Music Concert ကြီးကို ကြည့်ရှုအပန်းဖြေနိုင်ပါပြီ

**နေပြည်တော် မေ ၉**

မေ ၁၁ ရက် မှ ၁၉ ရက်အတွင်း တေးသံရှင် R ဇာနည်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊ သာဒီးလူ၊ အောင်ထက်၊ idiots ၊ Eternal Gosh ၊ အိမ့်ချစ်၊ အိုင်းရင်း ဇင်မာမြင့်၊ Jewel ၊ Sunrise 18 တို့၏ အသစ်စက်စက်ဖျော်ဖြေမှုများကို FG Virtual Music Concert ကြီးတွင် မလွတ်တမ်း ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

FG Virtual Music Concert ကို မေ ၁၁ ရက်မှ ၁၉ ရက်အတွင်း Channel 7 ရုပ်သံလိုင်းတွင် ည ၈ နာရီအချိန်၌ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်၍ ပရိသတ်များအနေဖြင့် အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ အေးချမ်းစွာ အပန်းဖြေကြည့်ရှု နားဆင်နိုင်ပြီဖြစ်သည်။

**သတင်းစဉ်**































# စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မေ ၉**

**စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း ဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပရာ ကိုဗစ်-၁၉ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများတွင် တိုင်းဒေသကြီးအတွင်း ပါဝင်ဆောင်ရွက်နေသော ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့သည်။** (ယာပုံ)



တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ယနေ့ပြုလုပ်တဲ့ အစည်းအဝေးဟာ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေး ကော်မတီဖွဲ့စည်းပြီးတော့ ပထမဆုံးပြုလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးဖြစ်ပါတယ်။ ပြည်သူလူထုအတွင်း လိုအပ်သောနေရာများမှာ ပိုးသတ်ဆေးဖျန်းပေးခြင်း၊ Physical Distance များ ထားရှိပေးခြင်း၊ အသိပညာဖြန့်ဝေပေးခြင်း၊ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပေးခြင်းကို အမျိုးသား ဗဟိုကော်မတီနဲ့ချိန်ညှိပြီး ရပ်ကွက်နဲ့ကျေးရွာပြည်သူတွေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ဆောင်ရွက်ဖို့နဲ့ နယ်စပ်ဝင်ပေါက်တွေ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်တွေမှတစ်ဆင့် ဝင်/ထွက်သွားလာမှု မရှိစေရေး၊ လုံခြုံရေးနှင့် အဂတိလိုက်စားမှုမရှိစေရေးအတွက် တိုင်ကြားရန်ဌာနများ အမြန်ဆုံးဖွင့်လှစ်ခြင်း၊ စည်း မျဉ်းချိုးဖောက်သူများကို တိကျစွာ ဖော်ထုတ်အရေးယူခြင်း၊ လိုအပ်ပါက လုံခြုံရေးအစောင့်အရှောက်ထားရှိခြင်း စသည့်တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး မေ ၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ယမန်နေ့က တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ နှင့် အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

လှူဒါန်းမှု ပြုလုပ်ရာတွင် ဒေါက်တာ ဗိုလ်ဗိုလ်မောင်(စော်ဘွားလေး ဗိုလ်ဗိုလ်မောင်) က ငွေကျပ် ၁၆၂၅၀၀၀ တန်ဖိုးရှိ 3M ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်း အခု ၁၀၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ လည်းကောင်း၊ ကွန်းခိုရာဖောင်ဒေးရှင်း (Haven Foundation)၊ မြို့လှသကြားစက်၊ ရေတာရှည်မြို့နယ်မှ ဦးအောင်မြင့် (ဒါရိုက်တာ)၊ ဦးနေလင်းအောင် (လက်ထောက်မန်နေဂျာ) ရန်ကုန်မြို့တို့မှ အလှူငွေကျပ်သိန်း ၃၀၀ ကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး လှမျိုးရွှေထံသို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် Three sallow construction မိသားစုတို့က ငွေကျပ် ၁၉၆၀၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ အသိပညာပေးပိုစတာအခု ၅၆၀၀ ကို တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့လည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဧရာဝတီတိုင်းဒေသကြီး၏ ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေလှူဒါန်း

**ပုသိမ် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်များ ဆောင်ရွက်ရန် အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်း က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၁ ၌ ကျင်းပသည်။

IME Foundation. မှ ငွေကျပ် ၁၁၆၂၉၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀ ၊ နှာခေါင်းစည်းအခု ၁၀၀၀၀ ၊ လက်သန့် ဆေးရည်ဘူး၇၀၀ ၊ Thermometer ရှစ်ခု၊ VNVN (alcohol spray) ဘူး ၁၀၀၊ Sodium Hypochlorite(5 GL) ဘူး ၂၀ ၊ Sprayarc ငါးဘူး၊ လက်ဆေးဆပ်ပြာ အခု ၁၀၀၊ လက်သန့်ဆေးရည် (500 ml) ဘူး ၅၀ ကိုလည်းကောင်း၊ ဒေင်အုပ်စု ကုမ္ပဏီလီမိတက်နှင့် ညီနောင်ကုမ္ပဏီများ ဖြစ်သော မြန်မာ့ရွှေ့ဆောင်ဘဏ်၊ Denko Trading ကုမ္ပဏီလီမိတက်နှင့် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်တို့မှ ဆန်အိတ် ၁၀၀၀ ကိုလည်းကောင်း၊ ကျော် ညီမြတ် (Electrical Trading) ကုမ္ပဏီမှ ငွေကျပ် ၁၈၇၇၅၀၀ တန်ဖိုးရှိ ကျန်းမာရေးသုံးပစ္စည်းများကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်း အမှတ် (၉) မှငွေကျပ် ၁၀ သိန်း၊ ဦးမြင့်လွင် ကေခိုင်ဦးကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး မေ ၉**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ စနစ်တကျစီမံအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်ပနိုင်ငံများနှင့် ပြည်နယ်ပြင်ပမှ ရောက်ရှိလာနိုင်သည့် ပြည်သူများအား စနစ်တကျဖြင့် ကျန်းမာရေးစစ်ဆေးစောင့်ကြပ်ကြည့်ရှုနိုင်ရေး၊ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရန် ပြုလုပ်ထားရှိသည့်နေရာများကို မြို့ပေါ်များတွင်သာမက ကျေးရွာများအထိ ညွှန်ကြားချက်နှင့်အညီ စနစ်တကျဆက်လက်ဆောင်ရွက် ထားရှိနိုင်ရေး၊ အသိပညာပေးနှိုးဆော်သည့်လုပ်ငန်းများနှင့် လုံခြုံရေးကိစ္စများအပါအဝင် ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးဝိုင်းဝန်းဆွေးနွေးကြရန် အမှာစကားပြောကြားသည်။

ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ငွေစံက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း ဒေသတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစစ်ဆေး မှု၊ ကုသမှုများနှင့် မြို့နယ်အလိုက် သံသယလူနာများ၊ စောင့်ကြည့် လူနာများ နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ပြည်နယ်အဆင့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများ အပေါ် အကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများ၊ လုပ်ငန်းအစီအမံများအပေါ် လိုအပ်သည် များကို ဖြည့်စွက်ဆွေးနွေးပြီးနောက် ကော်မတီလုပ်ငန်းတာဝန်များကို အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်းသိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# လှိုင်ကော်မြို့နယ်ပညာရေးမှူးရုံး ဂိုဒေါင်ဆောက်လုပ်ရန်ငွေလှူ

**လှိုင်ကော် မေ ၉**

လှိုင်ကော်မြို့နယ်ပညာရေးမှူးရုံး၏ ကျောင်းသုံးစာအုပ်များ၊ သင်တန်းလက်စွဲများ သိုလှောင်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော ပေ (၆၀x၁၈) ရှိ ဂိုဒေါင်ဆောက်လုပ်ပေးနိုင်ရေး ပညာရေးဝန်ထမ်းများနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ တွေ့ဆုံပွဲများတွင် တင်ပြထားရှိခဲ့ရာ အမှန်လိုအပ်သည့် ဂိုဒေါင်ဆောက်လုပ်ရာတွင် ငွေကျပ် ၁၃၂ သိန်းကုန်ကျမည်ဖြစ်ပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၂ သိန်းနှင့် လိုအပ်သော ငွေကျပ်သိန်း ၅၀ အား "မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း (မလှိုင်)" မှ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းငွေကျပ်သိန်း ၅၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးတို့က ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးနှင့် မြို့နယ်ပညာရေးမှူးတို့ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**

# မြဝတီမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် အလှူငွေနှင့်ရေသန့်ဘူးများ လှူဒါန်း

**မြဝတီ ဧပြီ ၉**

ထိုင်းနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကရင်ပြည်နယ် မြဝတီမြို့တွင် စီစဉ်ထားသော ကန့်သတ်စောင့်ကြည့်ရေး စခန်းများတွင် ကန့်သတ်စောင့်ကြည့်လျက်ရှိရာ အဆိုပါစခန်းများရှိ နေရပ်ပြန်များ စားသောက်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့်စေတနာရှင် ပြည်သူများက လာရောက် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဘားအံမြို့ ထွန်းမိသားစု အိမ်ဆောက်ပစ္စည်းဆိုင်မှ လှူဒါန်းသည့် လှူဒါန်း ငွေကျပ် လေးသိန်းနှင့် ရေသန့်ဘူး ၇၆၈ ဘူးတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်မှ အလှူရှင် ကိုယ်စား ယမန်နေ့ နံနက် ၉ နာရီခွဲက မြဝတီမြို့ အထက ၁ စခန်းသို့ လာရောက်လှူဒါန်းရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ အထက ၁ စခန်းတာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။



မြဝတီမြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် ငွေနှင့်ရေသန့်ဘူးများ လှူဒါန်းစဉ်

မြဝတီမြို့နယ်အနေဖြင့် ထိုင်းနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် စခန်းငါးခုဖွင့်လှစ်ထားရှိလျက်ရှိရာ ရေသန့်ဘူးများအား အခြားစခန်းများသို့ပါ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့ ကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိရာ အ-ထ-ကကျောင်း၌ နေရပ်ပြန်ပြည်သူ ၄၉ ဦး ထပ်မံဝင်ရောက်

**ကြာအင်းဆိပ်ကြီး ဧပြီ ၉**

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် တစ်ဖက်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ နယ်စပ်(ချက်ပွိုင့်)ဂိတ်မှ ပြန်လည် ဝင်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်ပြည်သူများအား ကြာအင်းဆိပ်ကြီးမြို့အခြေခံပညာ အထက်တန်းကျောင်း၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှု ၁၄ ရက်ကြာထားရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ ထိုသို့ ကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိရာ ကျောင်းသို့ ယမန်နေ့ ညနေ ၅ နာရီက နေရပ်ပြန်ပြည်သူ ပဲခူးတိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေးမှငါးဦး၊ ရေဝတီမှ ခုနစ်ဦး၊ မကွေးမှ ၁၅ ဦး၊ တနင်္သာရီမှ ကိုးဦး၊ ပြည်ထောင်စုနယ်မြေနေပြည်တော်မှ သုံးဦး စုစုပေါင်း ၄၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိရာ စာသင်ကျောင်းသို့ ဧပြီ ၄ရက်မှ ၈ရက်အထိ တစ်ဖက်ထိုင်းနိုင်ငံမှ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်ပြည်သူ ၁၂၄ ဦးအား ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုထားလျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီးဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အဆင်ပြေစွာနေထိုင်စားသောက်နိုင်ရေးအတွက် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာကျော်ဇင်ထွန်းနှင့်ဝန်ထမ်းများက ကျန်းမာရေးကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**



ကြာအင်းဆိပ်ကြီးမြို့၌ ပြည်ပမှ နေရပ်ပြန် ပြည်သူများအား တွေ့ရစဉ်

# ARSA အကြမ်းဖက်အဖွဲ့၏ ယာယီစခန်းတစ်ခု ဖော်ထုတ်ရရှိ

**နေပြည်တော် ဧပြီ ၉**

ARSA နှင့် AA အကြမ်းဖက်အဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ကျူးလွန်လျက်ရှိသဖြင့် ၎င်းအကြမ်းဖက်အဖွဲ့များ ခိုအောင်းနိုင်သည့် နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး အာမခံချက်ရှိစေရန် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ARSA အကြမ်းဖက်အဖွဲ့အနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသတွင် စိမ့်ဝင်၍ အဖျက်အမှောက်နှင့် တိုက်ပွဲများ ဖော်ဆောင်ရန်ရှိကြောင်း သတင်းရရှိခဲ့ပြီး ရရှိသောသတင်းဆက်အရ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်စပ်ဒေသလုံခြုံရေးနှင့် နယ်မြေလုံခြုံရေးအား ပိုမိုဂရုစိုက် အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်စဉ် မောင်တောမြို့နယ် ခမောင်းဆိပ်ရွာ၏ အနောက်ဘက်မိုင် ၂၅၀၀ ခန့် အကွာနေရာသို့အရောက်၌ နေရာ ၂ နေရာမှ မသင်္ကာဖွယ်ရာ တဲ ၂ လုံးအား တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ရာ လက်နက်ငယ်ကျည်၊ လမ်းလျှောက်စကားပြောစက်၊ ပြောက်ကျားဝတ်စုံ လည်တိုဖိနပ်၊ ဆန်၊ ဆီနှင့် အာလူးများ၊ ဆေးမျိုးစုံထည့်ထားသည့်အိတ်၊ လက်ကိုင်ဖုန်း၊ မှန်ပြောင်း၊ ပလတ်စတစ်အိတ်များ၊ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် UNHCR မှ ထုတ်ပေးထားသည့် ကတ်ပြားတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA အကြမ်းဖက်အဖွဲ့တို့ မကြာခဏ ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိပြီး ဧပြီ ၅ ရက်တွင် ပုဏ္ဏားကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၇၀၀၀ ခန့် အကွာတွင် AA အကြမ်းဖက်အဖွဲ့ဝင်များ အခြေပြုထားသော ယာယီနေရာတစ်ခုအား သိမ်းဆည်းရမိခဲ့ကာ ဖြစ်စဉ်တွင် ပစ်ကျင်းများ၊ ခဲယမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် NGO အဖွဲ့အစည်းများမှ စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့လှူဒါန်းထားသည့် ရိက္ခာပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**


## ဦးတင်အောင်ထွန်း ၁၀/မဒန(နိုင်)၀၀၇၅၃၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေများမှ ၈-၄-၂၀၂၀ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြခဲ့သော ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ Tint Tint Myanmar Group of Companies သိရှိလိုက်နာစေရန် အသိပေးကြေညာချက်အပေါ် ဒေါ်တင့်တင့်လွင်ဘက်မှ တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ Tint Tint Myanmar Group of Companies ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ လူကြီးမင်း ဦးတင်အောင်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သော ၈-၄-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြထားသောအချက်များသည် ပကတိဖြစ်ရပ်များနှင့် များစွာဆန့်ကျင် ကွဲလွဲလျက်ရှိကြောင်း သိရပါ သည်။

၂။ လူကြီးမင်းအနေဖြင့် ကျွန်ုပ်တို့မိတ်ဆွေ၏ Yarra အထည်ချုပ်လုပ်ငန်းတွင် ရှယ်ယာထည့်ဝင်ခဲ့သော ငွေမှာ သိန်း(၁၅၀၀)တန် အစုရှယ်ယာ(၂)စောင်သာဖြစ်ပြီး ထိုရှယ်ယာ(၂)စောင်အတွက် ထိုက်သင့်သော အကျိုးအမြတ်များကို ခံစားရရှိစေခဲ့သည့်အပြင် လူကြီးမင်းတို့ မိသားစုနေထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/စအေ၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်(၇) အကျယ်အဝန်း(အလျား ပေ ၈၀ x အနံ ၅၈ပေ)၊ (၄၆၄၀)စတုရန်းပေ၊ ၀ဒသမ ၁၀၆ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၇)၊ ပုလဲလမ်းဟု ခေါ်တွင်သည့် ရေမီးစုံပါ (R.C )နှစ်ထပ် အဆောက်အအုံအားလည်းကောင်း၊ Super Seven Stars Co.,Ltd မှ (Hp )စနစ်ဖြင့် ဝယ်ယူထားသောမော်တော်ယာဉ်အမှတ် (3P-7277)၊ ယာဉ်အမျိုးအစား (Sportage) ယာဉ်တို့အားလည်းကောင်း၊ ယုံကြည်မှုဖြင့် အပ်နှံ၍ အခမဲ့နေထိုင် အသုံးပြုခွင့်ပေးထားသည်ဟု သိရပါသည်။

၃။ ယခုအခါ Yarra အထည်ချုပ်လုပ်ငန်းမှာ ရပ်ဆိုင်းထားပြီး စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန် ပြုလုပ်ဆောင်ရွက်နေကြောင်း လူကြီးမင်းသိရှိပြီးဖြစ်ပါသည်။ ထို့အပြင် လူကြီးမင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေအကြားတွင် တရားဝင်နှစ်ဦးနှစ်ဖက် စာရင်းတိုက်ဆိုင်ရှင်းလင်းခြင်း၊ လူကြီးမင်းအား အခမဲ့နေထိုင်အသုံးပြုခွင့်ပေးထားသည့် အိမ်ခြံမြေနှင့် ယာဉ်များအား ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း စသည်တို့ကို မပြုရသေးကြောင်း ကောင်းစွာသိရှိပါလျက် လူကြီးမင်းသည် အစုရှယ်ယာ၊ လစဉ်အမြတ်ငွေ၊ စိုက်သုံးထားငွေ၊ လုံခြုံရေးဝန်ထမ်းလစာငွေ၊ အခြားငွေများနှင့်ပတ်သက်၍ ငွေကျပ်သိန်းပေါင်းတစ်သောင်းကျော် ပြန်လည်ပေးအပ်ရန်ဟု အထောက်အထားမဲ့အကြောင်းကြားစာများစွာကို ပေးပို့၍ငွေတောင်းခံခဲ့သည်ဟု သိရပါသည်။ ထို့သို့ အထောက်အထားမဲ့ အကြောင်းကြားနေသည့် အပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေက တိကျခိုင်မာသည့် သက်သေအထောက်အထားများပေးပို့သွားပါရန် စာဖြင့်အကြောင်း ပြန်ကြားခဲ့ပြီး ဖြစ်သော်လည်း လူကြီးမင်းဘက်မှ တိကျခိုင်မာသည့် အထောက်အထားများ ပြသနိုင်ခဲ့ခြင်း မရှိဟုလည်း သိရပါသည်။

၄။ ထို့အပြင် လူကြီးမင်း၏ အကြောင်းကြားချက်အရ နှစ်ဦးနှစ်ဖက်ငြိမ်းချမ်းစွာ တွေ့ဆုံဖြေရှင်းနိုင်ရန် ၂၁-၂-၂၀၂၀ ရက် နံနက် ၁၀:၃၀နာရီတွင် Lotte Hotel ၌ကျွန်ုပ်၏မိတ်ဆွေအပါအဝင် ရုံးဝန်ထမ်းအမျိုးသမီးအချို့ဖြင့် လူကြီးမင်းအား လာရောက်တွေ့ဆုံခဲ့သော်လည်း (၅)မိနစ်ခန့်သာ ပြောဆိုခဲ့ရပြီး ထိုသို့ပြောဆိုရာတွင်လူကြီးမင်း၏ ကြမ်းတမ်းစွာအော်ဟစ်ပြောဆိုခဲ့မှုများကြောင့် ဆက်လက်ညှိနှိုင်းရန် မဖြစ်တော့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ပြန်လာခဲ့ရသည်ဟုလည်း သိရပါသည်။

၅။ ထို့နောက်ပိုင်းတွင်လည်း လူကြီးမင်းက ထိုအကြောင်းအရာများကိုပင် တိကျခိုင်မာသည့် အထောက်အထားပြသနိုင်ခြင်းမရှိဘဲ ရှေ့နေဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း အကြောင်းကြားစာများစွာကို ပေးပို့၍ အထပ်ထပ်အခါခါတောင်းခံနေပြီး ကျွန်ုပ်တို့၏ မိတ်ဆွေထံ ပြန်လည်အပ်နှံရမည့် နေအိမ်ခြံမြေနှင့် မော်တော်ယာဉ်ကို ပြန်လည်အပ်နှံခြင်း မပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက တရားရုံးတွင်သာ တရားဝင်ရှင်းလင်းကြရန်၊ သတင်းစာတွင် ထည့်သွင်းကြေညာမည်ဟု ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ရန် ကြိုးစားခြင်း၊ အရှက်တကွဲဖြစ်အောင် လုပ်ဆောင်ခြင်းများ မပြုလုပ်ရန်နှင့် လုပ်ဆောင်ပါက တရားဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားထားသည်ဟုလည်း သိရပါသည်။

၆။ ထိုသို့ ပြန်ကြားထားပြီး ဖြစ်ပါလျက် သတင်းစာတွင် မမှန်မကန်ထည့်သွင်း၍ ကြေညာခြင်းဖြင့် ဂုဏ်သိက္ခာကျစေရန် ပြုမူဆောင်ရွက်ခဲ့ခြင်း၊ သတင်းစာပါ Secures Nation Co.,Ltd ကိုယ်စားလှယ်ဆိုသည့် ဦးစိုးဝင်းမော်ထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာတွင် ၈-၄-၂၀၂၀ ရက်စွဲပါ ကြော်ငြာကိစ္စကို ၎င်းသိရှိခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးနိုင်ခြင်းလည်းမရှိဟု ပြန်ကြားခဲ့သဖြင့် ကိုယ်စားလှယ်မဟုတ်သူအား ကိုယ်စားလှယ်ဖြစ်ကြောင်း မမှန်မကန်ဖော်ပြထားခြင်း၊ ကျပ်သိန်းပေါင်း တစ်သောင်းကျော် ပြန်ပေးရန်ဟု အထောက်အထားမဲ့တောင်းခံနေခြင်း၊ တရားရုံးတွင်သာ တရားဝင်ရှင်းလင်းကြရန်ဟု အကြောင်းပြန်ကြားထားပြီးဖြစ်ခြင်း၊ စသည့် အချက်များကြောင့် လူကြီးမင်း၏ အသိပေးစာအား ကျွန်ုပ်တို့၏မိတ်ဆွေက လိုက်နာဆောင်ရွက်သွားရန် အကြောင်းမရှိကြောင်း အသိပေးအပ်ပါသည်။ လူကြီးမင်း၏ကြေညာပါ စကားလုံးများသည် ကျွန်ုပ်တို့ မိတ်ဆွေ၏ ဂုဏ်သိက္ခာအား များစွာ ထိခိုက်နစ်နာခဲ့ ပြီး အများသူငှာတို့အနေဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေနှင့် Tint Tint Myanmar Group of Companies အပေါ် အထင်မှား အမြင်မှားဖြစ်စေရန် ဖော်ပြထားသည့်အတွက် အဆိုပါကြေညာချက်အား ချက်ချင်းပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပြန်လည်တောင်းပန်ရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိခဲ့ပါက ကျွန်ုပ်တို့၏ မိတ်ဆွေအနေဖြင့်လည်း နစ်နာမှုအဝဝအတွက် တရားဥပဒေအရသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေရန် အကြောင်းပြန်ကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| ဒေါ်နီလာဝင်းကျော်(LL.B) | ဒေါ်ယုနွယ်အေး(LL.B) | ဦးအောင်ဇေယျ(LL.B) | ဦးအောင်ကျော်ဖြိုး(LL.B) |
| (စဉ်-၈၈၈၄) | (စဉ်-၁၀၂၉၃) | (စဉ်-၁၄၂၄၅) | (စဉ်-၃၈၉၅၃) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

ဒေါ်ချစ်ချစ်စံ (LL.B) (စဉ်-၄၇၄၆၈) အထက်တန်းရှေ့နေ
အခန်း(၄၀၁)၊ B 6၊ (၃) ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅
(လွှဲအပ်ညွှန်ကြားသူ)
ဒေါ်တင့်တင့်လွင်
Tint Tint Myanmar Group of Companies

## အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း
## ပါမောက္ခ Engr. ဒေါက်တာ မောင်မောင်ဝင်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတုအင်ဂျင်နီယာ ဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ အမှတ် ၂၁၉/၂၂၁ ၊ ရတနာမြိုင်ကွန်ဒို၊ လေးလွှာ၊ အခန်း(4A )နေ ဒေါက်တာငြိမ်းငြိမ်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၈-၄-၂၀၂၀ရက်တွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ Engr. ဒေါက်တာ မောင်မောင်ဝင်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတု အင်ဂျင်နီယာဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)
### အသက်(၈၂)နှစ်

စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီ [Green Myanmar Environmental Services Co.,Ltd.(GMES)] ၏ အတိုင်ပင်ခံပညာရှင်(ကြားကာလ အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်အမှတ် -၀၀၂၇)၊ ရန်ကုန်မြို့နေ ဒေါက်တာ ငြိမ်းငြိမ်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၈-၄-၂၀၂၀ ရက်တွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာ အဖွဲ့နှင့် အကြံပေး ပညာရှင်များ၊ ဝန်ထမ်းများ**
**စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ Engr. ဒေါက်တာ မောင်မောင်ဝင်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတု အင်ဂျင်နီယာဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)
### အသက်(၈၂)နှစ်

မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာအသင်း [ Myanmar Association of Chemical Engineering (MACHE)] ၏ ဂုဏ်ထူးဆောင်နာယက၊ ရန်ကုန်မြို့နေ ဒေါက်တာငြိမ်းငြိမ်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၈-၄-၂၀၂၀ ရက်တွင် အလွှာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများ**
**မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ Engr. ဒေါက်တာမောင်မောင်ဝင်း
## အသက် (၈၂)နှစ်

ရန်ကုန်စက်မှုတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ဆရာကြီး ဒေါက်တာမောင်မောင်ဝင်းသည် ၈-၄-၂၀၂၀ရက်တွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာမိသားစုအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်ရခြင်းအပေါ် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၅ ခုနှစ်**
**ဓာတုအင်ဂျင်နီယာဘွဲ့ရတပည့်များ**

## ဦးကျော်ဝင်း မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာ(၁၅)လမ်း၊ အမှတ် (၆၇၃/က)နေ (ဦးကံညွန့်-ဒေါ်သိန်းနု)တို့၏သား၊ (ဒေါ်အိအိခင်)၏ခင်ပွန်း၊ မောင်ရဲကျော်သူဝင်း၊ မအိမ့်သဉ္ဇာဝင်း)တို့၏ဖခင်သည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်လှ
### အထက(၄) မြောက်ဒဂုံ(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနှင်းလမ်းအမှတ် ၄၈၅နေ (ဦးသိန်းဖေ-ဒေါ်စောရှင်)တို့၏သား၊ (ဦးချစ်စိန်-ဒေါ်မြသောင်း)တို့၏သားသမက်၊ ဒေါ်မေခင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်စိန်)-ဒေါ်ခင်ခင်တင့်၊ (ဦးစောဝင်း)-ဒေါ်သန်းသန်းငွေးတို့၏ အစ်ကို၊ ဒေါ်သင်းသင်းအေး၊ ဦးထွန်းနိုင်စိုး-ဒေါ်သီတာအောင်၊ ဦးထွန်းနိုင်လင်း(PHYO MYANMAR Co.,Ltd) တို့၏ဖခင်၊ တူ၊ တူမ ငါးယောက်၊ ပိုင်သွန်းဆက်၏ အဘိုးသည် ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးတက်ထွန်း(ခ)
## ဦးစိန်မြင့်(ခ)တန်အီတက်
### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရတနာသိခ်လမ်း၊ အမှတ် (၆၈၆)၊ ရွာမ အရှေ့နေ(ဦးတန်စံမွေး-ဒေါ်လိုကာဝါး)တို့၏သား၊ (ဦးစိုးတင့်)၏ညီ၊ (ဒေါ်သန်းသန်းနွယ်)၊ ဦးအီချန်၊ ဒေါ်တင်တင်နွယ်၊ဦးအီနူးတို့၏အစ်ကို ဦးထွန်းထွန်းဝင်း၊ ဒေါ်စောမြတ်သန္တာ၊ ဦး David ဒေါ်ဖူးသဥ္ဇာတို့၏ ဖခင်သည် ၉-၄-၂၀၂၀ရက် နံနက် ၉:၄၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ဦးသိန်းအောင်
### အသက် (၉၂)နှစ်

(ဦးဘတုတ်-ဒေါ်မြစိန်)တို့၏သား၊ ဒေါ်ခင်နွဲ့၊ ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်းနေ ဒေါက်တာဒေါ်လှလှယဉ် (ဝိဇ္ဇာမျက်လုံးဆေးတိုက်)၊ ဒေါ်အေးအေးရီ၊ ဦးပြည့်စုံ၊ ဦးကျော်ညီဝင်း-ဒေါ်ကြွယ်ကြွယ်တိုး(အထက-၂၊ ဗဟန်းတို့၏ဖခင်၊ မယမင်းအိန္ဒြေဦး (ခေတ္တ-Ulsan university Korea) တို့၏ အဘိုးသည် ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလှအောင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၇၁(ခ)နေ (ဒေါ်သိန်းသိန်း)၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်သူ(ငြိမ်း)-ဒေါ်လှဝင်းကြည်၊ (ဦးအောင်ဇော်မင်း)-ဒေါ်စီလေးအောင်(မူပြ၊ငြိမ်း)၊ (ဦးအောင်မိုး-ဒေါ်ရွှေဝါ)တို့၏ဖခင်၊ မြေးကိုးယောက်၊မြစ်သုံးယောက်တို့၏ အဘိုး ဦးလှအောင်(တပ်ကြပ်ကြီး၊ ငြိမ်း)သည် ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၀ ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှအောင်
### အသက်(၈၆)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ်(၂၄)မှ ဗိုလ်မှူးကြီး အောင်သူ(ငြိမ်း)-ဒေါ်လှဝင်းကြည်တို့၏ ဖခင်ဦးလှအောင်သည် ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ရွှေပြည်သာမြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးချို
### အသက်(၈၅)နှစ်

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံဖြန့်ချိရေး)၊ ဦးသိန်းငွေ -ဒေါ်လှလှမြင့် (ရွှေညာသားဆေးမျိုးစုံ ဖြန့်ချိရေး)တို့၏မိခင်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဝင်း-ဒေါ်ခင်လှိုင်မြင့်**
**(ရွှေမန်းတောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနော်ထွယ်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
### ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ်သည် (၈-၄-၂၀၂၀)ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၃း၄၀)နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ပဲခူးမြို့**

## အထူးကျေးဇူးတင်ရှိခြင်း

၄-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးအောင်စောဦး ဒု/အင်ဂျင်နီယာချုပ်(ငြိမ်း) မကျန်းမာစဉ် အထူးဂရုစိုက် ကုသပေးသော အာရှတော်ဝင် ဆေးရုံမှ အထူးကုဆရာဝန် ဒေါက်တာ ဒေါ်ဆွေဆွေသက်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါအထူးကု(ဓာတ်ရောင်ခြည်) မှ ဒေါက်တာ ဒေါ်ဝါဝါမဥ္ဇူ၊ ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာရှိကြီးများနှင့်ဝန်ထမ်းများ၊ ပတ္တမြားFM မှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်း များအသင်း၊ စိန်ဂွျန်းကျောင်းသားဟောင်းများအသင်း၊ RIT 1980-1983, B.E(EC/EP) အတန်းဖော်သူငယ်ချင်းများ၊ Forever Group Co.,Ltd, MRTV-4, Channel 7, Mandalay F.M Teen Radio ဝန်ထမ်း မိသားစု၊ ရပ်ဝေးရပ်နီးမှ အားပေးစကားပြောကြားသော ဌာနအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒုတိယဗိုလ်မှူးကြီးလင်းနိုင်(ငြိမ်း)၊ တေဇ (၂)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းရေတာရှည်လမ်းဟောင်း၊ အမှတ် ၂၃ (A-6) နေ ဒေါ်တင်တင်ဖုန်း၏ခင်ပွန်း၊ ယာယီခွဲမှူး (ဗိုလ်မှူး)ဗိုလ်ကြီး နေဇော်လင်းနိုင်၊ (မအိစကား ဝါလင်းနိုင်)တို့၏ဖခင်သည် ၉-၄-၂၀၂၀ရက် နံနက် ၈:၀၇ နာရီတွင် သဃ်န်းညီနောင် ကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် သဃ်န်းညီနောင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၀ရက် နံနက် ၆နာရီတွင် သဃ်န်းညီနောင်ကျေးရွာ၊ အမှတ် (၃၅၆) ခြေမြန်တပ်ရင်း၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလင်းနိုင်(ငြိမ်း)၊ တေဇ (၂)
### အသက် (၆၉)နှစ်

ဒုတိယဗိုလ်မှူးကြီးလင်းနိုင် တေဇ(၂)သည် ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈:၀၇နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၉)မှ ညီငယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## နာယက၊ သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)
## အငြိမ်းစားရဲမှူးကြီး ဦးသာဦး
### အသက် (၈၄)နှစ်

သဲကုန်းမြို့ သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်၏ အထူးကုဆရာ ဝန်ကြီးများ နားနေဆောင်နှင့် နာရေးကူညီမှုအသင်း မီးသင်္ဂြိုဟ်စက် အကောင်အထည်ဖော်ရေးလုပ်ငန်း၏ မတည်အလှူရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး ဖြစ်သူ မီးရထားရဲတပ်ဖွဲ့ အငြိမ်းစားရဲမှူးကြီး ဦးသာဦးသည် ၅-၄-၂၀၂၀ရက် ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ငွေ
### (ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေး-ညွှန် ဦးစီးဌာန)
### မွေး-ရေ ဝန်ကြီးဌာန
### အသက်(၆၅)နှစ်

(ဦးဘမြင့်)-ဒေါ်အေးကြည်တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၁၇၊ ပထမထပ်နေ ဦးထွန်းထွန်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးဉာဏ်ဖြိုး(မြန်မာ့အလင်း-ငြိမ်း)-ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း (အစိုးရအဖွဲ့ရုံး-ငြိမ်း)-ဒေါ်ခင်ရီဝင်း၊ ဦးသက်ဇင်မောင်(ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန)၊ -ဒေါ်ရီရီဝေ(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးသိန်းဇော်-ဒေါ်လှလှရီ၊ ဦးခင်မောင်ဦး-ဒေါ်သက်သက်ဝေ၊ ဦးအောင်နိုင်ထွေး-ဒေါ်သင်ဇာအောင်တို့၏အစ်မ၊ ကိုချမ်းငြိမ်းအောင်-မရွှေရည်ဝင်းထွန်း(PROTAG Engineering Co.,Ltd)၊ ကိုဇင်မင်းဦး(ခေတ္တ-စင်ကာပူ)-မမေဦးခိုင်၊ ဗိုလ်ကြီးအောင်မျိုးထွန်း(က.ရ.တ)တို့၏မိခင်၊ မြေးတစ်ယောက်၏ အဘွားသည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၂၀ ရက်တွင် လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၁၇နေ အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ငွေ
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊
### မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၅)နှစ်

မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်တင်တင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)သည် ၈-၄-၂၀၂၀ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ ဝန်ထမ်းဟောင်းများ**

## ဦးမောင်မောင်
### အောင်ဘာလေသိန်းဆုဌာနခွဲ(ငြိမ်း)
### ပြည်တွင်းအခွန်များဦးစီးဌာန
### အသက် (၆၃)နှစ်

(ဦးချစ်တီး-ဒေါ်လှတင်)တို့၏သား၊ ဦးချစ်ဆွေ၊ (ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့(ငြိမ်း)-ဒေါ်ဝင်းမြိုင်၊ ဦးချစ်အောင်-ဒေါ်မြမြသွယ် (ဂိုးပါဝါကုမ္ပဏီလီမိတက်) တို့၏ ညီ၊ ဒေါ်သန်းသန်းအေး၊ (ဂိုးပါဝါကုမ္ပဏီလီမိတက်-မန္တလေးတိုင်းအရောင်းကိုယ်စားလှယ်)၏ မောင်၊ ဒေါ်မြမြ၊ (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း)၏ အစ်ကို၊ ဒေါ်ချိုချိုစိန်(မီကိုကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၀-၄-၂၀၂၀ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# တပ်မတော်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများနှင့်တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒



ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ ဓာတ်ပုံ– တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## သက်ထားသူဇာ ယှဉ်ပြိုင်နေသည့် BWF ပြိုင်ပွဲများ ဇူလိုင်အထိ ထပ်မံရပ်နား

**နေပြည်တော် မေ ၉**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်နေသည့် BWF ကြက်တောင်ပြိုင်ပွဲများမှာ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်– ၁၉ ရောဂါကြောင့် ဇူလိုင်လကုန်အထိ ထပ်မံရပ်နားသွားမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF) သည် ကိုဗစ်– ၁၉ ရောဂါကြောင့် ယခင်က မေ ၁၂ ရက်အထိ ပြိုင်ပွဲများကျင်းပမှုကို ရပ်နားထားသော်လည်း ရောဂါအခြေအနေမှာ ထိန်းချုပ်နိုင်ခြင်း မရှိသေးသောကြောင့် ရက်ပေါင်း ၉၀ ကျော် ထပ်မံရပ်နားခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် Grade – 2 နှင့် Grade – 3 ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ကိုဗစ် – ၁၉ ရောဂါကြောင့် မတ်လ ကတည်းက ပြိုင်ပွဲများရပ်နားခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရန် BWF က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ကိုဗစ်–၁၉ရောဂါ ကြောင့် အိုလံပစ်ပြိုင်ပွဲကို တစ်နှစ်ရွှေ့ဆိုင်းခဲ့သလို အိုလံပစ်ဝင်ခွင့်အတွက် ပြိုင်ပွဲများ ယှဉ်ပြိုင်မှုကိုလည်း ရပ်နားထားရသည်။ သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲ ရွှေ့ဆိုင်းခဲ့သော်လည်း အိုလံပစ်ဝင်ခွင့်ကြိုးပမ်းမှုကို ရပ်တန့်သွားမည်မဟုတ်ဘဲ ပြိုင်ပွဲများ ပြန်လည်ကျင်းပပါက ဝင်ရောက်ယှဉ်ပြိုင်ကာ ကြိုးပမ်းမည်ဖြစ်သည်။

သက်ထားသူဇာသည် ယခုနှစ်အတွင်း ပြိုင်ပွဲသုံးခုသာ ယှဉ်ပြိုင်ရသေးပြီး ဥရောပနိုင်ငံများတွင် ပြိုင်ပွဲများယှဉ်ပြိုင်ရန် သက်ဆိုင်ရာနိုင်ငံများသို့ ရောက်ရှိပြီးမှ ပြိုင်ပွဲများ ပျက်ပြယ်ခဲ့သောကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရခြင်းဖြစ်သည်။

ညီမြတ်သော်တာ

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့ကူညီမှု ငါးမျိုး အခမဲ့ထောက်ပံ့ခြင်း မေ ၁၀ ရက် (ယနေ့တွင်) စတင်ဖြန့်ဖြူးမည်

**နေပြည်တော် မေ ၉**

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေး နှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိသာနှင့် ကြက်သွန်နီ တစ်ပိသာ စုစုပေါင်းထောက်ပံ့ကူညီမှု ငါးမျိုးစီကို မေ ၁၀ ရက်မှစတင်၍ အခမဲ့ ထောက်ပံ့ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုသို့ အခမဲ့ထောက်ပံ့ ဖြန့်ဖြူးပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရိက္ခာဖြန့်ဖြူးရေးအစီအစဉ်အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြရန်နှင့် စေတနာဟာ ဝေဒနာမဖြစ်ရအောင်၊ စည်းစနစ်နှင့် လောဘဒေါသများကို ဟန့်တားပေးကြရန် တိုက်တွန်းထားသည့်အပြင် လိုအပ်နေသူ မည်သူကိုမျှ မချန်ထား၍ စောင့်ရတာလေးတွေရှိရင် သည်းခံစိတ်ရှည်ပေးကြရန် မေတ္တာရပ်ခံထားသည်။

ယခုကဲ့သို့ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထောက်ပံ့လှူဒါန်းပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြသည့် ဝင်ငွေနည်းအိမ်ထောင်စုစာရင်းများကို Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီမှ တာဝန်ရှိသူများက စိစစ်လျက်ရှိပြီး နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မေ ၁၀ ရက်မှစတင်၍ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်လျှံ

## သင်္ကြန်ကာလ အသွားအလာကန့်သတ်ခြင်းအစီအစဉ်အတွင်း မဖြစ်မနေသွားလာရမည့်သူများအတွက် YBS ယာဉ်အစီးရေ ၁၀၀၀ ကျော်ဖြင့် သယ်ယူပို့ဆောင်ပေးမည်

စာ–၄

## အောင်လံမြို့နယ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ကြက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်

စာ–၁၁

